http://www.cherrythitsar.org

စိတ်ကူးချိုချို

# ဆင်းရဲသော ဖေဖေ ချမ်းသာသော ဖေဖေ

ညီသစ်ပြန်ဆိုသည်

Robert T. Kiyosaki's
RICH DAD,
POOR DAD

http://www.cherrythitsar.org

# စိတ်ကူးချိုချိုအနုပညာ

(ဂ၅)။ အိမ်ငှ-လယ်မြ၊
ထာဝမွှေး ရန်ကုန်။
ဖုန်း - ၇၂၆၆၂၄

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေးရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.cherrythitsar.org


| | |
|---|---|
| စာမူခွင့်ပြုချက် | ၆၉/၂၀၀၃ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၆၂/၂၀၀၃ (၂) |

| | |
|---|---|
| မျက်နှာဖုံး | က.ဒ.ဝ |
| စာအုပ်ချုပ် | ဦးမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ်၊ ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ၊ ၂၀၀၃ |
| တန်ဖိုး | ၄၅၀ ကျပ် |

http://www.cherrythitsar.org

# ဆင်းရဲသောဖေဖေ
# ချမ်းသာသောဖေဖေ

ညီသစ်
ပြန်ဆိုသည်

**ROBERT T. KIYOSAKI'S**
**RICH DAD, POOR DAD**

၂၀၀၃ ခုနှစ် ဧပြီလ

"ချမ်းသာတဲ့ဖေဖေ၊ ဆင်းရဲတဲ့ဖေဖေ" စာအုပ်သည် ဤစာရေးဆရာ ရောဘတ်ကီယိုဆာကီ၏ ဖခင်ဖြစ်သူ **ပီအိတ်ချ်ဒီ** ဘွဲ့ရပညာရေးဌာန အကြီးအကဲ (ကွယ်လွန်) နှင့် သူ၏ အခင်မင်ဆုံး သူငယ်ချင်း၏ဖခင် (အသက် ၁၃ နှစ်တွင် ကျောင်းမှထွက်၍ ဟာဝိုင်အီမြို့တွင် အချမ်းသာဆုံး စာရင်းဝင် တစ်ယောက်ဖြစ်လာသူ)တို့၏ ငွေကြေးနှင့်ပတ်သက်သည့် သင်ခန်းစာပေး တကယ့်ဖြစ်ရပ်မှန် အဖြစ်အပျက်များပင် ဖြစ်ပါသည်။ ဤစာအုပ်သည် ရေးနေကျစာအုပ်များမှ လမ်းခွဲထွက်ကာ မိတ်ဆွေအတွက် ကြီးပွားရာလမ်းကြောင်း နည်းပုံစံအသစ်များကို ရှာဖွေပေးထားပြီး မူးပဲမှအစ ငွေတွေလက်ထဲတွင် များပြားစွာ စုဆောင်းမိမှ ချမ်းသာရမည်မျိုး မဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် ပင်စင်စားဘဝ ရောက်သည်အထိ ချမ်းသာစွာ နေထိုင်နိုင်သော နည်းလမ်းများကို ဖော်ပြထားပါသည်။ သင်သည် ချမ်းသာသူတစ်ဦးဖြစ်လာရန်အတွက် ဝင်ငွေများလှသော အလုပ်အကိုင်မျိုးကို ရှာဖွေလုပ်နေရန်လည်း မလိုပေ။ သင့်အတွက် အမှန်တကယ်လိုအပ်နေသည်မှာ ငွေကြေးနှင့်ဆိုင်သော ပညာရေး ဖြစ်၍ ထိုပညာရပ်ကို ဤစာအုပ်က သင့်အား ပေးစွမ်းနိုင်မည် ဖြစ်သည်။

♦

http://www.cherrythitsar.org



Robert T. Kiyosaki

## ဤစာအုပ်ရေးသူ၏အကြောင်း

ဟာဝိုင်အီတွင် မွေးဖွားကြီးပြင်းခဲ့ရသော ရောဘတ် ကီယိုဆာကီသည် စတုတ္ထမြောက် ဂျပန်၊ အမေရိကန် သွေးပါသူ မျိုးဆက်တစ်ဦး ဖြစ်သည်။ သူသည် နယူးယောက်တွင် ဘွဲ့ရပြီးနောက် ရေတပ်သို့ ဝင်ရောက်ကာ ဗီယက်နမ်နိုင်ငံသို့ ဟယ်လီကော်ပတာ သေနတ်တပ်ဖွဲ့၏ အရာရှိပိုင်းလော့အဖြစ် ရောက်ရှိသွားသည်။ စစ်မြေပြင်မှ ပြန်ရောက် လာသောအခါ ရောဘတ်သည် ဇီရော့စ်ကော်ပိုရေးရှင်း Xerox coporation တွင် ဝင်ရောက်လုပ်ကိုင်ပြီးနောက် ၁၉၇၇ ခုနှစ်တွင် ကိုယ်ပိုင် ကုမ္ပဏီတစ်ခု တည်ထောင်လိုက်သည်။ ထို့နောက်

http://www.cherrythitsar.org



ပထမဦးဆုံး နိုင်လွန်နှင့်ဗယ်လ်ခရို လက်ကိုင်အိတ်များကို ဈေးကွက်ထဲသို့ တင်သွင်းခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတကာ ပညာရေးကုမ္ပဏီတစ်ခု တည်ထောင်သည်။ သူသည် ထိုကုမ္ပဏီမှတစ်ဆင့် ကမ္ဘာအနှံ့အပြားရှိ လူထောင်ပေါင်းများစွာတို့ကို စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပညာရပ်များ ပို့ချခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သူ၏ လုပ်ငန်းများ အားလုံးကို ရောင်းချလိုက်ပြီး အသက် ၄၇ နှစ်အရွယ်တွင် အငြိမ်းစားယူခဲ့သည်။ သူ အငြိမ်းစား ယူပြီး မကြာမီမှာပင် "ဆင်းရဲတဲ့ဖေဖေ၊ ချမ်းသာတဲ့ ဖေဖေ"စာအုပ်ကို ရေးသားခဲ့သည်။ထိုစာအုပ်သည် နယူးယောက်တိုင်းမ် မဂ္ဂဇင်းကြီး၏ နံပါတ်တစ် ရောင်း အကောင်းဆုံး စာရင်းဝင်ဖြစ်လာခဲ့သည်။ ထို့နောက် ထိုစာအုပ်ကို အသံလွှင့်ကာတင်ဆက်ခဲ့သည်။ အသံလွှင့် အစီအစဉ်တွင်လည်း အလွန်ပင် အောင်မြင်ခဲ့သည်။ သူသည် အသံလွှင့် တင်ဆက်သည့် အစီအစဉ်များတွင် ချမ်းသာသောဖေဖေ၏ ငွေကြေးလျှို့ဝှက်ချက်များ၊ စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု လျှို့ဝှက်ချက်များထည့်သွင်းတင်ဆက်ခဲ့ပြီး ထိုလျှို့ဝှက် ချက်များမှ မည်သို့ အမြတ်ထုတ်နိုင်မည် ဆိုသည့် အစီအစဉ်ကိုပါ တင်ဆက်ခဲ့သည်။ ရောဘတ်ကီယိုဆာ ကီသည် လက်ရှိအချိန်၌ သူ၏ မိသားစုနှင့်အတူ ဖီးနစ် မြို့တွင် နေထိုင်လျက် ရှိပါသည်။

♦

# အမှာစကား
# ချမ်းသာသည့်သူ၏ ဥပဒေသစ်များထဲမှ အမြတ်ထုတ်ခြင်း

ချမ်းသာသူများသည် ကျွန်တော်တို့လို လူတွေနှင့် မတူသော နည်းဥပဒေသတွေအတိုင်း လိုက်နာကျင့်သုံး သောကြောင့် သင့်အနေနှင့် ထိုဥပဒေသသစ်များထဲမှ ငွေကြေးကို အမြတ်ထုတ်နိုင်မည် ဖြစ်သည်။

ကျွန်တော်တို့ အများစုသည် ကျောင်းသွား၊ အတန်းတွေတက်၊ လုံခြုံစိတ်ချရသည့် အလုပ်တစ်ခုတွင် မြဲအောင်လုပ်၊ ကြိုးကြိုးစားစားလုပ် . . စသည့် ပုံစံခွက် စည်းမျဉ်းဥပဒေထဲတွင် ကြီးပြင်းလာခဲ့ကြရသည်။

သို့သော် ချမ်းသာသူများကတော့ ကျွန်တော် တို့နှင့် ပုံစံခြားနားသော နည်းစနစ်များကို တည် ဆောက်၍ ကျင့်ကြံလိုက်နာနေထိုင်သည်။ အမှန်အတိုင်း ဆိုရလျှင် ချမ်းသာသူများသည် ကျွန်တော်တို့ လူများစု

http://www.cherrythitsar.org


မသိကြသော ကမ္ဘာတစ်ခုထဲတွင် နေထိုင်ကြသူများပင် ဖြစ်ကြသည်။

ချမ်းသာသူများသည် အခွန်နည်းနည်းသာ ပေးပြီး သူတို့အိတ်ကပ်ထဲသို့ ငွေတွေ မရပ်မနား ဝင်လာမည့် နည်းလမ်းတစ်ခုအပေါ်တွင် သူတို့၏ဘဝကို ဆောက်တည်ထားကြသည်။ တစ်ချိန်တည်းမှာပင် သူတို့အတွက် အမြတ်အစွန်းကျန်မည့် အပေါ်တွင်သာ သူတို့၏ ငွေတွေကို သုံးနေကြသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ချမ်းသာသူများ၏ နည်းလမ်းဥပဒေသများ သည် သူတို့ကို ချမ်းသာမှုပေးမည့် နည်းတွေသာဖြစ် သည်။

စတော့ဈေးကွက်ထဲတွင် မည်သူသည်သာ အမှန်တကယ် ချမ်းသာနေကြသည်ကို စဉ်းစားကြည့်ပါ။ အိမ်ကိစ္စများတွင် ၁၀% သာ ဆုပ်ကိုင်၍ အစုရှယ်ယာ လုပ်ငန်းများတွင် ၉၀% ပါဝင်နေသော ချမ်းသာသူများ ၏ အနေအထားကို မိတ်ဆွေ သဘောပေါက်ပါရဲ့လား။ အမှန်တကယ်တွင်လည်း ချမ်းသာသူ ၁၀%သည် နိုင်ငံ ၏ စုစုပေါင်းကြွယ်ဝမှုကို ၁၉၉၇ခုနှစ်က ၇၃%အထိ ပိုင်ဆိုင်ထားခဲ့ကြပါသည်။

တစ်နည်းအားဖြင့် ဆိုရလျှင် ချမ်းသာနေသူ များသည် ချမ်းသာပြီးရင်း ချမ်းသာနေကြ၍ အလယ် အလတ်တန်းစားတို့သည် ချမ်းသာသူများ၏ ဘဝပုံစံကို မီအောင်ကြိုးစားနေရာမှ အကြွေးပင်လယ်ထဲသို့ နစ်ပြီး

http://www.cherrythitsar.org



ရင်းနှစ်နေကြခြင်းကပင် ချမ်းသာသူများအား ချမ်းသာနေစေမည့် အကြောင်းအရင်းပင် ဖြစ်လာသည်။

ကိုယ်ထူးကိုယ်ချွန်၍ သန်းကြွယ်သူဌေးဘဝသို့ ရောက်လာသော ရောဘတ်ကီယိုဆာကီသည် သူ၏ ချမ်းသာသော ဖခင်၏ လျှို့ဝှက်ချက်များကို ကောင်းစွာ ရွေးချယ်နိုင်ခဲ့၍ သန်းကြွယ်သူဌေးဘဝသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ သူ၏ ချမ်းသာသောဖခင်သည် သူ့အား ငွေမပေးခဲ့ပေ။ သို့သော် ငွေအစား ကြီးစွာသော ချမ်းသာမှုကို စေစားနိုင်သောသူ၏ လျှို့ဝှက်ချက်များကိုသာ ပေးသွားခဲ့သည်။ ယခု စာမျက်နှာများပေါ်တွင် မိတ်ဆွေ တွေ့ရမည်ဖြစ်သော အကြောင်းအရာများကို သူရှာဖွေရရှိသည်။ ထိုစာများသည် ချမ်းသာနိုင်ရန် အတွက် ငွေများများစားစား မလိုအပ်ကြောင်းကို ပြသမည် ဖြစ်သည်။ သင့်အတွက် အမှန်တကယ်လိုအပ်သည်မှာ ငွေရေးကြေးရေးပညာပင်ဖြစ်၍ ထိုပညာ၏ ပုံသဏ္ဍာန်ကို ဤစာအုပ်က သင့်အတွက် ပုံဖော်ပေးသွား မည် ဖြစ်သည်။

## သတိပြုရမည့်စကားတစ်ခွန်း

ဤစာအုပ်ထဲမှ အချက်အလက်များသည် ငွေကြေးဆိုင်ရာ အလယ်အလတ်အဆင့်တန်ဖိုးနှင့် လှုပ်ရှားနေသည့် သူများအပေါ်တွင် စိတ်အနှောင့်အယှက် ပေးနိုင်သည်။ အလယ်အလတ်အဆင့် ဆိုသည်မှာ လုံခြုံစိတ်ချရသော အလုပ်တစ်ခုတွင် ကောင်း

http://www.cherrythitsar.org



မွန်စွာ လုပ်ကိုင်နေရသူများ၊ ငွေကို ခြစ်ကုပ် စုဆောင်း ကာ အနားယူချိန်အတွက် အိုစာမင်းစာများ စုဆောင်းနေသူများပင် ဖြစ်ကြသည်။ အကယ်၍ မိတ်ဆွေသည် စွန့်စားပြုလုပ်ရမည့် နည်းစနစ်များဖြင့် တန်ဖိုးရယူရမည့်အပေါ် စိတ်ဝင်စားမှု မရှိပါက ယခုဖတ်ရှုနေသော စာအုပ်ကို ပိတ်လိုက်ရုံသာ ရှိပါတော့သည်။

တစ်နည်းအားဖြင့်ဆိုရမည်ရှိသော် သင်သည် ရဲရင့်သော အကြံဉာဏ်အသစ်ဖြင့် ငွေကို ရှာဖွေ၍ သင့်ဘဝအတွက် ငွေရေးကြေးရေးဆိုင်ရာ အကြောင်းတရားများကို ပြောင်းလဲပစ်ရန် အဆင်သင့်ရှိနေပါမူ သည်စာအုပ်ထဲမှ သိသင့်သော အချက်အလက်များ သည် သင်ရှာဖွေနေသည့် လိုအပ်ချက်တွေပင် ဖြစ်နိုင်ပါ သည်။

သင့်ငွေတွေက သင့်ကို မည်သို့သော နည်းဖြင့် အခက်ပွေ့အောင် စေစားနေသလဲ ဆိုတာကို သင် သဘောပေါက်နိုင်ပါရဲ့လား။ သဘောပေါက်ပြီဆိုလျှင် သင့်ဘဝမှာ အပင်ပမ်းခံပြီး ငွေကို မရှာဖွေရသည့်ဘဝကို ရောက်နေပြီလား။

♦

# အခန်း (၁)
## တစ်ဦးကချမ်းသာ၍ တစ်ဦးကဆင်းရဲသော အဖေနှစ်ယောက်၏ ပုံပြင်တစ်ပုဒ်

ကျွန်တော့်တွင် ချမ်းသာသော ဖေဖေနှင့် ဆင်းရဲသော ဖေဖေဟူ၍ နှစ်ယောက်ရှိပါသည်။ ဖေဖေတစ်ယောက်မှာ ပညာရေးတွင် အဆင့်အတန်းမြင့်မား၍ ဉာဏ်ရည် ကောင်းသည်။ သူသည် ပီအိတ်ချ်ဒီဘွဲ့တစ်ခု ရယူထား ပြီး လေးနှစ်ပြည့်မှ ရယူနိုင်မည့် ဘွဲ့တစ်ခုကို နှစ်နှစ် အတွင်းမှာ ရအောင်ယူပြနိုင်ခဲ့ပါသည်။ သူသည် ချီကာဂို မြို့၏ တက္ကသိုလ် ဖြစ်သည့် စတန်းဖို့ဒ် ယူနီဗာစီတီသို့ ဆက်တက်ခဲ့သည်။ ထိုမှတစ်ဖန် ငွေရေးကြေးရေးဆိုင်ရာ ပညာရပ်များကို ကုံလုံကြွယ်ဝလာစေရန် နော့တ်ဝက်စ် တန် တက္ကသိုလ်တွင် ဘွဲ့လွန်တန်းများသို့ ထပ်မံတက် ရောက်ခဲ့သည်။ နောက်ဖေဖေတစ်ယောက်မှာမူ ရှစ်တန်းပင် မအောင်ခဲ့သူဖြစ်သည်။

http://www.cherrythitsar.org



ဖေဖေနှစ်ယောက်စလုံးမှာ သူတို့၏ အသက်မွေးမှု လုပ်ငန်းများတွင် အောင်မြင်နေကြပြီး တစ်သက်တာလုံး အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့ကြသူများဖြစ်သည်။ နှစ်ယောက်စလုံးဝင်ငွေ ကောင်းကြသည်။ သို့ရာတွင် တစ်ယောက်မှာတော့ ငွေကြေးနှင့် ပတ် သက်ပြီး အမြဲရုန်းကန်နေရသည်။နောက်တစ်ယောက်က တော့ ဟာဝိုင်အီတွင် အချမ်းသာဆုံးစာရင်းဝင် တစ်ဦးဖြစ်လာသည်။ တစ်ယောက်မှာ ကွယ်လွန်ချိန်တွင် သူ့မိသားစုအတွက်၊ အလှူခံဌာနများအတွက်၊ သူ၏ဘုရားကျောင်းအတွက် ဒေါ်လာသန်းပေါင်းများစွာ ထားရစ်နိုင်ခဲ့သည်။ နောက်တစ်ဦးမှာကား ပေးဆပ်စရာကြွေးမြီများကိုသာ ချန်ထားခဲ့လေသည်။

ဖေဖေ နှစ်ယောက်စလုံးမှာ ဒေါင်ဒေါင်မြည်သန်မာ၍ မြင့်မြတ်သောစိတ်ဓာတ်နှင့်အတူ ဩဇာအာဏာရှိသူများ ဖြစ်ကြသည်။ ထိုယောကျ်ားသားကြီးနှစ်ဦးစလုံးမှာ ကျွန်တော့်အား အကြံဉာဏ်များပေး၏။ သို့သော်နှစ်ဦးစလုံးပေးသော အကြံများမှာ ထပ်တူညီမျှ မတူကြ ပေ။ နှစ်ယောက်စလုံးသည် ပညာရေးတွင် ပြင်းထန်သောယုံကြည်ချက်များ ထားရှိသည်။ သို့သော် သူတို့ရည်ညွှန်းပြောဆိုသော လေ့လာသင်ကြားမှုများသည် လုံးဝတူညီမှုမရှိပါ။

အကယ်၍သာ ကျွန်တော့်တွင် ဖေဖေတစ်ဦးတည်း ရှိနေပါက ကျွန်တော့်အတွက် ပေးလာသော

http://www.cherrythitsar.org


အကြံကို လက်ခံလျှင် လက်ခံမည်။ ငြင်းပယ်လျှင် ငြင်းပယ်မည် ဖြစ်သည်။ ယခုတော့ ဖေဖေ နှစ်ဦး ရှိနေ၍ သူတို့နှစ်ဦးက ပေးလာသော အကြံဉာဏ်များကို မိမိ၏ ရှုထောင့်မှနေ၍ ရွေးချယ်ရမည်ဖြစ်သလို၊ ထိုနှစ်ယောက်မှာလည်း တစ်ဦးက ချမ်းသာသောဖေဖေ ဖြစ်၍ တစ်ဦးက ဆင်းရဲသည့် ဖေဖေဖြစ်နေပါသည်။

ကျွန်တော်သည် သူတို့ပေးသည့် အကြံများကို ဒီအတိုင်း လက်ခံထားခြင်းမရှိသလို ငြင်းပယ်ပစ်ခြင်းလည်း မရှိပါ။ ထိုအကြံများကို ချဲ့ကားတွေးခြင်း၊ နှိုင်းယှဉ်ခြင်းများပြုလုပ်၍ ကိုယ့်အတွက် သင့်တော်မည် ထင်သည်များကို ရွေးချယ်နေမိသည်။

ပြဿနာရှိသည်က ချမ်းသာသောဖေဖေသည် ထိုစဉ်က မချမ်းသာသေး။ ဆင်းရဲသောဖေဖေသည် ယင်းစဉ်က မဆင်းရဲသေး။ နှစ်ယောက်စလုံးမှာ သူတို့၏ အလုပ်တာဝန်များကို အစပြုဆောင်ရွက်ဆဲ။ ပြီးတော့ နှစ်ယောက်စလုံးသည် ငွေကြေးအတွက် မိသားစုအတွက် ကြိုးစားရုန်းကန်ပြီးရှာဖွေနေကြသည်။ သို့သော် ငွေနှင့် ပတ်သက်လာလျှင်တော့ သူတို့တွင် မတူညီသော အမြင်ကိုယ်စီ ရှိနေကြသည်။

ဥပမာဆိုရလျှင် ဖေဖေတစ်ယောက်က . . .

"ငွေတစ်ခုတည်းကိုပဲ ချစ်တတ်တာဟာ မကောင်းမှုအားလုံးရဲ့ ရေသောက်မြစ်ပဲ"ဟုဆိုလျှင် ကျန်ဖေဖေတစ်ယောက်က "ငွေမရှိခြင်းဟာ မကောင်းမှုအား

http://www.cherrythitsar.org



လုံးရဲ့ ရေသောက်မြစ်ပဲ” ဟု ဆိုနေတတ်သည်။

အားကြီးလှသော ဖေဖေနှစ်ယောက်၏ ဩဇာလွှမ်းမိုးမှုကို ခံနေရသော ကျွန်တော့်လို လူငယ် တစ်ယောက်အနေနှင့် အခက်အခဲတွေ ကြုံရသည်။ ကျွန်တော်သည် မိဘစကားကို နာခံတတ်သော သားလိမ္မာ တစ်ယောက် ဖြစ်ချင်သည်။ သို့ရာတွင် ဖေဖေနှစ် ယောက်၏ ဆိုဆုံးမမှုများမှာ တူညီတာဆို၍ တစ်ခုမျှမရှိပေ။ ငွေအပေါ်ထားရှိသည့် သူတို့၏ သဘောထားနှင့် ပတ်သက်၍ နှိုင်းယှဉ်ကြည့်နေမိသော ကျွန်တော်သည် မိမိ၏ စူးစမ်းမှုများကို အားထုတ်၍ အစီအစဉ်များ ရေးဆွဲနေမိသည်။ သူတို့ တစ်ဦးချင်းစီပြောသော စကားများကို ပို၍ အချိန်ကြာကြာတွေးတောတတ်လာသည်။

ကျွန်တော်၏ မြောက်များလှစွာသော ကိုယ်ပိုင်အချိန်များကို ပြန်တွေး၍ “ဖေဖေဟာ ဒီစကားကို ဘာကြောင့် ပြောရတာလဲ” ဟု မိမိကိုယ်မိမိ မေးခွန်းထုတ်နေမိသည်။ နောက်ဖေဖေက ပြောသော စကားများကိုလည်း ထိုသို့ပင် ပြန်လည်မေးခွန်း ထုတ်နေမိသည်။ “ဟုတ် တယ်၊ သူပြော တာ မှန်တယ်။ ဒါတော့ ငါ သဘောတူ တယ်” ဟု သာမန်မျှသာ လက်ခံ လိုက်မည်ဆို လျှင်တော့ ခေါင်းရှုပ်စရာအကြောင်း ရှိမည် မဟုတ်ပေ။ “ဒီ အဘိုးကြီးက သူ ဘာတွေ ပြောနေမိမှန်းတောင် သိတာမဟုတ်ဘူး” ဟု သာမန် ငြင်းပယ်လိုက်မည် ဆို လျှင်လည်း ကျွန်တော် ခေါင်းခြောက်နေစရာ အကြောင်း

http://www.cherrythitsar.org



မရှိပေ။ ကျွန်တော်သည် သူတို့ ပြောသောစကားများကို အမှုမဲ့အမှတ်မဲ့ ထားလိုက်သည်ထက် ဖခင်နှစ်ယောက် စလုံးကို ကျွန်တော် အလွန်ချစ်နေသောကြောင့် သူတို့၏ စကားများကြောင့် ကိုယ့်ဘာသာကိုယ်ပင် အားစိုက်၍ တွေးတတ်လာသည်။ ကျွန်တော်သည် မိမိအတွက် အကျိုးရှိသည်များကို ရွေးချယ်တွေးတောတတ်လာသောကြောင့် ရေရှည်တွင် မိမိအတွက် အလွန်ပင် အကျိုးရှိလာခဲ့သည်။ သူတို့ပြောသည့်စကားများကို သာမန်သဘောမထားခြင်း၏ အကျိုးအမြတ်ဟုလည်း ဆိုနိုင်သည်။

ချမ်းသာသူတွေ ပို၍ ချမ်းသာလာရခြင်း၊ ဆင်းရဲသူတွေ ပို၍ ဆင်းရဲလာရခြင်းနှင့် အလယ်အလတ်တန်းစားများ လေ့လျော်ရင်း တက်ကျိုးအဖြစ်နှင့် ကြွေးလည်ပင်းအထိနစ်ရခြင်း၏ တစ်ခုတည်းသော အကြောင်းအရင်းမှာ သူတို့သည် ငွေကြေး၏ သဘောတရားကို အိမ်မှာသာ သိခဲ့ရပြီး ကျောင်းများတွင် မသင်ကြားခဲ့ရသောကြောင့် ဖြစ်လေသည်။ ကျွန်တော်တို့ အများစုသည် ငွေ၏အကြောင်းကို ကျွန်တော်တို့၏ မိဘဖြစ်သူများထံမှပင် သင်ယူခဲ့ရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဆင်းရဲသော မိဘများသည် ငွေ၏သဘောတရားကို သူတို့၏ သားသမီးများအား ဘယ်ကဲ့သို့များ သင်ကြားပေးနိုင်ပါမည်နည်း။ ထိုမိဘများသည် သာမန်ရိုးရိုးပင် ပြောနိုင်ကြလိမ့်မည်။ "ကျောင်းနေတုန်း စာကို

http://www.cherrythitsar.org



သာ ကြိုးစားပြီးကျက်" ထိုအခါ ကလေးသည် အမှတ်ကောင်းကောင်းဖြင့် ကျောင်းပြီးလျှင်ပြီးသွားလိမ့်မည်။ သို့သော် ဆင်းရဲသော မိဘတစ်ဦး၏ ငွေကြေးကိုင်တွယ်မှုပုံစံနှင့်ပင် ကလေး၏ အသိဉာဏ်ကို တည်ဆောက်ပေးနိုင်ရုံသာ ရှိမည်။ ကလေး၏ ငွေကြေးနှင့် ပတ်သက်သောသဘောတရားသည် ငယ်စဉ်အချိန်က သင်ကြားထားပြီးသော အသိလောက်သာ ရှိလိမ့်မည်သာ။

ငွေနှင့်ပတ်သက်၍ ကျောင်းများတွင် သင်ကြားပေးခြင်းများ မရှိပေ။ ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင်မှုနှင့် အလုပ်ဆိုင်ရာ ကျွမ်းကျင်မှုလောက်ပေါ်တွင်သာ အာရုံစိုက်၍ မျှော်မှန်းခဲ့ကြသည်။ သို့သော် ငွေရေးကြေးရေးဆိုင်ရာ ကျွမ်းကျင်မှုပေါ်တွင်တော့ ဗဟိုမပြုခဲ့ကြ။ ယင်းသဘောကြောင့်ပင် မည်မျှ ကျွမ်းကျင်သည့် ဘဏ်လုပ်သားပင်ဖြစ်စေ၊ ဆရာဝန်ပင် ဖြစ် စေ၊ စာရင်းအင်းကျွမ်းကျင်အောင် ကျောင်းတွင် အမှတ်ကောင်းစွာ ရနေသူများပင် ဖြစ်နေပါစေ သူတို့အားလုံး သည် ဘဝအရေးအတွက် ငွေကြေးရှာဖွေမှုတွင် လုံးပမ်းနေရဆဲသာ ရှိသေးသည်။ အလွန်ပညာတတ်သော၊ အလွန်ထူးချွန်ပါသည်ဆိုသော အကြီးအကဲများ ကိုင်တွယ်နေရသည့် နယ်ပယ်ကြီးများတွင် အကြွေးထူပြောနေရခြင်းမှာ ထိုသူများသည် ငွေကြေးပညာရပ်နှင့် ပတ်သက်ပြီး အသိနည်းပါးသူ၊ လုံးဝမသိသူများ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

http://www.cherrythitsar.org



ဇီဝိတဌာနနှင့် လူမှုဖူလုံရေးဌာနကြီးများတွင် ငွေများ ပြတ်လပ်သွားပါမူ ဘာများဖြစ်လာမှာပါ လိမ့်ဟူ၍ ကျွန်တော်သည် မကြာခဏဆိုသလိုပင် ရှေ့ကို မျှော်တွေးနေမိတတ်သည်။ သန်းပေါင်းများလှစွာသော လူသားထုများတွင် ငွေရေးကြေးရေး လိုအပ်မှုနှင့် ဆေးဝါးအထောက်အပံ့များ လိုအပ်လာသည့်အခါ တစ်မျိုးသားလုံးသည် မည်သို့များ ရှင်သန် ကျန်ရစ်နိုင်ပါမည်နည်း။ လူပေါင်းများစွာသည် သူတို့မိသားစုတွေပေါ် တွင်သာ မှီခိုအားကိုးနေရခြင်း သို့မှမဟုတ် အစိုးရဆီမှ ငွေရေးကြေးရေး အထောက်အပံ့အောက်တွင်သာ အရိပ်ခိုလှုံနေရပါလျှင် နိုင်ငံတော်ကြီးသည် မည်ကဲ့သို့ ရှင်သန်နိုင်ပါမည်နည်း။

အဖေနှစ်ယောက်၏ဩဇာကို ကျွန်တော်ခံယူထားရသောကြောင့် နှစ်ဦးစလုံးဆီမှ ကျွန်တော် သင်ယူနေရပါသည်။ ကျွန်တော်သည် အဖေတစ်ယောက်စီ၏ အကြံပေးမှုနှင့် သူတို့ လုပ်ကိုင်မှုအကြောင်းကို တွေးတောတတ်သောကြောင့် အတွင်းသို့ ထိုးဖောက်မြင်ကြည့်လာတတ်သော အစွမ်းသတ္တိနှင့်အတူ လူတစ်ယောက်၏ ဘဝထဲ ဝင်ကြည့်တတ်သော အတွေး၏ ထက်မြက်မှုကို ရရှိလာရပါသည်။ ဥပမအနေနှင့် ပြရမည်ဆိုလျှင် တစ်ဦးသောဖေဖေက ဤသို့ ပြောတတ်သည့် အကျင့်ရှိသည်။

“ငါတော့ ဒါကို မစွမ်းနိုင်တော့ဘူး”

http://www.cherrythitsar.org



နောက်တစ်ဦးသော ဖေဖေကမူ ထိုသို့သော အပြောမျိုးကို တားမြစ်လေ့ရှိသည်။ ကျွန်တော်က ထိုစကားမျိုး ပြောလိုက်သည့်အခါ ထိုဖေဖေက "ငါ ဒါကို စွမ်းဆောင်နိုင်အောင် ဘယ်လိုလုပ်မလဲ " ဟု ပြောတတ်သည်။ တစ်ဦးက အကြောင်းအရာတစ်ခု ခင်းလိုက်လျှင် နောက်တစ်ယောက်က မေးခွန်းတစ်ခုဖြင့် ပြန်မေးတတ်သည်။ တစ်ယောက်က ကျွန်တော့်ကို ချိတ်ဖြုတ်ခွင့်ပေးချိန်တွင် ကျန်တစ်ယောက်က ကျွန်တော့်ကို စဉ်းစားခိုင်းသည်။

ဖေဖေနှစ်ယောက်စလုံး အလုပ်ပင်ပန်းခံ လုပ်ကြသော်လည်း ငွေနှင့်ပတ်သက်သည့် အကြောင်းပေါ်လာသည့်အခါ ဖေဖေ တစ်ယောက်သည် အိပ်ရာထဲရောက်သည်အထိ ထိုအကြောင်းကို ဦးနှောက်ထဲ ထားတတ်သည့် အကျင့်ပါရှိ၍ နောက်တစ်ဦးသော ဖေဖေကမူ ဦးနှောက်ကို လေ့ကျင့်ခန်းလုပ်၍ မေ့ဖျောက် ပစ်တတ်သည့် အကျင့်ရှိနေသည်။ ရေရှည်မှာတော့ တစ်ဦးသော ဖေဖေသည် ငွေရေးကြေးရေးဆိုင်ရာ အပိုင်းတွင် အင်အားတိမ်းပါးလာ၍ နောက်တစ်ဦးသော ဖေဖေမှာတော့ အင်အားကြီးမားသည့် အဖြစ်သို့ ရောက်သည်။

ကျွန်တော်၏ ဖေဖေနှစ်ဦးသည် အခြေအနေတိုင်းတွင် ဆန့်ကျင့်ဖက်အသွင် ရှိကြသည်။ တစ်ဦးသော ဖေဖေက လုပ်ရန်စေခိုင်းတတ်၏။

"မင်းစာကို ကြိုးစားသင်၊ အဲဒါမှ ကောင်းတဲ့

ကုမ္ပဏီမှာ အလုပ်ရလိမ့်မယ်”

နောက်တစ်ဦးစေခိုင်းပုံက . . .

“မင်းစာကို ကြိုးစားသင်။ အဲဒါမှ ကုမ္ပဏီ ကောင်းကောင်းတစ်ခုကို ဝယ်ယူနိုင် လာလိမ့်မယ်”ဟူ၍ ဖြစ်သည်။

ဖေဖေတစ်ယောက်က . . .

“ငါမချမ်းသာရတဲ့ အကြောင်းက မင်းတို့လို သားသမီးတွေရှိနေတဲ့ အတွက်ကြောင့်” ဟု ပြောလျှင်

နောက်တစ်ယောက်ကတော့မူ . . .

“ငါချမ်းသာလာရတဲ့အကြောင်းကတော့ မင်း တို့လို သားသမီးတွေ ရှိနေလို့ပဲပေါ့” ဟု ပြောတတ်သည်။

ဖေဖေတစ်ဦးက ထမင်းဝိုင်းတွင် ငွေကြေး အကြောင်း ဆွေးနွေးပြောဆိုတာကို တားမြစ်တတ်သည်။ နောက်တစ်ယောက်ကတော့ ညစာထမင်းဝိုင်းထဲမှာ ငွေအကြောင်း ၊ စီးပွားရေးရာအကြောင်း ပြောဆိုသည်ကို အားပေးအားမြှောက်နှင့်ပင် ရှိတတ်သည်။

တစ်ယောက်က . . .

“ငွေနှင့် ပတ်သက်လာတိုင်းမှာ ထိန်းထိန်း သိမ်းသိမ်းရှိပြီး သိပ်အရဲမစွန့်မိစေနဲ့” ဟုပြောလျှင်

နောက်တစ်ယောက်ကတော့ . . .

“စွန့်စွန့်စားစားနဲ့ လုပ်ကိုင်တာကိုလည်း သင်ယူထားရတယ်” ဟု ပြောတတ်သည်။

တစ်ယောက်က “ငါတို့ရဲ့ အိမ်ဆိုတာ ငါတို့ရဲ့

ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ငါတို့ရဲ့ ကြီးမြင့်တဲ့ အကျိုး အမြတ်ရှိရာ နေရာပဲ” ဟုယုံကြည်လျှင် . . .

နောက်တစ်ဦးက . . .

“ငါ့အိမ်ဟာ ကြွေးမြီခံထားရတဲ့အိမ်၊ မင်းအိမ်ကိုသာ ရင်းနှီးမြှုပ်နှံမှုအတွက် အများကြီး ဖြုန်းလိုက်ရင်တော့ မင်းဒုက္ခတွေ့ရမှာ အမှန်ပဲ” ဟု ယုံကြည်တတ်သည်။

ဖေဖေတစ်ယောက်သည် ကုမ္ပဏီတစ်ခုခု သို့မဟုတ် အစိုးရဌာနတစ်ခုခုကသာ မိမိ၏ လိုလားချက်နှင့် မိမိလိုအပ်နေသော ဂရုစိုက်မှုတို့ကို ပေးနိုင်လိမ့်မည်ဟု ယုံကြည်သည်။ ထိုအဖေသည် အမြဲတမ်းလိုပင် လခစားဘဝတွင် လခတိုးမြှင့်လာရေး၊ အလုပ်မှ အနားယူချိန်တွင် အစီအစဉ်တစ်ခုခုရှိနေရေး၊ ဆေးစားရိတ်ရရှိရေး၊ ဆေးခွင့်ရရေး၊ ခရီးထွက်ခွင့်ရရေးနှင့် တခြား စိတ်ပျော်ရွှင်နိုင်စရာအကြောင်းများ ရှိနေရေး ပေါ်တို့တွင်သာ တွေးနေလေ့ရှိသည်။ သူသည် ကျောင်းပြီးသည်နှင့် တစ်ပြိုင်နက် ရှောင်လွှဲမရနိုင်သည့် ပိုင်ဆိုင်မှုတစ်ခုကိုသာ မျှော်မှန်းလေ့ရှိ၏။ သူ၏ စိတ်ကူးထဲတွင် ဘဝလုံခြုံမှု ပေးနိုင်သော အလုပ်သည်သာ အရေးကြီး၍ အချိန်များစွာကြာမှ ဖြစ်လာမည့်အကျိုးကိုသာ အလုပ်တစ်ခုလုပ်ရမည်ထက် ပိုမျှော်မှန်းနေသည်။ သူမကြာခဏ ဤသို့ပင် ပြောသည်။

“ငါဟာ အစိုးရအတွက် အလုပ်အပင်ပန်းခံ

http://www.cherrythitsar.org



လုပ်ပေးပြီး အဲဒီကရလာတဲ့ ထိုက်တဲ့မဲ့ အကျိုးကျေးဇူး တွေကိုပဲ ရယူမယ်”

နောက်တစ်ဦးကမူ အဆုံးသတ်ငွေရေး ကြေးရေးကိစ္စများ၌ မိမိကိုယ်ကို အားကိုးခြင်းအပေါ်တွင်သာ ယုံကြည်သည်။ သူက ထိုက်တန်မဲ့ စကားဆိုသည်ကို ဆန့်ကျင်မည်ဖြစ်သည်။ ကိုယ်စွမ်းကိုယ်စ ယုံကြည်မှုနှင့် ငွေတွေအတွက် လိုအပ်ချင်နေသော အားနည်းစိတ်ကို မည်ကဲ့သို့ ပြုပြင်ရမည်ကိုသာ တွေးလိမ့်မည်ဖြစ်သည်။

ဖေဖေတစ်ဦးသည် ငွေ(ဒေါ်လာ) အနည်းငယ်စုမိဆောင်းမိဖို့အတွက် ရုန်းကန်နေရချိန်တွင် နောက်တစ်ဦးက ရင်းနှီးမြှုပ်နှံရမည့် ကိစ္စတွေကိုသာ တီထွင်ကြံဆနေသည်။

ဖေဖေတစ်ယောက်က ကျွန်တော် အလုပ်အကိုင် ကောင်းကောင်း တစ်ခုရဖို့အတွက် စာကိုတိုတိုနှင့် ရှင်းရှင်းရေးပုံရေးနည်းအား သင်ကြားပြသပေးသည်။ နောက်ဖေဖေတစ်ဦးကမူ အလုပ်အကိုင်များ ဖန်တီးနိုင်ရန်အတွက် ခိုင်မာသော စီးပွားရေးနှင့် ငွေကြေး ဆိုင်ရာ စီမံကိန်းများ ရေးဆွဲပုံရေးဆွဲနည်းများ သင်ကြား ပေးသည်။

ကျွန်တော်သည် အားကြီးလှသော ဖခင်နှစ်ယောက်၏ ထုတ်ကုန်ပမာ ဖြစ်နေသောကြောင့် လူတစ်ယောက်၏ ဘဝတွင် ရှိတတ်သည့် မတူညီသော အတွေးများ၏ ထိရောက်မှုများကို ဇိမ်ခံတတ်လာခဲ့သည်။များစွာ

http://www.cherrythitsar.org



သော လူတို့သည် သူတို့၏ အတွေးများမှတစ်ဆင့် သူတို့၏ ဘဝများကို အမှန်တကယ် ပုံသွင်းခဲ့သည်ဆိုတာကို ကျွန်တော် သတိထားလာမိသည်။

ဥပမာအနေဖြင့် ပြရမည်ဆိုလျှင် ကျွန်တော်၏ ဆင်းရဲသောဖေဖေ အမြဲပြောနေတတ်သော စကားလုံးများမှာ "ငါတော့ ဘယ်တော့မှ ချမ်းသာမယ့် အကောင်မဟုတ်ဘူး" ဆိုသည့် စကားဖြစ်သည်။

ထိုကဲ့သို့ နိမိတ်ဖတ်လိုက်သော စကားတစ်ခွန်းသည် အမှန်တကယ်ပင် ထိုအတိုင်း ဖြစ်လာရပါသည်။ တစ်ဖက်က ဖေဖေ့ကို ကြည့်လိုက်မည်ဆိုလျှင် သူ့ကိုယ်သူ သူဌေးဖြစ်ရမည်ဟုပင် ညွှန်းနေတတ်သည်။ သူက အောက်ပါ စကားမျိုးကိုသာ ပြောနေလိမ့်မည် ဖြစ်သည်။ "ငါက သူဌေးတစ်ယောက်ပဲကွ၊ သူဌေးဆိုတာ ဒါမျိုးတွေ မပြောဘူး"

ထိုဖေဖေကတော့ ငွေကြေးအခြေအနေ ပျက်သုဉ်းသွားသည့် အချိန်အခါမျိုးများ၌ပင် သူ့ကိုယ်သူ သူဌေးတစ်ယောက်ဟုသာ ဆက်လက်ရည်ညွှန်းပြောဆိုနေဆဲပင်။ ထို့အပြင်သူက "ဆင်းရဲတာနဲ့ စီးပွားပျက်တာနဲ့က မတူဘူးကွ။ စီးပွားပျက်တယ်ဆိုတာ ခဏတာပဲ။ ဆင်းရဲတယ်ဆိုတာက တစ်သက်လုံး" ဟုပင် ဆင်ခြေပေးတတ်သေးသည်။

ကျွန်တော်၏ ဆင်းရဲသော ဖေဖေကလည်း "ငါက ငွေကို စိတ်ဝင်စားတာ မဟုတ်ဘူးကွ။ ငွေက သိပ်

http://www.cherrythitsar.org


ပြီး အရေးမကြီးဘူး”ဟု ပြောလေ့ပြောထ ရှိသလို ချမ်းသာသော ဖေဖေကလည်း “ငွေဆိုတာ စွမ်းအားပဲကွ” ဟု ပြောတတ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ အတွေးများ၏ စွမ်းအားကို တိုင်းတာ၍ မရသလို၊ တန်ဖိုးဖြတ်၍ မရခဲ့သော်လည်း ကျွန်တော့်လို ကလေးငယ်တစ်ယောက်အနေနှင့် မိမိ၏ အတွေးကို သတိပြုမိပြီး မည်သို့ ဖော်ဆောင်ရမည်ဆိုတာကိုလည်း ရိပ်မိ သိရှိလာခဲ့သည်။ ကျွန်တော်၏ ဆင်းရဲသောဖေဖေ ဆင်းရဲနေရသည့် အကြောင်းအရင်းမှာလည်း သူ့ ဝင်ငွေပမာဏကြောင့် မဟုတ်ဘဲ သူ၏ အတွေးများနှင့် လုပ်ဆောင်မှုများကြောင့်သာ ဖြစ်သည်ဆိုတာကို ကျွန်တော် သတိပြုမိခဲ့သည်။ ကျွန်တော်သည် ကလေးငယ် ဘဝကတည်းက မည်သို့သော တွေးခေါ်မှုမျိုးကို ဂရုတစိုက်နှင့် တုပလုပ်ဆောင်ရမလဲ ဆိုသည်ကို သိရှိခဲ့ပါသည်။ ကျွန်တော့်အနေနှင့် ဆင်းရဲသော ဖေဖေ ၏ စကားကို နားထောင်ရမလား၊ ချမ်းသာသော ဖေဖေ ၏ စကားကို နားထောင်ရမလားဆိုတာ မသိသေးပါ။

သူတို့နှစ်ယောက်စလုံးသည် ပညာရေးနှင့် သင်ယူခြင်းကို အလွန်ပင် လေးစားသူများ ဖြစ်ကြသော်လည်း သင်ယူခြင်း၏ အရေးပါခြင်းအပေါ်တွင် သူတို့နှစ်ယောက်၏ အတွေးများက တူညီမှု မရှိကြပေ။ တစ်ယောက်က ကျွန်တော့်ကို ပညာရေးတွင် ကြိုးစားပြီး ဘွဲ့တွေ ရအောင် ယူစေချင်သည်။ ဘွဲ့ရပြီးလျှင် ဝင်ငွေ

http://www.cherrythitsar.org



ကောင်းသော အလုပ်တစ်ခုခု ရစေချင်သည်။ ရှေ့နေ၊ စာရင်းကိုင် (သို့) စီးပွားရေးကျောင်းတစ်ကျောင်းတက်ပြီး အမ်ဘီအေဘွဲ့စသည့် ပညာရပ် တစ်ခုခုကို ပေါက်ပေါက် မြောက်မြောက်ဖြစ်အောင် သင်ယူစေချင်သည်။ ကျန် တစ်ယောက်ကတော့ ချမ်းသာအောင် မည်သို့ လုပ် ဆောင်သလဲဆိုတာ သင်ယူစေချင်သည်။ ငွေကြေး၏ လုပ်ဆောင်မှုများကို နားလည်စေချင်သည်။ ငွေရအောင် မည်သို့လုပ်မလဲ၊ ငွေကို မည်သို့ အသုံးချမလဲဆိုတာ လေ့ လာသင်ယူစေချင်သည်။

ကျွန်တော့်အသက် ၉နှစ်အရွယ်တွင် ငွေကြေး နှင့် ပတ်သက်ပြီး ချမ်းသာသော ဖေဖေ၏ အကြံပေး ချက်ကို နားထောင်ပြီး သင်ယူရန် ကျွန်တော် ဆုံးဖြတ် ချက်ချခဲ့ပါသည်။ ထိုသို့ ဆုံးဖြတ်ချက်ချလိုက်သည်နှင့် အတူ ကောလိပ်မှ ဘွဲ့တွေအများကြီး ရယူထားခဲ့သည့် ဆင်းရဲသောဖေဖေ၏ စကားကို နားမထောင်ရန်လည်း ဆုံးဖြတ်ချက် ချခဲ့ရသည်။

ထိုဆုံးဖြတ်ချက်ကြောင့် များစွာ ထူးခြားသွားခဲ့ ရပါသည်။ ကျွန်တော်သည် ပညာတွေအများကြီးတတ် ထားပြီး ဘွဲ့တွေ အများကြီး ရထားသည့် ဆင်းရဲသော ဖေဖေထံမှ ငွေကြေးနှင့် ပတ်သက်သော အကြံပြုချက် များကို လက်မခံရန် ဆုံးဖြတ်ခဲ့၍ စိတ်မကောင်း ဖြစ်ခဲ့ မိသော်လည်း ထိုဆုံးဖြတ်ချက်သည် ကျွန်တော့်ဘဝ၏ နောက်ပိုင်းတစ်လျှောက်လုံးကို ပုံသွင်းပေးနိုင်သည့် ဆုံး

http://www.cherrythitsar.org



ဖြတ်ချက် ဖြစ်ခဲ့ရသည်။

ကျွန်တော်သည် မည်သူ့စကားကို နားထောင်ရမလဲဆိုတာ ဆုံးဖြတ်ချက် ချပြီးနောက်တွင် ကျွန်တော် ၏ ငွေကြေးနှင့် ပတ်သက်သည့် သင်ခန်းစာများ စတင်လေတော့သည်။ ကျွန်တော်၏ ချမ်းသာသော ဖေဖေက ငွေကြေးနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွန်တော့်အသက် ၃၉နှစ် ရောက်သည်အထိ အနှစ် သုံးဆယ်လုံးလုံး သင်ကြားပေးခဲ့သည်။ ကျွန်တော်၏ ထုံထိုင်းလှ သော ဦးနှောက်ထဲသို့ ငွေကြေးနှင့် ပတ်သက်သည့် သင် ခန်းစာများ ရောက်သွားပြီ၊ ကျွန်တော် လုံးလုံးလျားလျား နားလည်သွားလောက်ပြီဟု သဘောပေါက်ချိန်ကျမှသာ သင်ကြားခြင်းကို ရပ်တန့်လိုက်ပါသည်။

ငွေကြေးသည် စွမ်းအင်၏ အသွင်တစ်ခုပင်ဖြစ်သည်။ သို့ရာတွင် ငွေကြေးနှင့် ပတ်သက်သည့် ပညာရေးက ပို၍ စွမ်းအင်ကြီးမားသည်။ ငွေဆိုသည်မှာ ဝင်လာလိုက် ထွက်သွားလိုက် သဘာဝတွေ ရှိသည်။ သို့ရာတွင် ငွေကြေးနှင့် ပတ်သက်သည့် လုပ်ဆောင်မှုတွေကို နားလည်ပြီး ငွေကြေးပညာရပ်ကို တတ်ကျွမ်းမည်ဆိုပါက သင့်အနေနှင့် ငွေကြေးကို အနိုင်ရရှိပြီး စည်းစိမ်ချမ်းသာ ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အရာရာအကောင်းမြင်တတ်ရုံတစ်ခုတည်းနှင့် အလုပ်ဖြစ်နိုင်မည် မဟုတ် ပါ။ အကြောင်းမှာ အများစုသည် ကျောင်းတွေတက် ကျောင်းတွေပြီးသွားကြပြီးနောက် ငွေကြေး၏ လုပ်ဆောင်

http://www.cherrythitsar.org



မှုများကို မသင်ယူခဲ့ကြသောကြောင့် သူတို့၏ဘဝသည် ငွေကြေးအတွက်သာ အလုပ်လုပ်ရင်း ကုန်ဆုံးသွားကြသောကြောင့် ဖြစ်သည်။

ကျွန်တော် ထိုသင်ခန်းစာ စယူခဲ့စဉ်က ကိုးနှစ်သားအရွယ်ပင် ရှိသေးသောကြောင့် ကျွန်တော်၏ ချမ်းသာသောဖေဖေက သင်ကြားပေးသည့် သင်ခန်းစာများမှာ မိတ်ဆက်အဆင့်သာ ရှိခဲ့ပြီး ရိုးရိုးရှင်းရှင်းရှိခဲ့သည်။ ထိုသင်ခန်းစာများသည် အဖြေထုတ်ရန်မလိုသော လမ်းညွှန်ချက် သင်ခန်းစာများ ဖြစ်ခဲ့သည်။ ထိုလမ်းညွှန်ချက်များကပင် အပြောင်းအလဲများပြီး မသေချာလွန်းသော လောကကြီးတွင် မည်သို့ပင် ဖြစ်နေစေကာမူ သင်နှင့် သင်၏ ရင်သွေးများကို ချမ်းသာကြွယ်ဝသည့် ဘဝသို့ ရောက်ရှိအောင် အထောက်အကူ ပေးနိုင်ပါသည်။

♦

# အခန်း (၂)
# ချမ်းသာသော ဖေဖေသည်
# ငွေအတွက် အလုပ်မလုပ်ပါ

"ဖေဖေ၊ ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော့်ကို ပြောပြမလား"

ကျွန်တော်၏ဖေဖေက ညနေခင်းသတင်းစာကို ပြန်ချထားလိုက်ပြီး "မင်းက ဘာဖြစ်လို့ ချမ်းသာချင်ရ တာလဲ သားရဲ့" ဟု ကျွန်တော့်ကို မေးပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ပဲ ဂျင်မီတို့ မေမေ က ကာဒဲလစ်ကားသစ်ကြီး စီးလာလို့ပါ။ ဒီတစ်ပတ် ကျောင်းပိတ်ရက်ဆို သူတို့က ကမ်းခြေကအိမ်ကို သွားကြမှာတဲ့။ ဂျင်မီက သူတို့နဲ့အတူ သူ့သူငယ်ချင်း သုံးယောက်ကိုပါ ခေါ်သွားတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ မိုက်ခ်ကိုတော့ မခေါ်ဘူး။ ကျွန်တော်တို့က ဆင်းရဲလို့ သူတို့နဲ့ အတူ ခေါ်မသွားချင်တာလို့ သူကပြောသွားသေးတယ်"

http://www.cherrythitsar.org



"သူက အဲဒီလိုပဲပြောသလားကွ" ဟု ဖေဖေက မယုံနိုင်သည့်လေသံဖြင့် မေးပါသည်။

"ဟုတ်တယ်ဖေဖေ၊ အဲဒီအတိုင်း ပြောသွားတာ"ဟု ကျွန်တော်က စိတ်မကောင်းစွာ ဖြေလိုက်သည်။

ကျွန်တော့်ဖေဖေက ခေါင်းကို အသာယမ်းခါရင်း မျက်မှန်ကို နှာခေါင်းအပေါ်သို့ ပင့်တင်လိုက်ကာ သတင်းစာကို ဆက်ဖတ်နေသည်။ ကျွန်တော်ကတော့ ဖေဖေ ပြန်ဖြေမည်အထင်နှင့် စောင့်နေမိသည်။

ထိုအချိန်က ၁၉၅၆ခုနှစ်။ ကျွန်တော့်အသက်ကလည်း ကိုးနှစ်သာ ရှိသေးသည်။ သို့ရာတွင်လည်း ကံကြမ္မာ၏ အလှည့်အပြောင်းကြောင့် ကျွန်တော်သည် သူဌေးသားတွေနေသော ကျောင်းတွင် ကျောင်းတက်ခဲ့ရသည်။ ကျွန်တော်တို့ မြို့၏ အခြေခံထွက်ကုန်မှာ ကြံဖြစ်သည်။ ကြံစိုက်ခင်းမန်နေဂျာများ၊ ဆရာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းပိုင်ရှင်တို့က သူတို့၏ သားသမီးများကို ထိုကျောင်းမှာ ထားကြသည်။ ကျောင်းက ဆဋ္ဌမတန်းအထိသာ ရှိသည်။ ခြောက်တန်းအောင်ပြီးလျှင်တော့ ထို ပိုက်ဆံချမ်းသာသူများက သူတို့၏ သားသမီးများကို ပုဂ္ဂလိကကျောင်းများသို့ ပို့ကြသည်။ ကျွန်တော် ထိုကျောင်းကို တက်ဖြစ်ရခြင်းမှာလည်း ကျွန်တော်တို့အိမ်သည် ကျောင်းနှင့် တစ်လမ်းတည်းရှိနေသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့အိမ်သည် လမ်း၏ အခြားတစ်ဖက်မှာသာ ရှိမည်ဆိုပါက ကျွန်တော်တို့

http://www.cherrythitsar.org



နှင့် လူနေမှုစရိုက်ချင်းတူညီကြသည့် ဘဝတူ ကျောင်းသားများတက်နေသည့် ကျောင်းတစ်ကျောင်းသို့ သွားတက်မိမှာ သေချာသည်။

နောက်ဆုံးမှ ကျွန်တော့်ဖေဖေသည် သတင်းစာကို လက်မှ ချလိုက်သည်။ ဖေဖေ စဉ်းစားခန်းဝင်နေခြင်းဖြစ်သည်ဆိုတာကို ကျွန်တော် အတတ်သိလိုက်ပါသည်။

"ဒီလိုရှိတယ် ငါ့သား။ မင်း ချမ်းသာချင်တယ်ဆိုရင်တော့ ငွေရအောင် ဘယ်လိုရှာရမလဲဆိုတာ သင်ယူဖို့ လိုတယ်" ဟု ဖေဖေက ပြောပါသည်။

"ကျွန်တော်က ငွေကို ဘယ်လိုရှာရမှာလဲ"

"မင်းရဲ့ ခေါင်းကိုသုံးပေါ့ သားရဲ့။ ဖေဖေကတော့ ဒီလောက်ပဲ ပြောနိုင်တယ်။ အဖြေကိုတော့ ဖေဖေလည်း မသိဘူးကွ။ ဒီတော့ ဖေဖေ့ကို အရှက်မခွဲနဲ့ ပေါ့ကွာ"ဟု ဖေဖေက ပြုံးရင်း ပြောပြသည်။ ဖေဖေ အတည်ပြောနေသည်ဆိုတာ ကျွန်တော် ရိပ်စားမိပါသည်။

## အဖော်တွေ့ပြီ

နောက်တစ်နေ့ မနက်ခင်းတွင် ကျွန်တော်အခင်မင်ဆုံး သူငယ်ချင်းဖြစ်သည့် မိုက်ခ်အား ကျွန်တော့်ဖေဖေ ပြောပြသည့် စကားတွေကို ဖောက်သည်ချမိသည်။ ကျွန်တော်နှင့် မိုက်ခ်သည် ကျောင်းသားတွေထဲ

http://www.cherrythitsar.org



တွင် အဆင်းရဲဆုံး ကျောင်းသားများ ဖြစ်ကြသည်။ မိုက်ခ် သည်လည်းပဲ ကျွန်တော့်လိုပင် ကံကြမ္မာ၏ အလှည့် အပြောင်းကြောင့် ရောက်ရှိလာရသူ ဖြစ်သည်။ ကျွန် တော်တို့နှစ်ယောက်သည် ချမ်းသာသည့် ကျောင်းသား များစွာရှိနေသည့် ကျောင်းတွင် ကံဇာတ်ဆရာ၏ ဖန်တီး မှုကြောင့် ရောက်ရှိလာကြသူများပမာ ဖြစ်နေကြသည်။ အမှန်မှာတော့ ကျွန်တော်တို့ နှစ်ယောက်သည် အမှန် တကယ် ဆင်းရဲသူများ မဟုတ်ကြပါ။ သို့ရာတွင် တခြား ကျောင်းသားများသည် ဘေ့စ်ဘောလက်အိတ် အသစ် များ၊ စက်ဘီးအသစ်များ၊ နှင့် အသစ်အဆန်း မှန်သမျှကို ကိုင်တွယ်သုံးစွဲနေသောကြောင့် ကျွန်တော်တို့သည် မိမိ ကိုယ်မိမိ ဆင်းရဲသည်ဟု ယူဆနေမိခြင်း ဖြစ်သည်။

ကျွန်တော့် မိဘများက ကျွန်တော်တို့အတွက် စားစရာ၊ နေစရာ၊ အဝတ်အစားတို့ကို ဆင်ယင်ပေးပါ သည်။ သို့ရာတွင် ထိုအခြေခံ လိုအပ်ချက်များကို သာမန် မျှသာ ဆင်ယင်ပေးထားခြင်း ဖြစ်သည်။ ကျွန်တော် တစ် ခုခု လိုချင်လျှင် အလုပ်လုပ်မှ ရမည်ဟု ကျွန်တော့်ဖေဖေ က အမြဲပြောလေ့ရှိသည်။ ကျွန်တော်တို့ လိုချင်သည့် ပစ္စည်းတွေက အလွန်ပင် များပြားသည်မှာ မှန်သော် လည်း ကျွန်တော်တို့လို ကိုးနှစ်အရွယ် ကလေးများ အတွက် လုပ်စရာ အလုပ်ဟူ၍ မရှိသလောက်ပင်။

"ဒီတော့ ငါတို့ ပိုက်ဆံရဖို့ ဘာလုပ်ကြမလဲ" ဟု မိုက်ခ်က ကျွန်တော့်ကို မေးပါသည်။

http://www.cherrythitsar.org



"ငါလည်း ဘယ်သိမလဲကွ။ ဒါနဲ့ မင်းက ငါနဲ့ တွဲပြီး လုပ်ချင်သလား" ဟု ကျွန်တော်က မိုက်ခ်ကို မေး လိုက်သည်။

ဤသို့နှင့် ထိုစနေနေ့တွင် မိုက်ခ်သည် ကျွန် တော်၏ စီးပွားရေး အဖော်တစ်ယောက် ဖြစ်လာခဲ့သည်။ ကျွန်တော်တို့သည် ပိုက်ဆံရအောင် ရှာဖို့အတွက် နည်း ပေါင်းစုံ စဉ်းစားကာ အကြံထုတ်ရင်း တစ်မနက်လုံး အချိန်ကုန်ခဲ့သည်။ ဂျင်မီ၏ ကမ်းခြေအိမ်တွင် အပျော် ခရီးထွက်နေကြသည့် ကျောင်းသားများအကြောင်းကို ကျွန်တော်တို့ ရံဖန်ရံခါ ပြောဖြစ်ကြသည်။ ထိုအကြောင်း ပြောမိသည့်အခါတိုင်း ရင်နာရသည်။ သို့ရာတွင် ထို နာ ကျင်မှုသည် ကျွန်တော်တို့အတွက် ကောင်းသော နာ ကျင်မှုတစ်ခု ဖြစ်လာခဲ့သည်။ အကြောင်းမှာ ထိုနာကျင် မှုကြောင့်ပင် ပိုက်ဆံရှာဖွေရမည့် နည်းလမ်းကို တွေးမိ စေသောကြောင့် ဖြစ်သည်။ နောက်ဆုံးတော့ ထိုနေ့ ညနေခင်းတွင် ကျွန်တော်တို့ ခေါင်းထဲ၌ အကြံတစ်ခု ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်။ ထိုအကြံမှာ မိုက်ခ် သိပ္ပံစာအုပ်တစ်အုပ် ဖတ်ထားရာမှ ရရှိလာသော အကြံ ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်သည် စိတ်လှုပ်ရှား စွာဖြင့် လက်ချင်းချိတ်လိုက်မိသည်။ မိုက်နှင့်ကျွန်တော် အဖော်ကောင်းတွေ ဖြစ်လာသလို ယခုဆိုလျှင် လုပ်ငန်း တစ်ခုကိုပင် စတင်ကြရတော့မည်မဟုတ်လား။

ကျွန်တော်တို့သည် ထိုနေ့မှစ၍ နောင် သီတင်း

http://www.cherrythitsar.org



ပတ်ပေါင်းများစွာ ကြာသည်အထိ သွားတိုက်ဆေး ဗူးခွံများကို ရနိုင်သမျှ လိုက်လံစုဆောင်းခဲ့ကြသည်။ ဗူးခွံများ အလုံအလောက် ရရှိလာသောအခါ ကျွန်တော်တို့သည် ထိုဗူးခွံများကို အရည်ကျိုပြီး ခဲရည်များကို ပလာစတာ ပုံစံခွက်များထဲသို့ လောင်းထည့်ကြသည်။

ကျွန်တော်တို့ ပုံသွင်းပြီးသွားသောအခါ ဖေဖေက ကျွန်တော်တို့ထံသို့ လျှောက်လာပြီး ကျွန်တော်တို့၏ လုပ်ရပ်ကို စောင့်ကြည့်သည်။

"သားတို့ ဘာတွေ လုပ်နေကြတာလဲကွဲ့" ဟု ဖေဖေက အမှတ်ထင်ထင်ပြုံးရင်း မေးသည်။

"ဖေဖေ လုပ်ခိုင်းတဲ့အတိုင်း လုပ်နေတာလေ။ သားတို့ ပိုက်ဆံရှာနေတာပေ့ါ။ ပိုက်ဆံတွေရရင် သားတို့ ချမ်းသာလာမှာ" ဟု ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။

ထို့နောက် ကျွန်တော်က ပုံစံခွက်တစ်ခုကို ခေါက်လိုက်ပြီး တစ်ခြမ်းကို ခွာလိုက်ရာ အကြွေစေ့ သဏ္ဌာန် ခဲပြားလေး ထွက်ကျလာပါသည်။

"အို၊ ဘုရားသခင်။ မင်းတို့က ခဲတွေကနေ အကြွေစေ့ဖြစ်အောင် လုပ်နေကြတာကိုးကွ" ဟု ဖေဖေက ဆိုကာ ပြုံးနေပါသည်။

ထို့နောက် ဖေဖေက ပိုက်ဆံအတုလုပ်ခြင်း၏ အပြစ်များကို ကျွန်တော်တို့အား ရှင်းပြပါသည်။ ထိုအခါ ကျွန်တော်တို့၏ အိပ်မက်များသည်လည်း တစ်စစီ လွင့်ပြယ်သွားရတော့သည်။

http://www.cherrythitsar.org



"ကျွန်တော်တို့ ဒီလိုလုပ်တာ တရားမဝင်ဘူး လို့ ဖေဖေက ဆိုချင်တာလား" ဟု မိုက်ခ်က မေးပါသည်။

"ဟုတ်တယ်၊ မင်းတို့ ဒီလိုလုပ်နေတာတွေက တရားဥပဒေနဲ့ ဆန့်ကျင်နေတယ်။ ဒါပေမဲ့ မင်းတို့မှာ တီထွင်နိုင်တဲ့ ကိုယ်ပိုင်အတွေးတွေ ရှိနေတယ်ဆိုတာ တော့ ပေါ်လွင်သွားတယ်။ ဆက်သာ ကြိုးစားကြကွာ။ သားတို့အတွက် ဖေဖေ ဂုဏ်ယူပါတယ်" ဟု ဖေဖေက သိမ်မွေ့စွာ ပြောပါသည်။

ကျွန်တော်နှင့် မိုက်ခ်ကတော့ အတော့်ကို စိတ် ပျက်သွားသည်။

"ဖေဖေ၊ ဖေဖေက ဘာဖြစ်လို့ မချမ်းသာတာ လဲဟင်" ဟု ကျွန်တော်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကျောင်း ဆရာ ဘဝကို ရွေးချယ်လိုက်လို့ပေါ့ကွာ။ ကျောင်းဆရာ ဆိုတာမျိုးက ချမ်းသာကြွယ်ဝဖို့ သိပ်ပြီး တွေးတောတတ် တာမဟုတ်ဘူးကွဲ့။ စာသင်ရတာကိုပဲ ကျေနပ်နေကြ တာ။ ဖေဖေလည်း တတ်နိုင်ရင်တော့ သားတို့ကို ကူညီ ချင်တာပေါ့ကွယ်။ ဒါပေမဲ့ ပိုက်ဆံကို ဘယ်လိုရှာရမလဲ ဆိုတာ ဖေဖေကိုယ်တိုင်က မသိတော့ အခက်သား"

မိုက်ခ်နှင့် ကျွန်တော်သည် ခဲရည်လောင်းသည့် အမှိုက်များကို ရှင်းလင်းကြသည်။

"ဖေဖေသိပြီ။ သားတို့ ချမ်းသာချင်တယ်ဆိုရင်၊ ချမ်းသာတဲ့နည်းလမ်းကို သင်ယူချင်တယ်ဆိုရင် ဖေဖေ့

http://www.cherrythitsar.org



ကို မမေးနဲ့။ မိုက်ခ်၊ သားရဲ့ ဖေဖေကို ပြောကြည့်” ဟု ဖေဖေက ဆိုပါသည်။

“ကျွန်တော့်ဖေဖေကို မေးရမယ် ဟုတ်လား” ဟု မိုက်ခ်က ရှုံ့မဲ့နေသော မျက်နှာထားနှင့် ပြောသည်။

“ဟုတ်တယ်။ မင်းဖေဖေကို မေးကြည့်” ဟု ကျွန်တော့်ဖေဖေက ပြုံးရင်း ထပ်ပြောသည်။

“မင်းဖေဖေနဲ့ ဦးက ဘဏ်လုပ်ငန်း ပိုင်ရှင်တစ်ယောက်နဲ့ အတူတူ ဆက်ဆံကြတာ။ အဲဒီဘဏ်လုပ်ငန်း ပိုင်ရှင်က မင်းဖေဖေအကြောင်းဆို သိပ်ပြီး ချီးမွမ်းတာ။ ငွေကြေးနဲ့ ပတ်သက်ရင် မင်းဖေဖေလောက် ထူးချွန်တဲ့ သူ မရှိဘူးဆိုတဲ့စကားကို သူက မကြာမကြာ ပြောပြတယ်” ဟု ဖေဖေက ဆိုပါသည်။

“ကျွန်တော့်ဖေဖေ ဟုတ်လား” ဟု မိုက်ခ်က မယုံကြည်နိုင်စွာပင် နောက်တစ်ခါ ပြန်မေးသည်။

“ကျွန်တော်တို့မှာ ကျောင်းက သူဌေးသားတွေလို ကားကောင်းကောင်း၊ အိမ် ကောင်းကောင်း ရှိမှ မရှိတာ” ဟု မိုက်ခ်က ဆိုပါသည်။

“ကားကောင်းကောင်း အိမ်ကောင်းကောင်း ရှိမှ ချမ်းသာတယ်လို့ ပြောလို့မရဘူးကွဲ့။ ငွေရအောင် ဘယ် လိုရှာရသလဲဆိုတဲ့ အချက်ကိုပဲ နားလည်ဖို့ လိုတယ်” ဟု ဖေဖေက ရှင်းပြပါသည်။

“ဂျင်မီ့ဖေဖေက ကြံစိုက်ခင်းအတွက် အလုပ် လုပ်နေတာကွဲ့။ သူ့ဖေဖေနဲ့ ဦးက သိပ်ပြီး ကွာလှတာ

မဟုတ်ဘူး။ သူက ကုမ္ပဏီအတွက် အလုပ်လုပ်တယ်။ ဦးက အစိုးရအတွက် အလုပ်လုပ်တယ်။ သူတို့စီးတဲ့ကား က ကုမ္ပဏီက ဝယ်ပေးထားတာ။ တကယ်လို့ ကြံစိုက်ခင်း ကုမ္ပဏီ ငွေကြေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရတယ်။ သိပ်မကြာခင်မှာ ဂျင်မီတို့လည်း အခြေမဲ့တဲ့ဘဝ ရောက် သွားနိုင်တယ်။ မင်းရဲ့ ဖေဖေကတော့ ဂျင်မီ့ဖေဖေနဲ့ လုံးဝ မတူဘူး။ မင်းဖေဖေက စီးပွားရေး နယ်ပယ်ကြီး တစ်ခု တည်ဆောက်နေပုံရတယ်။ ဦးအထင်ပြောရရင် နှစ်အနည်းငယ်အတွင်းမှာ သူဟာ အလွန်ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်” ဟု ဖေဖေက မိုက်ခ် ကို ရှင်းပြသည်။

ထိုစကားကြောင့် ကျွန်တော်တို့နှစ်ယောက် စလုံး စိတ်တွေ လှုပ်ရှားသွားကြပြန်သည်။ ကျွန်တော် တို့နှစ်ယောက်သည် စိတ်ဓာတ်တက်ကြွမှု အသစ်များ ဖြင့် ပထမဦးဆုံး လုပ်ငန်းစဉ်ဖြစ်သည့် ခဲအမှိုက်များကို ရှင်းလင်းပစ်လိုက်ကြသည်။ ကျွန်တော်တို့သည် သန့်ရှင်း ရေး လုပ်နေရင်းနှင့် မိုက်ခ်၏ ဖေဖေကို ဘယ်အချိန်တွင် ပြောရမလဲဆိုတာကို စီမံကိန်းတွေ ရေးဆွဲနေမိသည်။ ပြဿနာရှိသည်က မိုက်ခ်၏ ဖေဖေသည် တစ်နေ့တွင် နာရီပေါင်းများစွာ အလုပ် လုပ်နေသောကြောင့် အိမ်ကို စောစော ပြန်ရောက်ခဲ့သည်။ မိုက်ခ်၏ ဖေဖေသည် ကုန်လှောင်ရုံများ၊ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၊ စတိုး ဆိုင်ခွဲများနှင့် စားသောက်ဆိုင် သုံးဆိုင် ပိုင်ဆိုင်သူ ဖြစ်

http://www.cherrythitsar.org



သည်။ သူ အိမ်ပြန်နောက်ကျရသည့် အကြောင်းအရင်း မှာလည်း စားသောက်ဆိုင်များကြောင့်ပင် ဖြစ်သည်။

ဤသို့နှင့် ကျွန်တော်တို့ကိစ္စကို မိုက်ခ်က သူ့ ဖေဖေအား ပြောပြလိုက်သည်။ သူ့ ဖေဖေက လာမည့် စနေနေ့တွင် သူ့ကို လာတွေ့ဖို့ ကျွန်တော့်ကို မှာလိုက် သည်။

စနေနေ့ မနက် ၇း၃၀တွင် ကျွန်တော်သည် မြို့၏ ဆင်းရဲသား အများစုနေထိုင်သည့်ဖက်သို့ သွား သည့် ဘတ်စ်ကားကို စီးနင်းလိုက်ပါသွားခဲ့သည်။

## သင်ခန်းစာ စပြီ

"မင်းတို့ကို တစ်နာရီ ဆယ်ဆင့် ပေးမယ်"

၁၉၅၆ခုနှစ် အနေအထားအရဆိုလျှင်ပင် တစ် နာရီ ၁၀ဆင့်ဆိုသော လုပ်ခမှာ အလွန်ပင် နည်းပါးလှ ပါသည်။

မိုက်ခ်နှင့် ကျွန်တော်သည် သူ့ဖေဖေနှင့် ထိုနေ့ မနက် ရှစ်နာရီတွင် တွေ့ကြသည်။ ထိုအချိန်၌ သူသည် တစ်နာရီလောက် အလုပ်တွေ လုပ်ကိုင်ပြီးစီးနေပြီဖြစ် သည်။ ရိုးရိုးရှင်းရှင်းနှင့် သပ်ရပ်သည့် သူတို့ အိမ်ငယ် လေးထဲကို ကျွန်တော် ရောက်သွားချိန်၌ သူ၏ ဆောက် လုပ်ရေး ကြီးကြပ်သူတစ်ယောက်မှာ ထရပ်ကားတစ်စီး ဖြင့် သူတို့အိမ်မှ ထွက်ခွာသွားပြီဖြစ်သည်။ မိုက်ခ်က

http://www.cherrythitsar.org



ကျွန်တော့်ကို တံခါးဝမှာ လာကြိုသည်။

"ဖေဖေ ဖုန်းပြောနေတယ်ကွ။ နောက်ဖေးက ဆင်ဝင်မှာ စောင့်နေလို့ ငါ့ကို ပြောထားတယ်" ဟု မိုက်ခ်က တံခါးဖွင့်ရင်း ကျွန်တော့်ကို ဆီးပြောသည်။

အိုမင်းနေပြီဖြစ်သော သူတို့၏ အိမ်အဝင် ကြမ်းခင်းအတိုင်း ကျွန်တော် လျှောက်ဝင်သွားသောအခါ သစ်သားကြမ်းပြင်က တကျွိကျွိ မည်သွားသည်။ တံခါး အတွင်းပိုင်းမှာလည်း ဈေးပေါပေါ ဖျာတစ်ချပ်ကို ခင်း ထားသည်။ ထိုဖျာကလည်း ကြာမြင့်လှပြီဖြစ်သော အိမ် ၏ သက်တမ်းတစ်လျှောက်တွင် ထင်ကျန်ရစ်နေသည့် ခြေရာအစအနများကို ကွယ်ဝှက်ထားခြင်းမျှသာ ဖြစ်ပါ သည်။ ထိုဖျာသည် သန့်သန့်ရှင်းရှင်း ဖြစ်နေသော်လည်း အသစ်လဲဖို့ အချိန်တန်နေပြီ ဖြစ်သည်။

ကျဉ်းမြောင်းသော ဧည့်ခန်းအတွင်းသို့ ဝင် ရောက်သွားသောအခါ ယနေ့ခေတ်တွင် ရှေးဟောင်း ပစ္စည်း စုဆောင်းသူများ အကြိုက်တွေ့လောက်မည့် ပရိ ဘောဂ အဟောင်းအမြင်းများ ပြည့်ကျပ်နေသည့် မြင် ကွင်းကြောင့် မွန်းကျပ်လာသလို ခံစားရသည်။

"ပိုက်ဆံကို ဘယ်လိုလုပ်ရမလဲဆိုတာ သင်ပေး နိုင်မလားလို့ ဖေဖေ့ကို ငါ မေးထားတယ်ကွ" ဟု မိုက်ခ် က ဆိုပါသည်။

"ဟုတ်လား၊ ဒီတော့ သူက ဘာပြန်ပြောလဲကွ" ဟု ကျွန်တော်က သိချင်စိတ် ပြင်းပြစွာ မေးလိုက်မိသည်။

http://www.cherrythitsar.org



"ပြောပြောချင်းတော့ ဖေဖေ့မျက်နှာက ပြောင်စပ်စပ် ဖြစ်သွားတယ်ကွ။ ပြီးတော့မှ သူ့အနေနဲ့ ငါတို့ကို သင်ပေးမယ်လို့ ပြောတယ်" ဟု မိုက်ခ်က ဆိုပါသည်။

"ဟုတ်လား" ဟု ကျွန်တော်က ပြောကာ ကုလားထိုင် နောက်ခြေထောက်နှစ်ချောင်းကို အားပြုပြီး နံရံကို မှီလိုက်သည်။ မိုက်ခ်ကလည်း ကျွန်တော်လုပ်သည့်အတိုင်း လိုက်လုပ်သည်။

"သူက ဘာတွေလုပ်ပေးမယ်ဆိုတာ မင်းသိလား" ဟု ကျွန်တော်က မေးလိုက်သည်။

"သိဘူးကွ။ ခဏနေရင် သိရမှာပါကွာ"

ရုတ်တရက်ဆိုသလိုပင် မိုက်ခ်၏ ဖေဖေသည် ခနော်နီခနော်နဲ့ သံဆန်ကာတံခါးမှနေ၍ ကျွန်တော်တို့ရှိရာ ဆင်ဝင်သို့ ရောက်ချလာပါသည်။ ကျွန်တော်နှင့် မိုက်ခ် ထခုန်လိုက်မိသည်။ လူကြီးကို အရိုအသေမတန်သောကြောင့် မဟုတ်ပါ။ လန့်သွားသောကြောင့် ထခုန်မိကြခြင်း ဖြစ်ပါသည်။

"မောင်ရင်လေးတို့ အသင့်ဖြစ်ပြီလား" ဟု မိုက်ခ်၏ ဖေဖေက သူထိုင်ဖို့ ကုလားထိုင်ကို ဆွဲယူရင်း ကျွန်တော်တို့ကို မေးပါသည်။

ကျွန်တော်တို့နှစ်ယောက်ကလည်း ကုလားထိုင်များကို သူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ထိုင်ရန် ဆွဲယူလိုက်ရင်း အသင့်ရှိနေပြီဖြစ်ကြောင်း ခေါင်းညိတ်ပြမိကြသည်။

http://www.cherrythitsar.org



မိုက်ခ်ဖေဖေမှာ လူထွားကြီးဖြစ်သည်။ အရပ်မှာ ခြောက်ပေခန့်ရှိပြီး ကိုယ်အလေးချိန် ပေါင် ၂၀၀ခန့်ရှိမည်ထင်သည်။ ကျွန်တော့် ဖေဖေက မိုက်ခ်၏ဖေဖေထက် အရပ်ပိုရှည်သော်လည်း ကိုယ်အလေးချိန်ကတော့ အတူတူလောက်ပင်။ ကျွန်တော့်ဖေဖေက မိုက်ခ်၏ဖေဖေထက် ငါးနှစ်ပိုကြီးသည်။ သူတို့နှစ်ယောက်မှာ လူမျိုးချင်းမတူသော်လည်း ပုံသဏ္ဌာန်ချင်းက ခပ်ဆင်ဆင်တူသည်။ သူတို့၏ စွမ်းအင်များသည်လည်း အတူတူပင်ဖြစ်လောက်သည်။

"မိုက်ခ်ကပြောတယ်။ မင်းက ပိုက်ဆံကို ဘယ်လို ရအောင်ရှာရမလဲဆိုတာ သင်ချင်လို့ဆို။ အဲဒါ အမှန်ပဲလား ရောဘတ်"

ကျွန်တော် ခေါင်းကို အမြန်ညိတ်လိုက်မိသည်။ သို့ရာတွင် အထိတ်တလန့်နှင့် ညိတ်လိုက်မိခြင်းဖြစ်သည်။ သူ၏ အပြုံးနှင့် စကားလုံးတို့၏ နောက်ကွယ်တွင် စွမ်းအင်တွေ အပြည့်အဝ ရှိနေပါသည်။

"ကောင်းပြီ။ မင်းတို့ကို သင်ပေးမယ်။ ဒါပေမဲ့ မင်းတို့ စာသင်ခန်းထဲမှာ သင်ယူသလိုမျိုး သင်ပေးမှာ မဟုတ်ဘူးနော်။ မင်းတို့က ငါ့အတွက် အလုပ် လုပ်ပေးရမယ်။ ငါက မင်းတို့ကို ငွေကို ဘယ်လိုလုပ်ရှာသလဲဆိုတာ သင်ပေးမယ်။ ငါ့အတွက် အလုပ် လုပ်မပေးနိုင်ဘူးဆိုရင်တော့ မင်းတို့ကို သင်မပေးနိုင်ဘူး။ မင်းတို့ အလုပ် လုပ်မယ်ဆိုရင် မြန်မြန် သင်ပေးလို့ရမယ်။

http://www.cherrythitsar.org



ကျောင်းစာလိုပဲ ထိုင်ပြီး နားထောင်နေမယ် ဆိုရင်တော့ ငါ့ရဲ့ အချိန်တွေ အလဟဿ ဖြစ်သွားလိမ့်မယ်။ ဒါ ငါလုပ်ပေးနိုင်တာပဲ။ လုပ်ရင်လုပ်၊ မလုပ်ရင်လည်း ဖြစ်တယ်"

"အင်း . . . အရင်ဆုံး ကျွန်တော် မေးခွန်းတစ်ခုမေး ပါရစေ" ဟု ကျွန်တော်က ပြောလိုက်သည်။

"မရဘူး။ လုပ်ရင်လုပ်မယ်၊ မလုပ်ရင် မလုပ်ဘူး။ တစ်ခုပဲလိုချင်တယ်။ ငါ့ရဲ့ အချိန်တွေကို ဖြုန်းတီးဖို့အတွက် ငါ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်။ မင်းအနေနဲ့ ကိုယ့်ရဲ့ စိတ်ကို ဆုံးဖြတ်ချက်ချဖို့တောင် မစွမ်းဘူးဆိုရင် ငွေကို ဘယ်လိုရှာရမလဲဆိုတာ သင်ယူနိုင်ဖို့ ပိုတောင် ဝေးသွားပြီ။ အခွင့်အလမ်းဆိုတာမျိုးက ပေါ်လာလိုက် ပျောက်သွားလိုက်ပဲကွ။ ဒီတော့ ဘယ်အချိန်မှာ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက် ချရမလဲဆိုတာ သိနေတာကလည်း အရေးကြီးတဲ့ ကျွမ်းကျင်မှုတစ်ခုပဲ။ အခု မင်းတောင်းဆိုတဲ့ အခွင့်အရေးတစ်ခု မင်းအတွက် ပေါ်လာပြီလေ။ မင်းရဲ့ သင်တန်းက စမှာလား။ မစဘူးလား။ ဆယ်မိနစ်ပဲ အချိန်ရှိတယ်နော်" ဟု မိုက်ခ်၏ ဖေဖေက ကြီစယ်ပြုံးပြုံးရင်း ကျွန်တော့်ကို ပြောသည်။

"စမယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

"စမယ်" ဟု မိုက်ခ်ကလည်း ပြောသည်။

"ကောင်းပြီ။ ဆယ်မိနစ်အတွင်းမှာ မစ္စစ် မာတင် ရောက်လာလိမ့်မယ်။ ငါ သူနဲ့ စကားပြောပြီးသွား

http://www.cherrythitsar.org



ရင် မင်းတို့ သူနဲ့အတူ ငါ့ရဲ့ အလုပ်ကို လိုက်ခဲ့။ ပြီးရင် မင်းတို့ အလုပ်စလို့ရပြီ။ မင်းတို့ကို တစ်နာရီ ဆယ်ဆင့် ပေးမယ်။ စနေနေ့တိုင်း သုံးနာရီ အလုပ် လုပ်ရမယ်"

"ကျွန်တော်က စနေနေ့ဆိုရင်ဘောလုံးကန်စရာ ရှိတယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

ထိုအခါ မိုက်ခ်၏ ဖေဖေက သူ၏ လေသံကို အတည် အခန့်ပုံစံ ပြောင်းလိုက်ပြီးနောက် "လုပ်မလား၊ မလုပ်ဘူးလား" ဟု ကျွန်တော့်ကို မေးပါသည်။

"ကျွန်တော် လုပ်မယ်" ဟု ပြန်ဖြေလိုက်ပြီး စနေနေ့တွင် ဘောလုံးကန်ရမည့်အစား အလုပ် လုပ်ရန်ကိုသာ ရွေးချယ်ခဲ့သည်။

## နောက်ပိုင်းတွင် ဆင့် ၃၀ဖြစ်သွားပြီ

လှပသော စနေနေ့မနက်ခင်း ကိုးနာရီတွင် မိုက်ခ်နှင့် ကျွန်တော်သည် မစ္စစ်မာတင်အတွက် အလုပ်လုပ်ရပါသည်။ မစ္စစ်မာတင်သည် အလွန်ကြင်နာပြီး သည်းခံတတ်သော အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။ ကျွန်တော်နှင့် မိုက်ခ်ကို မြင်တွေ့နေရသောအခါ သူ၏ အရွယ်ရောက်ပြီး ကွယ်လွန်သွားရှာပြီဖြစ်သည့် သားနှစ်ယောက်ကို အလွန်ပင် သတိရမိသည်ဟု ကျွန်တော်တို့ကို မကြာခဏ ပြောပါသည်။ သူသည် ကြင်နာတတ်သူဖြစ်သော်လည်း အလုပ်ကြိုးစားခြင်းကို ယုံကြည်

http://www.cherrythitsar.org



သူတစ်ယောက် ဖြစ်သည်။ ကျွန်တော်တို့ကိုလည်း အလုပ်နှင့်လက် မပြတ်အောင် စေခိုင်းတတ်ပါသည်။ သူသည် အလုပ်သမားကြီးကြပ်ရေးမှူး ဖြစ်သည်။ ကျွန်တော်နှင့် မိုက်ခ်သည် စည်သွပ်ထားသော သံဗူးများကို စင်ပေါ်မှချပြီး ဖုန်သုတ်တံတစ်ခုနှင့် ဖုန်သုတ်ကာ စင်တွေပေါ်သို့ သပ်သပ် ရပ်ရပ် ပြန်တင်ရသည်။ ကျွန်တော်တို့သည် ထိုအလုပ်ကို သုံးနာရီလုံးလုံး လုပ်ကြရသောကြောင့် အလွန်ပင် ငြီးငွေ့မိသည်။

ကျွန်တော်၏ ချမ်းသာသော ဖေဖေဟု ခေါ်သော မိုက်ခ်၏ ဖေဖေက ကားရပ်သည့်နေရာတွေ အကျယ်ကြီးရှိသည့် ထိုကဲ့သို့သော ကုန်စုံဆိုင်မျိုးတွေကို ဆိုင်ခွဲကိုးခုခန့် ပိုင်ဆိုင်သည်။ ထိုကုန်စုံဆိုင်များမှာ **7-11** ကုန်စုံဆိုင်များ ခေတ်မစားမီက ထွန်းကားခဲ့သော ကုန်စုံဆိုင်များပင် ဖြစ်သည်။ အနီးအပါးတွင် ရှိနေသော စတိုးဆိုင်များသို့ လူတွေက နွားနို့ ပေါင်မုန့် ထောပတ်နှင့် စီးကရက် စသည့် ပစ္စည်းများကို လာရောက် ဝယ်ယူကြသည်။ ပြဿနာရှိသည်က ကျွန်တော်တို့၏ ဒေသမှာ ဟာဝိုင်အီဖြစ်နေသည်က တစ်ကြောင်း၊ ထိုခေတ်ထိုအခါ က လေအေးစက်များ မပေါ်သေးသည်ကတစ်ကြောင်းမို့ ရာသီဥတုက ပူအိုက်လှသည်ဖြစ်ရာ ဆိုင်တံခါးတွေကို အမြဲဖွင့်ထားရသည်။ ထို့ကြောင့် ဆိုင်၏ ဘေးဖက်နှစ် ဖက်တွင် ပြတင်းပေါက်တွေကို အမြဲ ဖွင့်ထားရသည်။ ဆိုင်ပြတင်းတံခါးတွေကို ကားရပ်သည့်ကွက်လပ်တွေဖက်

http://www.cherrythitsar.org



လှည့်ထားရသောကြောင့် ကားတစ်စင်း ထွက်သွားသည့် အခါတိုင်း ဖုန်တွေက ဆိုင်ထဲကို အလုံးလိုက် လိမ့်ပြီး ဝင်လာစမြဲပင်။

ထို့ကြောင့် ကျွန်တော်တို့သည် လေအေးစက်များ မရှိသမျှ ကာလပတ်လုံး ဖုန်သုတ်သည့် အလုပ်ကို လုပ်နေကြရမည်ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်သည် မစ္စစ် မာတင်ကို သတင်းပို့ပြီး သုံးနာရီအလုပ် စလုပ်လာခဲ့သည်မှာ သုံးပတ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ နေမွန်းတည့်လျှင် ကျွန်တော်တို့၏ အလုပ်ချိန် ပြီးသွားပြီဖြစ်သည်။ ကျွန်တော်တို့ အလုပ်ပြီးလျှင် မစ္စစ်မာတင်က ဆယ်ဆင့်စေ့ သုံးစေ့စီ ကျွန်တော်တို့နှစ်ယောက်ကို ပေးသည်။ ကျွန်တော်တို့၏ အသက်များမှာ ကိုးနှစ်သားအရွယ်သာရှိပြီး အချိန်ကာလမှာ ၁၉၅၀ခုနှစ်ဖြစ်သော်လည်း ဆင့် ၃၀ဆိုသော ငွေမှာ ကျွန်တော်တို့အတွက် မက်လောက်စရာ ငွေကြေးတစ်ရပ် မဖြစ်ခဲ့ပေ။ ထို့ကြောင့် ကျွန်တော်သည် လုပ်ခရရှိသည့် ဆင့် ၃၀ကို ကာတွန်းစာအုပ်ငှားဖတ်ပြီးမှ အိမ်ကို ပြန်လာခဲ့သည်။

အလုပ်လုပ်သည့် သီတင်းပတ် စတုတ္ထမြောက်နေ့တွင် ကျွန်တော်သည် အလုပ်မှ ထွက်ရန် အသင့်ဖြစ်နေလေပြီ။ ကျွန်တော်သည် ငွေကြေးကို မည်သို့ရှာဖွေရမလဲဆိုတာ မိုက်ခ်၏ ဖေဖေထံမှ သင်ယူချင်သောကြောင့် ထိုအလုပ်ကို လက်ခံရန် သဘောတူခဲ့ခြင်းဖြစ်

http://www.cherrythitsar.org



သည်။ ယခုတော့ ကျွန်တော်သည် တစ်နာရီလျှင် ၁၀ဆင့်စားနှုန်းဖြင့် ကျွန်ခံနေရသလို ဖြစ်နေသည်။ ထို့ထက် ပိုပြီးဆိုးသည်က ကျွန်တော်သည် မိုက်ခ်၏ ဖေဖေကို ပထမဦးဆုံးအကြိမ် တွေ့ပြီးစကတည်းက အခုအချိန်အထိ နောက်ထပ် တစ်ကြိမ်တစ်ခါမျှ မတွေ့ရသေးခြင်းပင် ဖြစ်သည်။

"ငါ အလုပ်ထွက်ပြီကွာ" ဟု နေ့လည်စာထမင်းစားချိန်တွင် မိုက်ခ်ကို ကျွန်တော် ပြောပြလိုက်သည်။ ကျောင်းမှ နေ့လည်စာသည် မျိုမကျနိုင်လောက်အောင်ပင် အခြေအနေ ဆိုးလှပါသည်။ ကျွန်တော်ကျောင်းတက်ရတာကိုလည်း ပျင်းရိနေသည်။ ယခင်က စနေနေ့ရောက်ဖို့အရေးကို မျှော်တွေးနေမိသော်လည်း ယခုတော့ စနေနေ့ကိုလည်း ခေါင်းထဲပင် မထည့်မိတော့ပါ။ ကျွန်တော် စနေနေ့ကို မျှော်ခဲ့ရသည့် အကြောင်းအရင်းမှာလည်း ဆင့် ၃၀ ရသောကြောင့်သာ ဖြစ်ပါသည်။

ယခုတစ်ကြိမ်မှာတော့ ကျွန်တော့်စကားကို မိုက်ခ်က ပြုံးပါသည်။

"မင်းက ဘာရယ်နေတာလဲ" ဟု ကျွန်တော်က စိတ်ပျက်လက်ပျက်နှင့် ဒေါသထွက်ကာ မိုက်ခ်ကို ပြောလိုက်ပါသည်။

"ဒီလို ဖြစ်လာလိမ့်မယ်လို့ ငါ့ဖေဖေက ကြိုပြောထားတယ်ကွ။ မင်း အလုပ်ထွက်ဖို့ အသင့်ဖြစ်ရင်

http://www.cherrythitsar.org



သူနဲ့ လာတွေ့ပါလို့ ငါ့ကို ဖေဖေက မှာထားတယ်” ဟု မိုက်ခ်က ကျွန်တော့်ကို ပြောပြပါသည်။

“ဘာပြောတယ်ကွ။ မင်းဖေဖေက ငါ စိတ်ဆိုးမယ့်အချိန်ကို စောင့်နေတာပေါ့ ဟုတ်လား” ဟု ကျွန်တော်က မကျေမချမ်းနှင့် ပြောလိုက်မိသည်။

“ဟုတ်မှာပေါ့ကွာ။ ငါ့ ဖေဖေက သူများနဲ့မတူတာကတော့ သေချာတယ်။ သူ သင်ကြားပုံက မင်းဖေဖေရဲ့ သင်ကြားပုံနဲ့ လုံးဝ မတူဘူး။ မင်းမေမေနဲ့ မင်းဖေဖေက ဆုံးမစကားတွေကို မပြီးနိုင် မစီးနိုင် ပြောတတ်တယ်။ ငါ့ဖေဖေက စကားသိပ်ပြောတာ မဟုတ်ဘူး။ လာမယ့် စနေနေ့အထိ မင်းစောင့်ကြည့်ဦးပေါ့ကွာ။ မင်းအဆင်သင့်ဖြစ်နေပြီလို့ ဖေဖေ့ကို ငါ ပြောပြလိုက်မယ်” ဟု မိုက်ခ်က ဆိုပါသည်။

“ငါ့ကို သူက ထောင်ချောက်ဆင်ထားတယ်လို့ မင်းက ဆိုလိုချင်တာပေါ့ ဟုတ်လား”

“အဲသလိုလည်း မဟုတ်ရပါဘူးကွာ။ ဟုတ်ရင်လည်း ဟုတ်နေမှာပေါ့။ စနေနေ့ကျမှ ဖေဖေက ရှင်းပြပါလိမ့်မယ်”

## စနေနေ့တွင် တန်းစီစောင့်နေရခြင်း

ကျွန်တော် အဆင်သင့် ဖြစ်နေပါပြီ။ အသင့်လည်း ပြင်ဆင်ထားပြီး ဖြစ်သည်။ ဆင်းရဲသော ဖေဖေဟု

http://www.cherrythitsar.org



ကျွန်တော်တင်စားထားသည့် ကျွန်တော့် ဖေဖေကသည် ပင်လျှင် မိုက်ခ်၏ ဖေဖေကို စိတ်ဆိုးနေပြီဖြစ်သည်။ ကျွန်တော်၏ ချမ်းသာသောဖေဖေက ကျွန်တော့်ကို အရွယ်မရောက်သေးသော ကလေးတစ်ယောက်အား အလုပ်တွေ လုပ်ခိုင်းသည်ဟုဆိုကာ တိုင်မည် တောမည်ပင်ဖြစ်နေသည်။

ကျွန်တော်၏ ပညာတတ်သောဖေဖေက ကျွန်တော် ရသင့်ရထိုက်သည်ကို တောင်းဆိုရန် ကျွန်တော့်အား မှာကြားထားသည်။ တစ်နာရီလျှင် အနည်းဆုံး ၂၅ ဆင့် တောင်းရမည်ဟု ကျွန်တော့်ကို ပြောပြသည်။ သူပြောသည့် ဈေးအတိုင်း ကျွန်တော့်ကို မပေးလျှင် အလုပ်မှ ချက်ချင်းထွက်ရန် ဖေဖေက မှာလိုက်ပါသည်။

"ဘာပဲဖြစ်ဖြစ် အဲဒီအသုံးမကျတဲ့အလုပ်ကို ငါ့သား လုပ်စရာအကြောင်း မရှိဘူးကွာ" ဟု ဆင်းရဲသောဖေဖေက ကျွန်တော့်ကို ဒေါသဖြင့် ပြောပါသည်။

စနေနေ့မနက် ရှစ်နာရီတွင် ကျွန်တော်သည် မိုက်ခ်တို့အိမ်တံခါးအိုထဲသို့ ဝင်ရောက်ခဲ့ပါသည်။ ကျွန်တော် အထဲဝင်သွားသောအခါ မိုက်ခ်၏ ဖေဖေက . .

"မင်း ထိုင်ပြီး တန်းစီစောင့်နေ" ဟု ကျွန်တော့်ကို ပြောပါသည်။ သူသည် ထိုသို့ပြောပြီး အိပ်ခန်းဘေးက ရုံးခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ကျွန်တော်သည် တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုနေမိသော်လည်း မိုက်ခ်၏ အရိပ်အယောင်ကို

http://www.cherrythitsar.org



လုံး၀ မတွေ့ရပါ။ ကျွန်တော်သည် အားငယ်စွာ၊ သတိကြီးစွာဖြင့် ထိုင်ခုံမှာ ထိုင်နေမိပါသည်။

၄၅မိနစ် ကြာပြီးသောအခါ ကျွန်တော့်တစ်ကိုယ်လုံး ဇောချွေးတွေပျံလာပါသည်။ ဘာမှလည်း ထူးခြားမလာသေးပေ။

တစ်အိမ်လုံးမှာ လူသူကင်းမဲ့နေသည်။ နေ့သည် နေသာပြီး လှပသော နေ့တစ်နေ့ ဖြစ်နေသော်လည်း ကလေးတွေကို နိုင်လိုမင်းထက် ဆက်ဆံသည့် လူကြီးကို တွေ့ရရန်အတွက် ကျွန်တော်သည် မှောင်မှောင်မဲမဲ အခန်းထဲမှာ ထိုင်စောင့်နေရပါသည်။ သူ ရုံးခန်းထဲမှာ စာရွက်လှန်လှောနေသည့်အသံတွေ၊ တယ်လီဖုန်းပြောနေသည့် အသံတွေကို ကျွန်တော် အပြင်မှ ကြားနေရပါသည်။ ဒါ တမင်သက်သက် ကျွန်တော့်ကို လူရာမသွင်းသည့် သဘောပင်။ ကျွန်တော်သည် ထပြန်ရန်ပြင် ပြီးတော့မှ ပြောမှုပြီးမည့် ကိစ္စဖြစ်နေသောကြောင့် သည်းခံပြီး ထိုင်စောင့်နေမိသည်။

နောက်ထပ် ၁၅မိနစ်ခန့် ကြာပြီး ကိုးနာရီတိတိ ထိုးသောအချိန်တွင် ချမ်းသာသော ဖေဖေသည် သူ့ရုံးခန်းထဲမှ ထွက်လာပါသည်။ သူသည် ဘာမှမပြောဘဲ ကျွန်တော့်ကို လက်ဖြင့် အချက်ပြကာ သူ၏ရုံးခန်းထဲသို့ ဖိတ်ခေါ်လိုက်သည်။

"မင်း လစာတိုးလိုချင်တယ်။ လစာပိုမရရင် အလုပ်က ထွက်ချင်တယ်ဆိုတာ ငါနားလည်တယ်" ဟု

ချမ်းသာသောဖေဖေက သူ၏ ကုလားထိုင်ကို ပြင်လိုက်ရင်း ကျွန်တော့်ကို စကားလှမ်းပြောပါသည်။

"ဟုတ်တယ်။ ဖေဖေက ကျွန်တော့်ကို ပေးထားတဲ့ ကတိကို တည်အောင်မှ မလုပ်ပေးတာ" ဟု ကျွန်တော်က မျက်ရည်ကျလုမတတ် ဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။ ကျွန်တော့်လို ကိုးနှစ်အရွယ်ကလေးတစ်ယောက်က လူကြီးတစ်ယောက်ကို မည်သို့ ရင်ဆိုင်ရဲပါမည်နည်း။

"ဖေဖေ့အတွက် ကျွန်တော် အလုပ် လုပ်ပေးရင် ကျွန်တော်လိုချင်တဲ့ပညာကို သင်ပေးမယ်ဆို။ ပြောတဲ့အတိုင်း ကျွန်တော် အလုပ်တွေ လုပ်ခဲ့တယ်။ ကြိုးစားပမ်းစား လုပ်ခဲ့တယ်။ အလုပ်လုပ်ဖို့အတွက် ကျွန်တော့်ရဲ့ ဘောလုံးကစားတဲ့ အချိန်တွေကိုတောင် အဆုံးခံခဲ့တယ်။ ပြီးတော့ ဖေဖေက ကတိလည်း မတည်ဘူး။ ပြီးတော့ ကျွန်တော့်ကို ဘာမှလည်း သင်မပေးဘူး။ ဖေဖေဟာ တစ်မြို့လုံးက ထင်ထားတဲ့အတိုင်း တကယ့် လူလိမ်ကြီးမှန်း ကျွန်တော် အခုမှ သိလိုက်ရတယ်။ ဖေဖေက လောဘကြီးတယ်။ ကိုယ့်ရဲ့ အလုပ်သမားကိုလည်း ဂရုမစိုက်ဘူး။ ကျွန်တော့်ကို စောင့်ခိုင်းပြီး ဘာမှလည်း အရေးမလုပ်ဘူး။ ကျွန်တော်ဟာ ကလေးတစ်ယောက်ပဲ ရှိပါသေးတယ်။ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် လက်ခံ ပြောဆိုသင့်တယ်"

ချမ်းသာသော ဖေဖေက သူ၏ လှုပ်ကုလား

http://www.cherrythitsar.org



ထိုင်တွင် ရှေ့တိုးနောက်ငင်လုပ်နေကာ မေးစေ့ကို လက်နှစ်ဖက်ဖြင့် ထောက်ထားသည်။ ကျွန်တော့်ကိုလည်း စိုက်ကြည့်နေသည်။ သူ့အကြည့်က ကျွန်တော့်ကို လေ့လာကြည့်နေသည့် ပုံစံမျိုး။

"မဆိုးပါဘူး။ တစ်လအချိန်အတွင်းမှာ မင်းကလည်း ငါ့ရဲ့ အလုပ်သမားတွေဆီက ထွက်တဲ့ အသံမျိုးထွက်လာသားပဲ" ဟု သူက ပြောပါသည်။

"ခင်ဗျာ"

သူ ပြောတာကို ကျွန်တော် နားမလည်မိပါ။

"ကျွန်တော့်ကို အပေါစားဈေးနဲ့ အလုပ် လုပ်ခိုင်းတာကို ရပ်တန်းက ရပ်ပြီး ကျွန်တော်သိချင်တာတွေကို သင်ကြားပေးမယ်လို့ ထင်ထားတာပါ။ အခုတော့ ကျွန်တော့်ကို သင်ကြားမပေးဘဲ နှိပ်စက်နေတာလား။ ဖေဖေရက်စက်တယ်ဗျာ။ ကျွန်တော့်ကို တကယ်ရက်စက်တယ်"

"ငါ မင်းကို ပညာသင်ပေးနေတာကွဲ့" ဟု ချမ်းသာသောဖေဖေက တည်ငြိမ်စွာ ပြောပါသည်။

"ကျွန်တော့်ကို ဘာများ သင်ပေးလို့လဲ။ ဘာမှ သင်မပေးဘဲနဲ့။ ကျွန်တော် တစ်ပဲခြောက်ပြားအလုပ် စလုပ်ပြီးကတည်းက ဘာဆိုဘာမှ ကျွန်တော့်ကို သင်မပေးခဲ့သလို တွေ့လည်း မတွေ့ရဘူး။ တစ်နာရီကို ဆယ်ဆင့်တဲ့။ ကျွန်တော် ဖေဖေ့အကြောင်းကို အစိုးရဆီအကြောင်းကြားလိုက်လို့ရတယ်။ ကျွန်တော်တို့ ကလေး

http://www.cherrythitsar.org



တွေအတွက် အလုပ်သမားဥပဒေဆိုတာ ရှိပြီးသား။ ကျွန်တော့် ဖေဖေက အစိုးရအလုပ် လုပ်နေတယ်ဆိုတာ ဖေဖေ သိမှာပါ” ဟု ကျွန်တော်က ဒေါသဖြင့် ပြောလိုက်ပါသည်။

“အိုး၊ အခုမှပဲ မင်းရဲ့လေသံက ငါ့ဆီမှာ လာလုပ်တဲ့ အလုပ်သမားတွေရဲ့ လေသံအတိုင်းတစ်ထေရာတည်း ထွက်လာတော့တယ်။ ငါ အလုပ်ထုတ်ပစ်လိုက်တဲ့သူတွေ၊ ငါ့ အလုပ်ကနေ နှုတ်ထွက်သွားတဲ့သူတွေနဲ့ တစ်လေတည်းပါလားကွ” ဟု ချမ်းသာသော ဖေဖေက ဆိုပါသည်။

“ဒါဆိုရင် ကျွန်တော့်ကို ဘာပြောချင်သေးလဲ”

ထိုစကားပြောလိုက်ချိန်တွင် ကျွန်တော့်လို ကလေးငယ်တစ်ယောက်အနေနှင့် ရဲရင့်လွန်းသည်ဟု ထင်မိသည်။

“ဖေဖေက ကျွန်တော့်ကို ညာတယ်။ ကျွန်တော်က ဖေဖေခိုင်းတဲ့အလုပ်ကို လုပ်ပေမဲ့ ကျွန်တော့်ကိုတော့ ဘာမှ သင်မပေးဘူး။ ကတိလည်း မတည်ဘူး”

“ငါမင်းကို ဘာမှ သင်မပေးဘူးလို့ မင်းက ဘယ်လိုလုပ်ပြီး သိသလဲ” ဟု ချမ်းသာသောဖေဖေက ကျွန်တော့်ကို တည်ငြိမ်စွာ မေးပါသည်။

“ကျွန်တော် ဖေဖေ့အတွက် အလုပ်လုပ်ပေးတာ သုံးပတ်ရှိပြီ။ တစ်ခါမှလည်း စကားမပြောဘူး။ ဘာမှလည်း သင်မပေးဘူးလေ” ဟု ကျွန်တော်က ဒေါသဖြင့်

http://www.cherrythitsar.org



ပြောလိုက်သည်။

"သင်ကြားပေးတယ်ဆိုတာ၊ စကားနဲ့ပြောမှ သင်တန်းလို ပို့ချမှလို့ မင်းက ဆိုချင်တာလား" ဟု ချမ်းသာသော ဖေဖေက ကျွန်တော့်ကို မေးပါသည်။

"ဟုတ်တယ်" ဟု ကျွန်တော်က ပြန်ဖြေပါသည်။

"အဲဒီနည်းက စာသင်ကျောင်းတွေမှာ သင်ကြားတဲ့ နည်းကွ။ ဘဝက သင်ကြားပေးတာတွေက စာအုပ်ကြီးအတိုင်း မလာဘူးကွ။ ဘဝဆိုတာ အကောင်းဆုံးဆရာတစ်ဆူလို့ ငါ ပြောချင်တယ်။ ဘဝက မင်းကို အချိန်ပြည့် စကားပြောမနေဘူး။ မင်းကို အမြဲ တွန်းပို့နေတယ်။ ဘဝက မင်းကို တွန်းပို့နေတဲ့အခါတိုင်း 'ထတော့၊ မင်းကို သင်ပေးစရာတွေ ရှိတယ်' လို့ ပြောနေသလိုပဲ" ဟု ချမ်းသာသော ဖေဖေက ဆိုပါသည်။

"ဒီလူကြီး ဘာအကြောင်းတွေ ပြောနေပါလိမ့်" ဟု ကျွန်တော့်ကိုယ် ကျွန်တော် မေးခွန်းတွေ ထုတ်နေမိသည်။ "ဘဝက ငါ့ကို တွန်းပို့နေတယ်ဆိုတာ ဘဝက ငါ့ကို စကားပြောနေတာတဲ့လား" ဟု ကျွန်တော် စဉ်းစားနေမိသည်။ ယခုအချိန်မှပဲ ကျွန်တော် သူ့အလုပ်ကနေ ထွက်မှ ဖြစ်တော့မည်ဆိုသည်ကို သိလာသည်။ ထိန်းချုပ်ထားဖို့လိုသည့် လူစားမျိုးကို ကျွန်တော် စကားပြောနေမိပါလားဆိုတာ အခုမှ ကျွန်တော် သဘောပေါက်လာပါသည်။

http://www.cherrythitsar.org


"မင်းသာ ဘဝရဲ့ သင်ခန်းစာတွေကို ကျေကျေ ညက်ညက် လေ့လာသင်ယူမယ်ဆိုရင် မင်း ကောင်း ကောင်း လုပ်ဆောင်လာနိုင်လိမ့်မယ်။ မင်းသာ မသင်ယူ နိုင်ဘူးဆိုရင်တော့ ဘဝရဲ့ တိုက်တွန်းမှုကို မင်း အမြဲ ခံယူနေရမှာပဲ။ လူတွေက နှစ်ခုပဲလုပ်တယ်။ တချို့တွေ က ဘဝရဲ့ တွန်းတိုက်မှုကို ခံယူချင်ကြတယ်။ တချို့တွေ ကတော့ ဒေါသထွက်ပြီး ဘဝကြီးကို ပြန်ပြီးတွန်းဖို့ ကြိုးစားကြတယ်။ ဒါပေမဲ့ သူတို့ တကယ်ပြန်တွန်းမိကြ တာတွေက သူတို့ရဲ့ အလုပ်ရှင်တွေ၊ အလုပ်တွေ၊ ခင်ပွန်း သည်တွေ၊ ဇနီးသည်တွေကို ဖြစ်နေတယ်။ သူတို့ကို တကယ်တွန်းနေတာက ဘဝဆိုတာ သူတို့ နားမလည်ကြ ဘူး"

ကျွန်တော် သူ ဘာတွေ ပြောနေသလဲဆိုတာ သဘောမပေါက်တော့ပါ။

"ဘဝကြီးက ငါတို့အားလုံးကို တွန်းထိုးနေ တယ်။ တချို့က ဘဝကို အရှုံးပေးတယ်။ တချို့က ပြန် ပြီး တိုက်ခိုက်ကြတယ်။ တချို့က ဘဝကပေးတဲ့ သင်ခန်း စာတွေကို ယူပြီး ရှေ့ဆက်လှုပ်ရှားကြတယ်။ သူတို့တွေ က ဘဝက သူတို့ကိုတွန်းတာ လက်ခံတယ်။ သူတို့မှာ လိုအပ်နေတာတွေ၊ သင်ယူစရာတွေ ရှိနေတယ်ဆိုတာကို လက်ခံတဲ့လူက နည်းနည်းပဲ ရှိတယ်။ အဲဒီ လူနည်းစုက တော့ သင်ခန်းစာတွေယူပြီး ရှေ့ဆက်သွားကြတယ်။ အများစုကတော့ ဘဝကို လက်လျှော့အရှုံးပေးပြီး တချို့

http://www.cherrythitsar.org



ကတော့ ပြန်ပြီး တိုက်ခိုင်ချင်ကြတယ်ကွဲ့.”

ချမ်းသာသော ဖေဖေသည် သံစုံမြည်နေသော သစ်သားပြတင်းပေါက်ကို ထပြီးပိတ်လိုက်သည်။ ထိုပြတင်းတံခါးသည် ပြန်ပြင်ရန် လိုအပ်နေလေပြီ။

“မင်းသာ အဲဒီသင်ခန်းစာတွေကို သင်ယူမယ်ဆိုရင် အမြော်အမြင်လည်းရှိ ချမ်းချမ်းသာသာလည်းနေရ၊ ပျော်လည်းပျော်ရတဲ့ ဘဝမျိုးကို ပိုင်ဆိုင်လာရမှာပဲ။ မသင်ယူဘူးဆိုရင်တော့ အလုပ်တွေကို အပြစ်တင်ရင်း၊ လစာနည်းတာကို အပြစ်တင်ရင်း၊ မင်းရဲ့ ဒုက္ခတွေအတွက် အလုပ်ရှင်ကို အပြစ်တင်ရင်း မင်းရဲ့ ဘဝကြီးဟာ ပြီးဆုံးသွားလိမ့်မယ်။ မင်းရဲ့ ငွေကြေးအခက်အခဲတွေအားလုံးကို ဖြေရှင်းပေးမယ့် အပြောင်းအလဲကြီးကို မျှော်လင့်ရင်းနဲ့ပဲ မင်းရဲ့ ဘဝကြီးဟာ ကုန်ဆုံးသွားလိမ့်မယ်”

ချမ်းသာသောဖေဖေက သူ့စကားကို ကျွန်တော် နားထောင်မှထောင်ရဲ့လားဟု ဆန်းစစ်သလို လှမ်းကြည့်ပါသည်။ သူနှင့် ကျွန်တော် မျက်လုံးချင်း ဆုံမိကြပါသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြပါသည်။ ကျွန်တော်တို့၏ အကြည့်များအတွင်း ဆက်သွယ်မှု စီးကြောင်းများ ကူးလူးဖြတ်သန်းသွားပါသည်။

နောက်ဆုံးတော့ ကျွန်တော်သည် သူ နောက်ဆုံးပြောသွားသည့် စကားတွင် အာရုံစိုက်နေမိတာကို

http://www.cherrythitsar.org



အာရုံလွဲလိုက်မိသည်။ သူပြောသည့်စကားတွေ မှန်နေသည်ဆိုတာကို ကျွန်တော် သိလိုက်ပါသည်။ ဒါကို ကျွန်တော်က သူ့ကို အပြစ်တင်နေမိသည်။ သူ့ဆီက ပညာရယူရန် ကျွန်တော် တောင်းဆိုခဲ့သည်။ ကျွန်တော် သူ့ကို တိုက်ခိုက်နေသည်။

ချမ်းသာသောဖေဖေက သူ့စကားကို ဆက်ပြီး ပြောသည်။

"ဒါမှမဟုတ် မင်းဟာ ခံနိုင်ရည်မရှိတဲ့သူမျိုးဆိုရင် တော့ ဘဝက မင်းကို တွန်းတဲ့အခါတိုင်း အမြဲတမ်း အရှုံးပေးနေမှာပဲ။ မင်းသာ အဲဒီလိုလူမျိုး ဖြစ်နေမယ်ဆိုရင် မင်းဘဝတစ်လျှောက်လုံး လုံလုံခြုံခြုံ နေရမယ်။ မှန်ကန်တဲ့အလုပ်တွေ လုပ်နေရမယ်။ ဘယ်တော့မှ ဖြစ်မလာမယ့် အဖြစ်အပျက်တချို့အတွက် မင်းကိုယ်မင်း လုံလုံခြုံခြုံဖြစ်အောင် ထိန်းသိမ်းထားမယ်။ နောက်တော့ မင်းဘဝဟာ ပျင်းပျင်းရိရိနဲ့ သေဆုံးသွားရလိမ့်မယ်။ မင်းမှာ မိတ်ဆွေတွေ ဝိုင်းရံနေလိမ့်မယ်။ အလုပ်ကြိုးကြိုးစားစားလုပ်တဲ့ မင်းကို သူတို့က အားကျ ကျေနပ်မှုနဲ့အတူ ပေါင်းသင်းဆက်ဆံလိမ့်မယ်။ မင်းဘဝမှာ မှန်ကန်တဲ့လုပ်ရပ်တွေကို လုပ်ပြီး လုံလုံခြုံခြုံ နေရလိမ့်မယ်။ ဒါပေမဲ့ အမှန်မှာတော့ ဘဝက မင်းကို လက်နက်ချတဲ့ အခြေအနေရောက်အောင် တွန်းပို့တာကို မင်းက အလိုက်သင့် ခံယူနေတာပဲ ဖြစ်တယ်။ မင်းစိတ်ထဲမှာ တာဝန်တွေကို ထမ်းဆောင်ရမှာ မင်းအရမ်းကြောက်နေ

http://www.cherrythitsar.org



လိမ့်မယ်။ မင်းက အနိုင်ကို ယူချင်ပေမဲ့ ဆုံးရှုံးရမှာကို ကြောက်တဲ့စိတ်က နိုင်ချင်တဲ့စိတ်ထက် ပိုပြီး အားသာနေတယ်။ မင်း အမှန်တကယ် အနိုင်ယူချင်သလား၊ ရှုံးမှာ ကြောက်နေလား ဆိုတာကိုတော့ မင်းတစ်ယောက်တည်းပဲ သိနိုင်မယ်။ မင်းကတော့ ကိုယ်လုံခြုံတဲ့ အနေအထားကို ရွေးချယ်မှာပဲ"

ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်း ပြန်ဆုံမိကြပြန်သည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဆယ်စက္ကန့်မျှ ကြည့်နေမိကြသည်။ ထိုခဏမှာပဲ ကျွန်တော်သည် သူ့စကား၏ ဆိုလိုရင်းကို နားလည်လိုက်မိသည်။

"ဒါဆို ဖေဖေက ကျွန်တော့်ကို တွန်းနေတာပေါ့" ဟု ကျွန်တော်က မေးလိုက်သည်။

"တချို့လူတွေကလည်း ဒီလိုပဲ ပြောကြမှာပဲ။ အမှန်မှာတော့ ငါက မင်းကို ဘဝရဲ့အရသာလေး မြည်းစမ်းကြည့်ခိုင်းတာလို့ပဲ ပြောချင်တယ်" ဟု ချမ်းသာသည့် ဖေဖေက ကျွန်တော့်ကို ပြုံးရင်းပြောသည်။

"ဘဝရဲ့ ဘယ်လိုအရသာမျိုးလဲ" ဟု ကျွန်တော်က မေးလိုက်သည်။ ကျွန်တော်စိတ်တော့ ဆိုးနေဆဲ။ သို့ရာတွင် စပ်စုလိုစိတ်လည်း ရှိနေပါသည်။ သူ့ထံမှ သင်ယူရန် အသင့်ဖြစ်နေသည်ဟုပင် ဆို၍ရမည်ထင်သည်။

"ငါ့ဆီက ငွေကြေးတွေရအောင် ဘယ်လို လုပ်

http://www.cherrythitsar.org



ရမလဲလို့ သင်ခိုင်းတာ မင်းတို့ ပထမဦးဆုံးပဲ။ ငါ့မှာ ဝန်ထမ်း ၁၅၀ရှိတယ်။ ငွေကြေးအကြောင်း ငါ ဘယ်လောက်သိသလဲဆိုတာ သူတို့ တစ်ခါမှ မမေးဖူးဘူးကွဲ့။ သူတို့က ငါ့ဆီက အလုပ်တောင်းတယ်။ လစာထုတ်တယ်။ ဒါပေမဲ့ ငွေကို ဘယ်လိုရှာရမလဲဆိုတာ တစ်ခါမှ သင်မခိုင်းကြဘူး။ ဒါကြောင့်မို့လည်း သူတို့တတွေ အများစုဟာ ငွေကြေးအတွက်ပဲ အလုပ်တွေလုပ်ပြီး ကုန်ဆုံးနေကြရတယ်။ သူတို့ လုပ်နေတာ ဘာလဲဆိုတာ သူတို့ အမှန်တကယ် သိကြတာ မဟုတ်ဘူး”

ကျွန်တော်သည် ထိုင်နေရင်းနှင့် စိတ်ပါဝင်စားစွာ နာထောင်နေမိသည်။

“ဒါကြောင့်မို့ ငါ့သား မိုက်ခ်က မင်းဟာ ငွေကြေးကို ဘယ်လိုရှာရသလဲ၊ ငွေရအောင် ဘယ်လိုလုပ်ရသလဲဆိုပြီး ငါ့ကို ပြောပြတာမို့ တကယ့် လက်တွေ့ဘဝနဲ့ နီးစပ်တဲ့ သင်ခန်းစာမျိုး မင်းကို ပေးဖို့ ငါဆုံးဖြတ်ခဲ့တာပဲ။ ငါက မင်းကို ပါးစပ်နဲ့ ပြောပြီးသင်မယ်ဆိုရင် အာပေါက်တဲ့အထိ ပြောပြီးသင်နိုင်သားပဲ။ ဒါပေမဲ့ တစ်ခုမှ မင်းရဲ့ နားထဲ ရောက်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ဘဝက မင်းကို တွန်းအောင်လုပ်ဖို့ ငါဆုံးဖြတ်လိုက်တာ။ ဒါမှ မင်း ငါပြောတဲ့စကားကို နည်းနည်းပါးပါး အာရုံစိုက်နိုင်မှာပေါ့။ ဒါကြောင့်မို့လည်း ငါ မင်းတို့ကို တစ်နာရီ ဆယ်ဆင့်ပဲ ပေးခဲ့တာ”

“ဒါဆိုရင် ကျွန်တော်က တစ်နာရီ ဆယ်ဆင့်နဲ့

အလုပ်လုပ်ပြီး ဘယ်လို သင်ခန်းစာတွေများ ရခဲ့လို့လဲ။ စျေးပေါပေါနဲ့ ခိုင်းပြီး အလုပ်သမားတွေကို ခေါင်းပုံဖြတ်တာမျိုးပဲ မဟုတ်လား” ဟု ကျွန်တော်က မေးလိုက်ပါသည်။

ထိုအခါ ချမ်းသာသော ဖေဖေက ဟက်ဟက်ပက်ပက် ရယ်မောနေပါသည်။ နောက်ဆုံးမှ ရယ်တာရပ်ပြီး ကျွန်တော့်ကို စကားဆက်ပြောပါသည်။

“မင်းရဲ့ အမြင်တွေကို ပြောင်းလိုက်မယ်ဆိုရင် ပိုကောင်းသွားမယ်ကွ။ ငါ့ကို ပြဿနာတစ်ခုလို အပြစ်တင်နေတာတွေ ရပ်လိုက်စမ်းပါ။ ငါဟာ ပြဿနာတစ်ခုလို့ မင်းထင်နေရင် ငါ့ကို ပြောင်းလဲပစ်ဖို့ မင်းကြိုးစားပေ့ါ။ မင်းဟာ ပြဿနာတစ်ခုလို့ သဘောပေါက်လာပြီဆိုရင်တော့ မင်းကိုယ်မင်း ပြုပြင်ပြီး လေ့လာသင်ယူပိုပြီး အမြော်အမြင်ရှိအောင် လုပ်ပေတော့။ လူအများစုက သူများတွေကို ပြောင်းလဲဖို့ တစ်ချိန်လုံး ကြိုးစားနေကြတယ်။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ကျတော့ ပြောင်းလဲဖို့ မကြိုးစားကြဘူး။ မင်းကို ငါပြောပြမယ်။ သူများတွေကို ပြောင်းလဲဖို့ ကြိုးစားတာထက်စာရင် ကိုယ့် ဘာသာကိုယ် ပြောင်းလဲတာက ပိုပြီး လွယ်တယ်ကွဲ့”

“ကျွန်တော် နားမလည်သေးဘူး”

“မင်းရဲ့ ပြဿနာတွေအတွက် ငါ့ကို အပြစ်မတင်နဲ့လေ” ဟု ချမ်းသာသော ဖေဖေက စိတ်မရှည်စွာဖြင့် ကျွန်တော့်ကို ပြောသည်။

http://www.cherrythitsar.org


"ဒါပေမဲ့ ဖေဖေက ကျွန်တော့်ကို ဆယ်ဆင့်ပဲ ပေးတာကိုး"

"ဒီတော့ မင်းဘာတွေ သင်ခန်းစာရခဲ့လဲ" ဟု ချမ်းသာသော ဖေဖေက ပြုံးလျက် မေးပါသည်။

"ဖေဖေက အပေါစားဆန်တယ်လေ" ဟု ကျွန်တော်က မဲ့ပြုံးပြုံးရင်း သူ့ကို ပြောလိုက်သည်။

"ဒီတော့ ငါဟာ ပြဿနာတစ်ခုလို့ မင်းက ထင်နေတာပေါ့"

"ဟုတ်တာပဲလေ"

"အေး . . . မင်း ဒီအတိုင်းသာ ဆက်နေမယ်ဆိုရင်တော့ ဘယ်လိုသင်ခန်းစာမျိုးမှ ရမှာ မဟုတ်ဘူး။ ငါဟာ ပြဿနာတစ်ခုလို့ပဲ သဘောထားလိုက်ပါတော့။ ဒီတော့ မင်းမှာ ဘယ်လိုရွေးချယ်ခွင့်တွေ ရှိလဲ"

"အင်း . . . ကျွန်တော့်ကို လစာတိုးမပေးဘူးဆိုရင်၊ ဒီအတိုင်းပဲ လစ်လျူရှုထားမယ်ဆိုရင်၊ ဘာမှ သင်ကြားမပေးနိုင်ဘူးဆိုရင်တော့ ကျွန်တော် အလုပ်က ထွက်တော့မယ်"

"ဒီအတိုင်းဆိုရင်တော့ မင်းလည်း လူအများစုလို ဒီပုတ်ထဲက ဒီပဲ ဖြစ်နေပြီ။ သူတို့တတွေက အလုပ်က ထွက်တယ်။ ပိုပြီး အခွင့်အရေးရတဲ့ တခြား အလုပ်တစ်ခု ပြောင်းပြီးလုပ်တယ်။ လစာများများရတဲ့ အလုပ်ကို ပြောင်းပြီး လုပ်တယ်ဆိုရုံနဲ့ သူတို့ရဲ့ ပြဿနာတွေ ပြေလည်သွားပြီလို့ အများစုက ထင်နေကြတယ်။ ဒါပေ

http://www.cherrythitsar.org



မဲ့ အဲဒီလို လုပ်ရပ်တွေဟာ အမြဲ မမှန်ကန်နိုင်ဘူးကွ”

“ဒီတော့ ပြဿနာတွေပြေလည်သွားအောင် ဘာတွေက ဖြေရှင်းပေးနိုင်သလဲ။ ဒီ ဆယ်ဆင့်ကိုပဲ ယူပြီး ပြုံးပြုံးလေးနဲ့ အလုပ် ဆက်လုပ်နေရမှာလား”

ချမ်းသာသောဖေဖေက ပြုံးနေပါသည်။

“ဒါက သူများတွေလုပ်တဲ့ အလုပ်မျိုးပါကွာ။ သူတို့ရဲ့ မိသားစုဟာ ငွေကြေးနဲ့ ပတ်သက်ပြီး ရှန်းကန်နေရဦးမယ်ဆိုတာ သိနေရင်းနဲ့ လစာယူကြတဲ့ ဝန်ထမ်းတွေ လုပ်တာမျိုးတွေကွ။ ဒါပေမဲ့ အဲဒီလို လူမျိုးတွေက ပိုက်ဆံများများရှိရင် သူတို့ရဲ့ ငွေကြေးပြဿနာတွေ ဖြေရှင်းလို့ရသွားမယ်လို့ ယူဆပြီး လစာတိုးမယ့် အရေးကိုပဲ မျှော်ကိုးနေကြတာ။ ဒီအချက်ကို လူအများစုက လက်ခံကြပါတယ်။ တချို့တွေကတော့ ပင်မအလုပ်အပြင် တခြားအလုပ်တွေကိုပါ ကြိုးစားပမ်းစားနဲ့ လုပ်တော့ ပင်ပန်းတာပဲ အဖတ်တင်ပြီး ငွေနည်းနည်းလောက်ပဲ ရကြတယ်လေကွာ”

ကျွန်တော်သည် ကြမ်းပြင်ကို စိုက်ကြည့်နေရင်း ချမ်းသာသော ဖေဖေ ပြောပြသည့် စကားတွေကို နားလည်စပြုလာပါသည်။ သူ့စကားများသည် ကျွန်တော့်အတွက် သင်ခန်းစာတွေပဲဆိုတာ ရိပ်မိလာသည်။ ဒါဟာ ဘဝရဲ့ အရသာပဲဆိုတာ ကျွန်တော် ခံစားတတ်စပြုလာပြီဖြစ်သည်။ နောက်ဆုံးမှ ကျွန်တော် ခေါင်းကို ပြန်မော့ပြီး ခုနက မေးခွန်းကို ထပ်မေးလိုက်သည်။

http://www.cherrythitsar.org



"ဒီတော့ ပြဿနာတွေပြေလည်သွားအောင် ဘာတွေက ဖြေရှင်းပေးနိုင်သလဲ"

"မင်းရဲ့ နားရွက်နှစ်ဖက်ကြားထဲကအရာက ဖြေ ရှင်းပေးနိုင်တာပေါ့ကွာ" ဟု ချမ်းသာသော ဖေဖေ က ကျွန်တော့်ခေါင်းကို ငြင်သာစွာပုတ်ပြီး ပြောပါသည်။

ထိုအချိန်ကျမှ ချမ်းသာသော ဖေဖေသည် သူ၏ ဝန်ထမ်းများနှင့် လုံးဝ ကွဲပြားသော၊ ကျွန်တော်၏ ဖေဖေအရင်းနှင့် ခြားနားသော သူ့အမြင်ကို ထုတ်ဖော် ပြသလိုက်သည်ဆိုတာ ကျွန်တော် နားလည်လိုက်ပါ သည်။ သူ၏ သူများနှင့် မတူသောအမြင်က သူ့ကို ဟာ ဝိုင်အီတွင် အချမ်းသာဆုံးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ် အောင် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ သူက ထိုသို့ သော အခြေအနေမျိုးသို့ ရောက်ရှိနေချိန်၌ ပညာတွေ အလွန်တတ်ပြီး ဆင်းရဲနေသောသူများသည် ငွေကြေး ကွန်ယက်ထဲတွင် ရုန်းကန်နေရဆဲပင် ဖြစ်သည်။ ချမ်း သာသော ဖေဖေ၏ ထိုအမြင်တစ်ခုတည်းကပင် သူ့ကို အများနှင့် မတူဘဲ ထူးထူးခြားခြား အောင်မြင်စေခဲ့ခြင်း ဖြစ်သည်။

ချမ်းသာသော ဖေဖေသည် အောက်ပါ စကား ကို အမြဲလိုလို ပြောဆိုတတ်ပါသည်။

"ဆင်းရဲတဲ့လူစားတွေနဲ့ အလယ်လတ်တန်းစား လူစားတွေက ငွေကြေးအတွက် အလုပ်လုပ်ကြတယ်။ သူတို့အတွက် အလုပ်ဖြစ်တဲ့ငွေကြေးက ချမ်းသာတဲ့သူ

http://www.cherrythitsar.org



တွေဆီမှာ ရှိတယ်”

ထို နေသာသော စနေနေ့က ကျွန်တော်သည် ကျွန်တော့်ဖခင်ရင်း သင်ကြားပေးခဲ့သည့် သင်ခန်းစာများနှင့် လုံးဝ ကွဲပြားခြားနားသည့် အမြင်တစ်ခုကို သင်ခန်းစာ ရခဲ့ပါသည်။ ကျွန်တော့်အသက် ၉နှစ်အရွယ်တွင် ကျွန်တော်၏ ဖေဖေနှစ်ယောက်စလုံးက ကျွန်တော့်ကို ပညာတွေ ရယူစေချင်သည်ဆိုတာကို နားလည်သဘော ပေါက်ခဲ့ပါသည်။ ဖေဖေနှစ်ယောက်စလုံးက ကျွန်တော့်ကို ပညာသင်ရန်အတွက် အားပေးခဲ့သည်။ သို့ရာတွင် သူတို့၏ အားပေးပုံမှာ လုံးဝ ခြားနားနေပါသည်။

ကျွန်တော်၏ ပညာတွေ အလွန်တတ်သော ဖေဖေက ကျွန်တော့်ကို အတန်းပညာတွင် သူ့လို ထူးချွန်အောင် သင်ယူစေချင်သည်။

“ငါ့သား မင်း ပညာတွေကို ကြိုးကြိုးစားစား သင်ယူလေ့လာပါ။ အမှတ်တွေကောင်းအောင် ကြိုးစားပါ။ ဒါမှ ကုမ္ပဏီကြီးကြီးတစ်ခုမှာ နေရာတစ်ခု တည်တည်တံ့တံ့ရနိုင်မယ်။ ပညာတွေကို ကြိုးစားပြီး သင်ယူတဲ့အတွက် မင်း အကျိုးအမြတ်တွေ အများကြီး ရလာမှာ သေချာတယ်” ဟု ကျွန်တော်၏ ဆင်းရဲသော ဖေဖေက ဆိုပါသည်။

ကျွန်တော်၏ ချမ်းသာသော ဖေဖေကတော့ ငွေကြေးက မည်သို့ လုပ်ဆောင်သလဲဆိုတာကို သင်ယူစေချင်သည်။ သို့မှသာ ကျွန်တော် ငွေတွေ အများကြီး

http://www.cherrythitsar.org



ပိုင်ဆိုင်လာနိုင်မည်ဟု ဆိုသည်။ ကျွန်တော်သည် ဘဝ တစ်လျှောက်လုံး ချမ်းသာသော ဖေဖေထံမှ သင်ယူခဲ့ သော သင်ခန်းစာများမှာ ကျောင်းသင်ခန်းစာများလို သင် ယူခြင်းဖြင့် ရရှိခဲ့သော သင်ခန်းစာများ မဟုတ်ခဲ့ပေ။

ချမ်းသာသေဖေဖေက ကျွန်တော့်အတွက် ပထမဆုံးသော သင်ခန်းစာကို ဆက်လက်ပို့ချနေပါ သည်။

“တစ်နာရီမှာ ဆယ်ဆင့်တည်းနဲ့ အလုပ်လုပ်ရ တဲ့အတွက် မင်းစိတ်ဆိုးတာကို ငါ ဝမ်းသာမိတယ်။ မင်း သာ စိတ်မဆိုးဘဲ ကျေကျေနပ်နပ်နဲ့ လက်ခံနေမယ်ဆို ရင် ငါမင်းကို ပညာတွေ သင်မပေးနိုင်ဘူးလို့ ပြောမိမှာ ပဲ။ မင်းသိတယ်မဟုတ်လား။ တကယ်သာ ပညာလိုချင် တယ်ဆိုရင် စွမ်းအင်လိုတယ်။ လိုချင်တပ်မက်စိတ် ရှိဖို့ လိုတယ်။ တမြေ့မြေ့တောက်လောင်နေတဲ့ ဆန္ဒတွေ ရှိဖို့ လိုတယ်။ အဲဒီပုံသေနည်းမှာ ဒေါသတရားက အခန်းကြီး တစ်ခုအဖြစ် ပါဝင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လိုချင်တပ်မက်မှုဟာ ဒေါသတရားနဲ့ ချစ်ခြင်းမေတ္တာ တရားကို ပေါင်းစပ်ထားတာ ဖြစ်နေလို့ပဲ။ ငွေကြေးနဲ့ ပတ်သက်လာရင် လူအများစုက လုံလုံခြုံခြုံနဲ့ စိတ်ချ လက်ချ ကိုင်တွယ်ချင်လာတယ်။ လုံခြုံစိတ်ချမှုကို လို ချင်တပ်မက်မှုက လမ်းမပြနိုင်ဘူး။ အကြောက်တရားက ပဲ လမ်းပြနိုင်တယ်”

“ဒါကြောင့်မို့ လူအများစုက ငွေအရနည်းတဲ့

အလုပ်ကိုပဲ လုပ်ကြတာပေါ့ ဟုတ်လားဟင်” ဟု ကျွန်တော်က မေးမိသည်။

“သိပ်ဟုတ်တာပေါ့ကွယ်။ တချို့လူတွေကဆိုရင် ငါက ကြံစိုက်ခင်းလုပ်ငန်းတွေလောက်၊ အစိုးရကပေးသလောက် လုပ်အားခ မပေးဘဲ ခေါင်းပုံဖြတ်တယ်လို့ ပြောကြတာပေါ့။ အမှန်မှာတော့ လူတွေက သူတို့ကိုယ်သူတို့ ခေါင်းပုံဖြတ်နေကြတာပဲကွဲ့။ အဲဒီလို ဖြစ်ရတာကလည်း သူတို့ရဲ့ အကြောက်တရားကြောင့်ပဲ။ ငါနဲ့ ဘာမှ မဆိုင်ဘူး”

“ဒါပေမဲ့ သူတို့ကို လစာတိုးပေးသင့်တယ်လို့ ဖေဖေ့စိတ်ထဲမှာ မခံစားရဘူးလား” ဟု ကျွန်တော်က မေးလိုက်ပါသည်။

“ပေးစရာမလိုပါဘူးကွာ။ ပြီးတော့ ငါက ပိုက်ဆံတွေ ပိုပေးလိုက်ရင်လည်း သူတို့ရဲ့ ပြဿနာတွေက ပြေလည်သွားမှာမှ မဟုတ်ဘဲ။ မင်းရဲ့ ဖေဖေကိုပဲ ကြည့်လေ။ သူဆိုရင် ဝင်ငွေတွေ အများကြီး ရနေတာပဲ။ ဒါပေမဲ့ အကြွေးတွေ ကျေအောင် ဆပ်နိုင်လို့လား။ လူအများစုက ဝင်ငွေတွေ အများကြီး ရှိနေပေမဲ့ အကြွေးပိုများသွားတာပဲ ပိုထူးသွားကြတယ်”

“ဒါဆိုရင် တစ်နာရီကို ဘာကြောင့် ဆယ်ဆင့်ပဲ ပေးရတာလဲ။ ဒါလည်း သင်ခန်းစာထဲမှာ ပါလား” ဟု ကျွန်တော်က ပြုံးရင်း ပြောလိုက်ပါသည်။

“သိပ်မှန်တာပေါ့ကွယ်။ မင်းဖေဖေကိုပဲ ကြည့်

http://www.cherrythitsar.org



လေ။ သူက ကျောင်းတက်တယ်။ ပညာရေးမှာ ထူးချွန်တယ်။ ဒီတော့ လစာကောင်းတဲ့ အလုပ်ကို ရတယ်။ သူဝင်ငွေကောင်းတာကို ငြင်းလို့မရဘူး။ ဒါပေမဲ့ သူဟာ ကျောင်းမှာ ငွေကြေးနဲ့ ပတ်သက်ပြီး ဘာမှ မသင်ယူခဲ့ရတဲ့အတွက် သူ့မှာ ငွေကြေးပြဿနာတွေက ရှိနေတုန်းပဲ။ ဒီ့ထက်ပိုပြီးဆိုးတာက သူဟာ ငွေကြေးအတွက် အလုပ်လုပ်ရတာကို ယုံကြည်နေတယ်လေ"

"ဒါဆို ဖေဖေက မယုံကြည်ဘူးပေါ့"ဟု ကျွန်တော်က မေးလိုက်ပါသည်။

"မယုံဘူး။ လုံးဝ မယုံဘူး။ မင်းဟာ ငွေကြေးအတွက် အလုပ်လုပ်ရတာကို သင်ယူချင်ရင်တော့ ကျောင်းပညာပဲ ထူးချွန်အောင် လုပ်ပေတော့။ ကျောင်း ဟာ အဲဒီလို အရည်အချင်းမျိုးတွေအတွက် နေရာကောင်းကြီးတစ်ခုပဲ။ ဒါပေမဲ့ ငါ ချမ်းသာလာရခြင်းရဲ့ လျှို့ဝှက်ချက်တွေကို သင်ယူချင်တယ်ဆိုရင်တော့ ငါ မင်းကို သင်ပေးမယ်။ ဒါပေမဲ့ မင်းကိုယ်တိုင်က လိုလိုလားလား သင်ယူချင်မှ သင်ပေးမှာနော်"

"လူတိုင်းက အဲဒီလျှို့ဝှက်ချက်တွေကို မသင်ယူချင်ကြဘူးလား"

"ဟင့်အင်း၊ ဘာဖြစ်လို့လဲဆိုတော့ ငွေအတွက် အလုပ်လုပ်ရတဲ့ ပညာက သင်ရတာ ပိုပြီး လွယ်ကူနေလို့ပဲ။ အထူးသဖြင့် ငွေကြေးနဲ့ ပတ်သက်လာရင် မင်းရဲ့ အကြောက်တရားက မင်းရဲ့ အခြေခံ စိတ်လှုပ်ရှားမှု ဖြစ်

http://www.cherrythitsar.org



နေတဲ့ အခါမျိုးမှာပေါ့”

“ကျွန်တော် နားမလည်ဘူး”

“အခုအချိန်မှာ မင်း နားမလည်သေးတဲ့ အတွက် စိတ်ပူစရာ မလိုပါဘူးကွာ။ လူတွေ အလုပ်တွေကို ဖိပြီးလုပ်နေကြတာတွေဟာ အဲဒီအကြောက်တရားကြောင့်ပဲဆိုတာလောက်ပဲ မင်းစိတ်ထဲမှာ မှတ်ထားလိုက်ပါ။ သူတို့ ရှင်းရမယ့် အကြွေးတွေကို မရှင်းနိုင်မှာကြောက်ကြတယ်။ အလုပ်ထုတ်ခံရမှာ ကြောက်ကြတယ်။ ငွေကြေး ပြည့်ပြည့်စုံစုံနဲ့ မနေရမှာ ကြောက်ကြတယ်။ အလုပ်တစ်ခုကို နောက်တစ်ခါ ပြန်ပြီး စရမှာကြောက်ကြတယ်။ အဲဒီအကြောက်တရားတွေက စီးပွားရေးတစ်ခုခု၊ ကုန်သွယ်မှု တစ်ခုခု သင်ယူဖို့ လေ့လာရင်း ရခဲ့တဲ့ အကျိုးရလဒ်ပဲ။ နောက်တော့ ငွေကြေးအတွက် အလုပ် လုပ်လာကြရတာပဲ။ လူအများစုဟာ ငွေကြေးရဲ့ ကျွန်လို ဘဝမျိုး ရောက်နေကြတယ်။ ဒီတော့ သူတို့ရဲ့ အလုပ်ရှင်ကို ဒေါကန်ကြတာပေါ့”

“ကျွန်တော်သင်ချင်တဲ့ သင်ခန်းစာကို မတူတဲ့ နည်းလမ်းတစ်ခုနဲ့ သင်နေတာလားဟင်”

“ဟုတ်တယ်။ လုံးဝ ဟုတ်တယ်”

ဟာဝိုင်အီ၏ လှပသော စနေနေ့မနက်ခင်းတွင် ကျွန်တော်တို့နှစ်ယောက် တိတ်ဆိတ်စွာ ထိုင်နေကြပါသည်။ ကျွန်တော့် သူငယ်ချင်းတွေကတော့ ဘောလုံးပွဲကို ထိုင်ကြည့်နေလောက်ပြီဖြစ်သည်။ သို့ရာတွင် ကျွန်

http://www.cherrythitsar.org


တော်သည် တစ်နာရီလျှင် ၁၀ဆင့်နှုန်းဖြင့် အလုပ်လုပ်ရခြင်းကို ရွေးချယ်ခဲ့သည့်အတွက် ကျွန်တော် ကျေနပ်နေမိပါသည်။ ကျွန်တော့်သူငယ်ချင်းတွေကို ကျောင်းမှာ မသင်ယူရသည့် သင်ခန်းစာတစ်ခုကို ကျွန်တော် သင်ယူရတော့မည်ဟု စိတ်ထဲမှာ ထင်မြင်နေပါသည်။

"မင်း သင်ဖို့ အသင့် ဖြစ်ပြီလား" ဟု ချမ်းသာသော ဖေဖေက မေးပါသည်။

"အသင့်ဖြစ်ပြီ" ဟု ကျွန်တော်က ပြုံးလျက် ပြန်ဖြေလိုက်ပါသည်။

"ငါ့ရဲ့ ကတိ တည်ပါတယ်နော်။ ငါ မင်းကို ခပ်လှမ်းလှမ်းကနေ သင်ပေးနေတာပါကွယ်။ မင်းရဲ့ အသက်က ကိုးနှစ်ပဲ ရှိသေးတော့ ငွေကြေးအတွက် အလုပ်လုပ်ရတယ်ဆိုတာလောက်ပဲ သိဦးမှာပေ့ါ။ မင်းရဲ့ အသက်ကို အနှစ်ငါးဆယ်နဲ့ မြှောက်ကြည့်လိုက်ရင် လူအတော်များများဟာ သူတို့ရဲ့ ဘဝအချိန်တော်တော်များများမှာ ဘာတွေ လုပ်ရင်း အချိန်တွေ ကုန်ဆုံးခဲ့ကြရသလဲဆိုတာ မင်း စဉ်းစားမိလာလိမ့်မယ်"

"ကျွန်တော် နားမလည်ဘူး"

"ငါ့ကိုစောင့်ဖို့ စောင့်နေရတဲ့ အချိန်တုန်းက မင်း ဘယ်လိုခံစားခဲ့ရသလဲ။ အလုပ်ပြန်ရဖို့နဲ့ လစာတိုးဖို့ပဲ မဟုတ်လား"

"ဟုတ်တယ်"

"မင်းဟာ ငွေကြေးအတွက် အလုပ် လုပ်မယ်

http://www.cherrythitsar.org



ဆိုရင် မင်းရဲ့ဘဝဟာလည်း ငွေအတွက်အလုပ်လုပ်တဲ့ လူတွေရဲ့ ဘဝလိုပဲ ဖြစ်သွားလိမ့်မယ်” ဟု ချမ်းသာသော ဖေဖေက ဆိုပါသည်။

“မစ္စစ်မာတင်က မင်းရဲ့လက်ထဲကို အလုပ်လုပ်ခ ထည့်ပေးလိုက်တုန်းက မင်း ဘယ်လိုခံစားခဲ့ရလဲ”

“မဖြစ်စလောက်ငွေလို့ပဲ ခံစားရမိတယ်။ ဘာမှအကျိုးမရှိသလို ခံစားရတယ်။ ပြီးတော့ စိတ်ပျက်သွားတယ်”

“အေး ဝန်ထမ်းတော်တော်များများဟာ သူတို့ရဲ့ လစာတွေထုတ်တိုင်း အဲဒီလိုပဲ ခံစားကြတယ်။ အထူးသဖြင့် သူတို့ရဲ့ အမြတ်ခွန်ငွေနဲ့ တခြားအသုံးစရိတ်ဖြတ်ငွေတွေ ပေးရတဲ့အခါမျိုးမှာပေါ့။ အနည်းဆုံးတော့ မင်းရခဲ့တဲ့ငွေဟာ လုပ်ခအတိအကျကို ရပါသေးတယ်ကွာ”

“ဒါဆိုရင် ဖေဖေပြောတဲ့ အဓိပ္ပာယ်က သူတို့ရဲ့ လစာငွေတွေကို အတိအကျ မရဘူးပေါ့” ဟု ကျွန်တော်က တအံ့တဩဖြင့် မေးလိုက်သည်။

“ဘယ်လိုလုပ်ပြီး ရမှာလဲကွယ်။ အရင်ဆုံး သူတို့ရဲ့ လုပ်ခထဲကနေ အစိုးရကို ပေးရသေးတယ်လေ”

“သူတို့က ဘယ်လိုပေးလဲ”

“အခွန်ငွေအဖြစ် ပေးရတာကွဲ့။ မင်းမှာ ဝင်ငွေရှိနေရင် အခွန်ဆောင်ရမှာပဲ။ မင်း ပိုက်ဆံကို သုံးလိုက်တာနဲ့ အခွန်က ဆောင်ပြီးသား။ မင်းငွေစုပြီဆိုရင်လည်း အခွန်ဆောင်ရတာပဲ။ မင်းသေရင်လည်း အခွန်

http://www.cherrythitsar.org



ပေးရတာပဲ"

"ဘာကြောင့် အခွန်တွေ အစိုးရကယူတာကို လူတွေက ပေးနေကြတာလဲဟင်"

"ချမ်းသာတဲ့ လူတွေက အခွန် မပေးကြဘူး ကွဲ့။ ဆင်းရဲတဲ့လူတွေနဲ့ လူလတ်တန်းစားတွေပဲ အခွန် ဆောင်ကြရတာ။ အခု ငါ့ရဲ့ ဝင်ငွေက မင်းရဲ့ ဖေဖေ ထက် ဝင်ငွေပိုကောင်းတယ်။ ဒါပေမဲ့ မင်းဖေဖေဆောင် ရတဲ့ အခွန်ငွေက ငါ့ထက်ပိုများတယ်ဆိုတာ လောင်းရဲ တယ်" ဟု ချမ်းသာသော ဖေဖေက ပြုံးလျက်ပြောသည်။

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲဟင်" ဟု ကျွန် တော်က မေးမိသည်။ ကိုးနှစ်သားအရွယ် ကလေးငယ် တစ်ယောက်အဖို့ ထိုကိစ္စတွေကို စဉ်းစား၍ မသိနိုင်ပါ။

"ဘာကြောင့် လူတချို့က အဲဒီလို အဖြစ်ခံကြ ရတာလဲ"

ချမ်းသာသောဖေဖေက ငြိမ်ဆိတ်စွာ ထိုင်နေ ပါသည်။ သူ့သဘောကတော့ သူပြောသည့်စကားတွေကို ကြားဖြတ်ဝင်မမေးဘဲ ကျွန်တော့်ကို နားထောင်နေစေချင် ပုံရသည်ဟု ခန့်မှန်းမိသည်။

နောက်ဆုံးတော့ ကျွန်တော့်စိတ်တွေ တည်ငြိမ် သွားပါသည်။ ကျွန်တော် ကြားနေရသည့် ထိုစကား တွေကို မနှစ်သက်လှပါ။ ကျွန်တော့်ဖေဖေသည် အခွန် ငွေတွေ အများကြီး ပေးဆောင်ရသည့် ကိစ္စနှင့် ပတ်သက် ပြီး အမြဲလိုလို မကျေမနပ်ဖြစ်နေသည်မှာ မှန်သော်

လည်း ထိုပေးရမည့်ငွေ နည်းပါးသွားအောင် လုပ်ဆောင်ခြင်းမျိုးတော့ မရှိခဲ့ပေ။ ဆင်းရဲသောဖေဖေကို ဘဝကြီးက တွန်းနေပြီလားဟု မေးရမလိုပင် ဖြစ်နေလေပြီ။

ချမ်းသာသောဖေဖေသည် သူ၏ လှုပ်ကုလားထိုင်ကို ဖြည်းညှင်းစွာလှုပ်လျက် ထိုင်နေရင်း ကျွန်တော့်ကို ကြည့်နေပါသည်။

"မင်း သင်ယူဖို့ အသင့် ဖြစ်ပြီလား" ဟု သူက ကျွန်တော့်ကို မေးသည်။

ကျွန်တော် ခေါင်းကို လေးတွဲ့စွာ ညိတ်ပြလိုက်မိသည်။

"ငါပြောခဲ့သလိုပဲ၊ သင်ယူစရာတွေက အများကြီးရှိတယ်။ မင်းအတွက် ငွေက အလုပ်လုပ်ပေးအောင် သင်ယူဖို့ဆိုတာ တစ်သက်လုံး သင်ယူနေရမယ့် သင်ခန်းစာတွေပဲ။ လူအများစုကတော့ ကောလိပ်သွားတက်တယ်။ လေးနှစ်စာသင်ပြီးရင် ဘွဲ့တွေ ရကြတယ်။ ဒါပေမဲ့ ငါ့ရဲ့ ငွေကြေးနဲ့ ပတ်သက်တဲ့ လေ့လာမှုကတော့ တစ်သက်လုံးလေ့လာသင်ယူနေရမယ့် သင်ခန်းစာတွေပဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ အချက်အလက်ကောင်းတွေကို ပိုပြီး ရှာဖွေတွေ့ရှိလာလေလေ၊ ငါသိဖို့ လိုနေသေးပါလားဆိုတာ ပိုပြီး သိလာလေလေ ဖြစ်နေလို့ပဲ။ လူအများစုက ဘယ်တော့မှ လေ့လာသင်ယူတဲ့ အလုပ်ကို မလုပ်ကြဘူး။ သူတို့ အလုပ်ဝင်တယ်။ လစာငွေကို ထုတ်တယ်။ ရငွေနဲ့ သုံးငွေကို ချိန်ဆတယ်။ ဒီလောက်ပဲ

http://www.cherrythitsar.org


လုပ်ကြတယ်။ ပြီးတော့ ဘာလုပ်ကြသလဲဆိုရင် သူတို့မှာ ဘာ့ကြောင့် ငွေကြေးပြဿနာတွေ ရှိနေရတာလဲ ဆိုတာကို စဉ်းစားနေကြတယ်။ သူတို့ရဲ့ ငွေကြေးပြဿနာ အရင်းအမြစ်က သူတို့မှာ ငွေကြေးနဲ့ပတ်သက်တဲ့ သင်ခန်းစာ ချို့တဲ့နေတယ်ဆိုတာကို သိတဲ့လူက အင်မတန်နည်းပါးတယ်”

“ဒါဆိုရင် ကျွန်တော့်ဖေဖေက ငွေအကြောင်း နားမလည်လို့ သူ့မှာ အခွန်ဆောင်ရတာနဲ့ ပတ်သက်ပြီး ပြဿနာတွေ ရှိနေတာပေါ့နော်” ဟု ကျွန်တော်က နားမလည်နိုင်စွာ မေးလိုက်သည်။

“ဒီမှာကြည့် ငါပြောတဲ့အထဲမှာ အခွန်ကိစ္စဆိုတာ အသေးအဖွဲလေးတစ်ခုပဲ ရှိသေးတယ်နော်။ ဒီနေ့မှာတော့ ငွေကြေးနဲ့ ပတ်သက်ပြီး မင်းမှာ သင်ယူချင်စိတ် ဘယ်လောက်အတိုင်းအတာအထိ ရှိနေလဲ ဆိုတာကို ငါ သိချင်သေးတယ်။ လူအများစုက ငွေကြေးအကြောင်းကို နားမလည်ချင်ကြဘူး။ ကျောင်းတက်ချင်တယ်။ အတတ်ပညာတစ်ခုခု သင်ယူချင်တယ်။ သူတို့ရဲ့ အလုပ်တွေမှာ အပျော်ရှာမယ်။ ပြီးတော့ ဝင်ငွေတွေ အများကြီးရအောင် လုပ်မယ်။ ဒီလိုနဲ့ပဲ တစ်နေ့နေ့မှာတော့ သူတို့ဟာ ငွေကြေးနဲ့ ပတ်သက်ပြီး ကြီးမားတဲ့ ပြဿနာတွေကို ရင်ဆိုင်ရတော့တာပဲ။ ဒီတော့ သူတို့ရဲ့ အလုပ်တွေကို ရပ်လို့ မရတော့ဘူးပေါ့။ ဒါက ငွေက ကိုယ့်အတွက် ဘယ်လို အလုပ်လုပ်ပေးမလဲဆိုတာ မလေ့လာဘဲနဲ့ ငွေရအောင်

http://www.cherrythitsar.org



ဘယ်လို လုပ်ရမလဲဆိုတာ လေ့လာခြင်းရဲ့ အကျိုးတွေပဲ။ ဒီတော့ မင်းမှာ သင်ယူချင်တဲ့စိတ် ရှိမှ ရှိသေးရဲ့လား" ဟု ချမ်းသာသောဖေဖေက မေးပါသည်။

ကျွန်တော် ခေါင်းကို ညိတ်ပြလိုက်သည်။

"ကောင်းတယ်။ အခု မင်းအလုပ်ကို ဆက်ပြီး လုပ်တော့။ ဒီတစ်ကြိမ်မှာတော့ ငါ မင်းကို လုပ်ခ တစ်ပြားတစ်ချပ်မှ ပေးမှာ မဟုတ်ဘူးနော်"

"ဘာဖြစ်လို့လဲ" ဟု ကျွန်တော် အံ့သြခြင်းကြီးစွာဖြင့် မေးလိုက်မိသည်။

"ငါပြောတာ ကြားတယ် မဟုတ်လား။ မင်းကို တစ်ပြားမှ ပေးမှာမဟုတ်ဘူး။ မင်း စနေနေ့တိုင်း လုပ်နေကျ သုံးနာရီကြာအလုပ်ကို လုပ်ရမယ်။ ဒါပေမဲ့ အရင်လို တစ်နာရီကို ဆယ်ဆင့် ပေးမှာ မဟုတ်တော့ဘူး။ မင်းပဲ ပြောတယ်လေ။ ငွေအတွက် အလုပ်လုပ်ရတာမျိုး မသင်ယူချင်ဘူးဆို။ ဒီတော့ ငါကလည်း မင်းကို တစ်ပြားတစ်ချပ်မှ ပေးမှာ မဟုတ်ဘူး"

ကျွန်တော် ကြားလိုက်ရသည့် စကားများကို မယုံနိုင်အောင် ဖြစ်နေမိပါသည်။

"ငါ မင်းကို ပြောခဲ့တဲ့ စကားမျိုးတွေ မိုက်ခ်နဲ့လည်း ပြောပြီးသွားပြီ။ သူကတော့ လုပ်ဖို့ အသင့်ဖြစ်နေပြီ။ စည်သွပ်ဘူးတွေကို ဖုန်သုတ်ပြီး ပြန်စီရမယ့်အလုပ်ကို အလကားလုပ်မယ်လို့ သူ ငါ့ကို ပြောပြီးသွားပြီ။ မင်း အလုပ်လုပ်ရမယ့်နေရာကို မြန်မြန်သွားပေတော့"

http://www.cherrythitsar.org



"ဒါကတော့ ဘယ်တရားမလဲ။ ကျွန်တော့်ကို တစ်ခုခုတော့ ပေးမှ ဖြစ်မှာပေါ့" ဟု ကျွန်တော် ကျယ်လောင်စွာ ပြောလိုက်မိသည်။

"မင်းပဲ ပညာယူချင်တယ်ဆို။ အခုအချိန်မျိုးမှ ပညာမယူနိုင်ရင် မင်းလည်း ငါ့ရဲ့ အလုပ်သမားတွေလိုပဲ ဘဝမှာ အဆုံးသတ်သွားမှာပဲ။ ငါ သူတို့ကို အလုပ်မဖြုတ်မယ့်အရေးကို မျှော်မှန်းပြီး ငွေကြေးအတွက်ပဲ အလုပ် လုပ်တဲ့ လူစားမျိုး ဖြစ်သွားမှာပဲ။ ဒီလိုမှ မဟုတ်ရင်လည်း မင်းရဲ့ ဖေဖေလို ဝင်ငွေကတော့ ကောင်းပါရဲ့။ အကြွေးကတော့ လည်ပင်းလောက်အထိ နစ်နေတဲ့ လူစားမျိုး ဖြစ်သွားမှာပဲ။ ငွေများများရမှ ပြဿနာတွေကို ဖြေရှင်းလို့ ရနိုင်မယ်လို့ မျှော်လင့်နေတဲ့ လူစားမျိုး ဖြစ်သွားမှာပဲ။ မင်းက ပိုက်ဆံရမှ ဖြစ်မယ်ဆိုရင်တော့ ငါတို့မူလက သဘောတူထားတဲ့အတိုင်း မင်းကို တစ်နာရီ ဆယ်ဆင့်ပဲ ပေးနိုင်မယ်။ ဒါမှမဟုတ်ရင်လည်း သူများတွေ လျှောက်တဲ့ လမ်းကြောင်းအတိုင်း မင်းလျှောက်သွားနိုင်တယ်။ ပေးတဲ့ငွေက နည်းတယ်ဆိုရင် မင်း အလုပ်ထွက်ပြီး ဝင်ငွေကောင်းတဲ့နေရာသွားဖို့လည်း ငါ ခွင့်ပြုတယ်"

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ"

ချမ်းသာသောဖေဖေက ကျွန်တော့်ခေါင်းကို ပုတ်လိုက်ပြီး "ဒါကိုသုံးရတယ်ကွ။ မင်းရဲ့ ခေါင်းကို ကောင်းကောင်း အသုံးချနိုင်ရင် မင်းလည်း သူဌေးတစ်

http://www.cherrythitsar.org



ယောက် ဖြစ်လာလိမ့်မယ်” ဟု ပြောပါသည်။

ကျွန်တော့်ကို နောက်ထပ်ကမ်းလှမ်းသည့် ကမ်း လှမ်းချက်ကို မယုံနိုင်လောက်အောင် ခံစားနေမိရင်း ကျွန်တော် ငြိမ်သက်စွာ ထိုင်နေမိသည်။ အမှန်က လစာတိုးပေးဖို့ ကျွန်တော် လာပြောခြင်းဖြစ်သော်လည်း ယခုတော့ တစ်ပြားတစ်ချပ်မှ မပေးဘဲ လုပ်ခိုင်းနေသည်နှင့် ကြုံနေရသည်။

ချမ်းသာသောဖေဖေက ကျွန်တော့်ခေါင်းကို နောက်တစ်ကြိမ် ထပ်ပုတ်ပြီး “ဒါကိုသုံးရတယ်ကွ။ ကဲ မင်းအလုပ်ကို သွားပြီး လုပ်ပေတော့” ဟု ပြောပါသည်။

ကျွန်တော် လုပ်ခမရသည့်အကြောင်းကိုဖေဖေ့အား မပြောပြပါ။ ပြောပြလျှင်လည်း ကျွန်တော့်ဖေဖေက နားလည်နိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်ကလည်း မိမိကိုယ်တိုင် နားမလည်သေးသည့် ကိစ္စကို ရှင်းပြဖို့ မကြိုးစားချင်ပါ။

ကျွန်တော်နှင့် မိုက်ခ်သည် နောက်ထပ် သုံးပတ်လုံးလုံး စနေနေ့များတွင် သုံးနာရီကြာ လုပ်ရသည့် အလုပ်ကို သွားလုပ်ကြပါသည်။ ထိုအခါ အလုပ်လုပ်ရသည်မှာ အနှောင့်အယှက်တစ်ခုလို မဖြစ်တော့သည့် အပြင် ပို၍ပင် လွယ်ကူချောမွေ့လာပါသည်။ ကျွန်တော့်အတွက် ကာတွန်းစာအုပ် ငှားမဖတ်နိုင်တော့တာနှင့် ဘောလုံးပွဲ သွားမကြည့်ရတာလောက်သာ ရှိတော့သည်။

တတိယမြောက် အပတ်တွင် ချမ်းသာသော

http://www.cherrythitsar.org



ဖေဖေသည် နေမွန်းတည့်ချိန်တွင် ရောက်လာပါသည်။ ကားရပ်နားသည့် ကွက်လပ်တွင် သူ့ကား ထိုးသည့်အသံကို ကျွန်တော်တို့ ကြားနေရသည်။ ကားစက် ရပ်လိုက်သံကိုလည်း ကြားနေရသည်။ သူသည် ဆိုင်ထဲသို့ ဝင်လာကာ မစ္စစ်မာတင်ကို ဖက်ပြီးနှုတ်ဆက်သည်။ စတိုးဆိုင်ထဲမှ အခြေအနေအရပ်ရပ်ကို သူလေ့လာပြီးသောအခါ ရေခဲမုန့်တွေထည့်ထားသည့် ရေခဲဘူးထံသွား၍ ရေခဲချောင်းနှစ်ချောင်း ထုတ်ယူလိုက်ပါသည်။ သူသည် ရေခဲချောင်းဖိုးငွေကို မစ္စစ်မာတင်အားလှမ်းပေးလိုက်ကာ ကျွန်တော်နှင့် မိုက်ခ်ကို လက်ယပ်ခေါ်လိုက်သည်။

"သားတို့ရေ လမ်းလျှောက်ရအောင်ကွာ"

ကျွန်တော်တို့သည် ကားတချို့ကို ရှောင်ကွင်းပြီး လမ်းဖြတ်ကူးခဲ့ကြသည်။ ထို့နောက် မြက်ခင်းပြင်ကြီးထဲ ဖြတ်လျှောက်ခဲ့သည်။ မြက်ခင်းပြင်ထဲ၌ လူကြီးတချို့သည် ဘောလုံးကစားနေကြ၏။ ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းမှ ခုံတန်းတစ်ခုတွင် ထိုင်လိုက်ကြသည်။ ချမ်းသာသောဖေဖေက ကျွန်တော်တို့နှစ်ယောက်ကို ရေခဲ ချောင်းတစ်ခုစီ ပေးသည်။

"သားတို့ရေ အခြေအနေ ဘယ်လိုလဲကွ"

"အိုကေပဲ" ဟု မိုက်ခ်က ပြန်ဖြေပါသည်။

ကျွန်တော်ကလည်း သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဘာသင်ခန်းစာတွေ ရနေပြီလဲ" ဟု ချမ်းသာ

သောဖေဖေက မေးပါသည်။

မိုက်ခ်နှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပုခုံးပြိုင်တူတွန့်လိုက်ပြီး ခေါင်း ခါမိကြသည်။

# ဘဝ၏ အကြီးမားဆုံးသော ထောင်ချောက်များထဲမှ ထောင်ချောက်တစ်ခုကို ရှောင်ရှားခြင်း

"အင်း၊ မင်းတို့ စဉ်းစားဖို့ အချိန်တန်ပြီကွ။ မင်းတို့ဟာ ဘဝရဲ့ အကြီးမားဆုံး သင်ခန်းစာတွေထဲက တစ်ခုကို သင်နေရပြီ။ အဲဒီသင်ခန်းစာကို မင်းတို့ ရယူ နိုင်မယ်ဆိုရင် ဘဝမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင် ရွှင်နဲ့ နေနိုင်ပြီ။ အဲဒီသင်ခန်းစာကို မယူတတ်ရင်တော့ မစ္စစ်မာတင်လို၊ ဟိုကွင်းထဲမှာ ဘောလုံးကစားနေတဲ့ လူ တွေလို ဖြစ်သွားမှာပဲ။ သူတို့တတွေက ငွေကြေး အနည်း ငယ်အတွက် အလုပ်ကို ပင်ပင်ပမ်းပမ်း လုပ်နေကြရ တယ်။ သူတို့တွေဟာ အလုပ်ရဲ့ လုံခြုံမှုဆိုတဲ့ တံလျှပ်ကြီး ကို မှီတွယ်နေကြတယ်။ သူတို့လို လူမျိုးတွေက တစ်နှစ် မှာ အားလပ်ရက် သုံးပတ်ရမယ့် အချိန်မျိုးကိုပဲ နှစ်စဉ် စောင့်စားနေကြတယ်။ လုပ်သက် ၄၅နှစ်ပြည့်ရင် ပင်စင် ရတော့မှာပဲဆိုပြီး ကျေနပ်နေကြတယ်။ မင်းတို့ အဲဒီလို ဘဝမျိုး စိတ်ဝင်စားတယ်ဆိုရင်တော့ မင်းတို့ကို ငါ တစ်

http://www.cherrythitsar.org


နာရီ ၂၅ဆင့် လုပ်ခ တိုးပေးမယ်"

"ဒါပေမဲ့ သူတို့က လူကောင်းတွေပဲ။ အလုပ်ကိုလည်း ကြိုးစားကြတယ်လေ။ ဖေဖေက သူတို့ကို နောက်နေတာလား" ဟု ကျွန်တော်က မေးလိုက်ပါသည်။

ချမ်းသာသောဖေဖေ၏ မျက်နှာတွင် အပြုံးရိပ်တစ်ခု ဖြတ်ပြေးသွားသည်။

"မစ္စစ်မာတင်က ငါ့အတွက် အမေတစ်ယောက်လိုပါပဲကွယ်။ ငါက ဒီလောက်ကြီးလည်း ရက်စက်တတ်တဲ့သူမျိုး မဟုတ်ပါဘူး။ ငါခုနကပြောလိုက်တာ စကားအနေနဲ့ ရိုင်းရင် ရိုင်းသွားလိမ့်မယ်။ ဒါပေမဲ့ မင်းတို့နှစ်ယောက် ကွင်းကွင်းကွက်ကွက် မြင်သာလာအောင် အကောင်းဆုံး ဥပမာ ပေးလိုက်တာပါ။ ငါ့အနေနဲ့ မင်းတို့ရဲ့ အမြင်တွေကို ကျယ်ပြန့်သွားစေချင်တယ်။ ဒါမှ မင်းတို့ အမြင်ကျယ်ပြီး မြင်သင့်တဲ့အရာတွေကို မြင်လာနိုင်မှာပေါ့။ အဲဒီ မြင်သင့်တဲ့ တစ်စုံတစ်ရာကို လူအများစုက မြင်ခွင့်မရကြဘူး။ မမြင်တတ်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ အမြင်တွေက သိပ်ကို ကျဉ်းမြောင်းနေလို့ပဲ။ လူအများစုဟာ သူတို့ကိုယ်သူတို့ ထောင်ချောက်ထဲ ရောက်နေတယ်ဆိုတာကို မသိကြဘူး"

ကျွန်တော်နှင့် မိုက်ခ်သည် သူပြောသည့်စကားကို နားမလည်မိကြပါ။ သူ့အပြောအဆိုက ရက်စက်လွန်းသည်။ သို့သော်လည်း သူ့အနေနှင့် ကျွန်တော်တို့ကို တစ်ခုခုကို အလွန်အမင်း သိနေစေချင်သည်ဆိုတာကို ကျွန်

http://www.cherrythitsar.org



တော်တို့ ခံစားလို့ရနေသည်။ ကျွန်တော်တို့နှစ်ယောက်သည် နဝေတိမ်တောင်ဖြစ်နေရင်းနှင့် ထိုင်နေကြပါသည်။

"တစ်နာရီကို ၂၅ဆင့်က မင်းတို့အတွက် အဆင်မပြေဘူးလားကွ။ မင်းတို့ရဲ့ ရင်ခုန်သံတွေ နည်းနည်းလောက် မြန်မသွားဘူးလား" ဟု ချမ်းသာသောဖေဖေက ပြုံးလျက် ပြောပါသည်။

ကျွန်တော်က ထူးထူးခြားခြားမဖြစ်မိကြောင်း ခေါင်းခါပြမိသည်။ အမှန်တကယ်လည်း ကျွန်တော့်စိတ်ထဲတွင် တစ်နာရီ ၂၅ဆင့်ပေးသည့်အတွက် မည်သို့မျှဖြစ်မသွားပါ။ တစ်နာရီ ၂၅ဆင့်သည် ကျွန်တော့်အတွက်တော့ များစွာသောဝင်ငွေ ဖြစ်လျှင် ဖြစ်နေပါမည်။

"အိုကေ၊ ဒါဆိုရင် မင်းတို့ကို တစ်နာရီ တစ်ဒေါ်လာ ပေးမယ်ကွာ" ဟု ချမ်းသာသောဖေဖေက ပြုံးစစနှင့် ပြောပါသည်။

ယခုအချိန်၌ ကျွန်တော်၏ နှလုံးခုန်သံ မြန်စပြုလာပြီဖြစ်သည်။ "ယူလိုက်၊ ယူလိုက်" ဟုလည်း ကျွန်တော့် ဦးနှောက်က အော်ဟစ်နေသည်။ ကျွန်တော်ကြားလိုက်ရသည့် စကားကိုပင် မယုံနိုင်အောင် ဖြစ်နေပါသည်။ သို့ရာတွင် ကျွန်တော် ဘာမှ ပြန်မပြောမိပါ။

"အိုကေ၊ ဒါဆိုလည်း တစ်နာရီ ၂ဒေါ်လာ ပေးမယ်ကွာ"

ကျွန်တော်၏ ကိုးနှစ်သားအရွယ် နှလုံးသား

http://www.cherrythitsar.org



လေးမှာ ပေါက်ကွဲတော့မလိုလို ဖြစ်သွားသည်။ ပြီးတော့ ထိုစဉ်အချိန်က ၁၉၅၆ခုနှစ်ကာလဖြစ်သည့်အပြင် တစ်နာရီလျှင် ၂ဒေါ်လာနှုန်းရနေပါက ကျွန်တော်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးကလေးတစ်ယောက် ဖြစ်သွားမည်မှာ သေချာပါသည်။ ထိုမျှ များပြားလှသော ဝင်ငွေမျိုး ရရှိနိုင်လိမ့်မည်ဟု ကျွန်တော် တစ်ခါမှ စိတ်ကူးပင် မယဉ်ဖူးခဲ့ပေ။ ကျွန်တော် လက်ခံမည်ဟု ပြောချင်နေသည်။ ထိုဈေးဖြင့် ရလျှင် ကျွန်တော်လိုချင်သည်။ ကျွန်တော့်မျက်စိထဲမှာ စက်ဘီးအသစ်တစ်စီး၊ ဘေ့စ်ဘောလက်အိတ်အသစ်တို့ကို မြင်ယောင်နေသည်။ ငွေကိုင်နိုင်သော ကျွန်တော့်ကို သူငယ်ချင်းတွေက တလေးတစားကြည့်ကြမှာကို မြင်ယောင်ကြည့်နေမိသည်။ ထို့ထက်ပိုပြီး ဝမ်းသာစရာကောင်းသည်က ဂျင်မီနှင့် သူ၏ အပေါင်းအပါများသည် ကျွန်တော့်ကို ငမွဲဟု ခေါ်နိုင်မှာ မဟုတ်တော့ဘူးဆိုသည့် အဖြစ်ပင်။ သို့ရာတွင် ကျွန်တော်သည် ဘာမှ ပြန်မဖြေဖြစ်ဘဲ ပါးစပ်ကို ပိတ်ထားနေမိသည်။

ကျွန်တော့် ဦးနှောက်သည်လည်း ပေါက်ကွဲလုမတတ် ဖြစ်နေလောက်ပြီ။ သို့ရာတွင် ကျွန်တော့် အရင်းခံစိတ်ထဲမှာတော့ တစ်နာရီ၂ဒေါ်လာကို လိုချင်နေသည်။

ကိုင်ထားသော ရေခဲချောင်းသည် အရည်ပျော်လာပြီး ကျွန် တော့်လက်ပေါ်သို့ စီးကျလာပါသည်။ ကြည့်လိုက်တော့ ကျွန်တော့်လက်ထဲမှာ တုတ်ချောင်း

http://www.cherrythitsar.org



လေးသာ ကျန်ပါတော့သည်။ မြေကြီးပေါ်မှာတော့ အရည်ပျော်နေသည့် ချောကလက် အရည်များကို ပရွက်ဆိတ်များက ဝိုင်းအုံစားသောက်နေကြပါသည်။ ချမ်းသာသောဖေဖေသည် သူ့ကို ကြည့်နေသည့် ကျွန်တော်တို့နှစ်ယောက်ကို ပြန်ကြည့်နေပါသည်။ ကျွန်တော်တို့၏ခေါင်းထဲမှာ ဟာလာဟင်းလင်း ဖြစ်နေပြီး မျက်လုံးအစုံသည်လည်း ပြူးကျယ်နေပါသည်။ သူ ကျွန်တော်တို့၏စိတ်ကို တမင်စမ်းသပ်နေခြင်းဖြစ်သည်။ ကျွန်တော်တို့လက်ခံနိုင်မည့် ခံစားမှု၊ စိတ်လှုပ်ရှားမှုများကိုလည်း သူသိရှိနေသည်။ လူသားတိုင်းတွင် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေပြီး ထိုအားနည်းချက်များအတွက် ငွေကြေး၏ အသုံးချခံပစ္စည်းတွေ ဖြစ်နိုင်သည် ဆိုတာကိုလည်း သူ သိရှိနေပါသည်။

သို့ရာတွင် လူသားတိုင်း၌ ငွေဖြင့်ပေးဝယ်၍မရသော ကြံ့ကြံ့ခံမှု စွမ်းရည်များ ရှိနေသည် ဆိုသည့်အချက်ကိုလည်း သူ ကောင်းကောင်းကြီး သိထားပါသည်။ ဘယ်သူက အားသာသလဲ ဆိုသည့်တစ်ချက်ပဲမေးစရာရှိသည်။ သူသည် သူ့ဘဝတစ်လျှောက်တွင် လူထောင်ပေါင်းများစွာကို စမ်းသပ်ခဲ့ဖူးပါသည်။ အလုပ်အတွက် လူတွေ့ စစ်ဆေးမေးမြန်းသည့် အခါတိုင်းလည်း လူတွေ၏စိတ်ကို သူစမ်းသပ်ခဲ့ရသည်။

"အိုကေ၊ ဒါဆိုရင် တစ်နာရီ ၅ဒေါ်လာ ပေးမယ်ကွာ"

http://www.cherrythitsar.org



ရုတ်တရက် ကျွန်တော်၏ ရင်တွင်းမှာ ငြိမ်သက်သွားသည်။ တစ်စုံတစ်ရာ ပြောင်းလဲမှု ဖြစ်သွားသည်။ သူကမ်းလှမ်းသည့် ငွေကြေးမှာ အလွန်ပင် များပြားလှပါသည်။ ငြင်းဆန်စရာအကြောင်း လုံးဝမရှိလောက်သော ငွေကြေးပင် ဖြစ်သည်။ ၁၉၅၆ခုနှစ်ကာလက လူကြီးများသည်ပင် တစ်နာရီလျှင် ၅ဒေါ်လာထက်ပိုပြီး ရခဲ့သူ မရှိခဲ့ပေ။ ကျွန်တော်၏ စိတ်လှုပ်ရှားမှုများပျောက်ကွယ်သွားပြီး ငြိမ်းချမ်းမှုက အစားထိုး ဝင်ရောက်လာသည်။ ကျွန်တော်သည် ဘယ်ဖက်သို့ ဖြည်းညင်းစွာစောင်းငဲ့ပြီး မိုက်ခ်ကို ကြည့်လိုက်သည်။ သူကလည်းကျွန်တော့်ကို ကြည့်နေသည်။ အားနည်းချက်တွေ ရှိပြီးလိုအပ်ချက်တွေ ရှိနေသည့် ကျွန်တော့် ဝိညာဉ်အစိတ်အပိုင်းက ငြိမ်သက်နေပါသည်။ ကျွန်တော်၏ တစ်စိတ်တစ်ဒေသကလည်း စျေးနှုန်းနှင့်ပတ်သက်ပြီး ငြိမ်သက်နေပါသည်။ ကျွန်တော့် ဦးနှောက်ထဲနှင့် ဝိညာဉ်ထဲသို့ဝင်ရောက်လာသည့် ငွေကြေးနှင့် ပတ်သက်ပြီးကျွန်တော် တည်ငြိမ်နေသည်။ သေချာမှုရှိနေသည်။ မိုက်ခ်လည်း ကျွန်တော် ခံစားသလိုပင်ခံစားနေရသည်ဆိုတာကို ရိပ် မိနေပါသည်။

"ကောင်းတယ်ကွာ။ လူ အများစုမှာ တန်ဖိုးတွေ ရှိနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့အကြောက်တရားနဲ့ လောဘကြီးမှုဟာ သူတို့ရဲ့ စိတ်လှုပ်ရှားမှု ဖြစ်နေတဲ့အတွက် သူတို့မှာ စျေးနှုန်းတွေ ရှိနေ

http://www.cherrythitsar.org



တာပါ။ လူအများစုမှာ တန်ဖိုးအသီးသီး ရှိကြတယ်။ ဘာကြောင့်လဲဆိုတော့ လူသားရဲ့ ခံစားမှုတွေမှာ အကြောက်တရားနဲ့ လောဘတရားတွေ လွှမ်းမိုးနေတာကြောင့်မို့ သူတို့မှာ တန်ဖိုးတစ်ခု ရှိနေကြတာပဲ။ ပထမဦးဆုံး အချက်က ငွေမရှိမှာကို ကြောက်တဲ့အကြောက်တရားက လူတွေကို အလုပ်ကြိုးစားအောင် စေ့ဆော်တယ်။ ပြီးတော့ လစာငွေ ထုတ်တာနဲ့ တစ်ပြိုင်နက် ရတဲ့ငွေနဲ့ ဘယ်လိုပစ္စည်းမျိုးတွေကို ဝယ်နိုင်မလဲဆိုတာ စဉ်းစားတယ်။ ဒီတော့ လိုချင်တပ်မက်တဲ့ လောဘဆိုတာ ပါလာပြီ။ ဒီတော့ လူအများစုဟာ အဲဒီဘောင်ထဲမှာပဲ ကျင်လည် နေကြတယ်”

“ဘာဘောင်ကို ပြောတာလဲ” ဟု ကျွန်တော်က မေးလိုက်ပါသည်။

“ငါပြောတဲ့ ဘောင်ဆိုတာက သူတို့ အိပ်ရာထတယ်၊ အလုပ်သွားတယ်၊ လစာထုတ်တယ်၊ ပေးစရာရှိတာ ပေးတယ်၊ အိပ်ရာထတယ်၊ အလုပ်သွားတယ်၊ လစာ ထုတ်တယ်၊ ပေးစရာရှိတာတွေ ပေးတယ်. . . ဆိုတဲ့ ဘောင်ပေါ့ကွာ။ ဒီတော့ သူတို့ရဲ့ ဘဝဟာ အကြောက် တရားနဲ့ လောဘတရားဆိုတဲ့ စိတ်ခံစားမှု နှစ်မျိုးတည်းနဲ့ ပဲ ထာဝရ သွားနေတာပေါ့။ သူတို့တတွေ ဝင်ငွေ ပိုပြီး ရလာတဲ့အခါ သုံးစွဲတဲ့ ငွေပမာဏလည်း ပိုများလာတယ်။ ငါဆိုလိုချင်တဲ့ အဓိပ္ပာယ်ကတော့ ဒါပဲ”

“တခြားနည်းလမ်းရှော မရှိတော့ဘူးလား” ဟု

http://www.cherrythitsar.org



မိုက်ခ်က မေးပါသည်။

"ရှိတာပေါ့ကွာ။ အဲဒီနည်းလမ်းကို သိတဲ့လူက တော့ အင်မတန်နည်းတယ်" ဟု ချမ်းသာသောဖေဖေက ဖြည်းညှင်းစွာ ဖြေပါသည်။

"အဲဒီနည်းလမ်းက ဘယ်လို နည်းလမ်းလဲ ဟင်"ဟု မိုက်ခ်က ထပ်မေးပြန်သည်။

"အဲဒီနည်းလမ်းကတော့ မင်းတို့နှစ်ယောက် ငါ နဲ့အတူ အလုပ်အတူလုပ်ပြီး လေ့လာစေချင်တဲ့ နည်းလမ်း ပေါ့ကွာ။ ဒါကြောင့်မို့လည်း မင်းတို့ကို ငါက တစ်ပြားမှ မပေးဘဲ လုပ်ခိုင်းတာပေါ့"

"နည်းနည်းပါးပါးလောက် သိခွင့်မရဘူးလား ဖေဖေ၊ ကျွန်တော်တို့ အလုပ်တွေ လုပ်နေရတာလည်း ပင်ပန်းလှပြီ။ လုပ်ခ တစ်ပြားမှ မရတော့ ပိုပြီး ပင်ပန်း သလိုပဲ" ဟု မိုက်ခ်က ဆိုသည်။

"အင်း၊ ပထမဦးဆုံးအဆင့်ကတော့ အမှန်ကို ပြောခြင်းပဲကွဲ့" ဟု ချမ်းသာသော ဖေဖေက ဆိုပါသည်။

"ကျွန်တော်တို့ တစ်ခါမှ မလိမ်ခဲ့ဖူးဘူးနော်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"မင်းတို့ လိမ်နေတယ်လို့ ငါက ပြောနေတာ မဟုတ်ပါဘူးကွာ။ အမှန်တရားကို ပြောဖို့ပဲ ငါက ပြော နေတာပါ" ဟု ချမ်းသာသော ဖေဖေက ဆိုသည်။

"ဘာအမှန်တရားကို ပြောရမှာလဲ" ဟု ကျွန် တော်က ပြန်မေးလိုက်ပါသည်။

http://www.cherrythitsar.org



“မင်းတို့ ဘယ်လိုတွေ ခံစားနေရသလဲ။ ကိုယ်ခံစားနေရတာတွေကို သူများတွေဆီ သွားပြီး ပြောပြနေစရာမလိုဘူး။ ကိုယ့်ကိုယ်ကို ပြောပြရုံပဲ”ဟု ချမ်းသာသောဖေဖေက ဆိုပါသည်။

“ဖေဖေဆိုလိုတာက ဖေဖေ့အတွက် အလုပ်တွေ လုပ်ပေးနေတဲ့ လူမျိုးတွေကို ဆိုလိုတာလား။ ဥပမာ မစ္စစ် မာတင်လို လူမျိုးတွေပေါ့။ သူတို့က ဖေဖေပြောသလို မလုပ်ကြဘူးလား” ဟု ကျွန်တော်က မေးလိုက်ပါသည်။

“သူတို့တွေက ငါပြောသလို လုပ်ကြမယ်မထင်ဘူးကွ။ သူတို့တတွေရဲ့ ခေါင်းထဲမှာ ရှိနေတာတွေက ပိုက်ဆံမရမှာကို ကြောက်နေတဲ့ ကြောက်စိတ်ပဲ ရှိတာ။ ငါပြောတာကို လုပ်ရမယ့်အစား၊ စဉ်းစားကြည့်ရမယ့်အစား သူတို့က အကြောက်တရားကိုပဲ ထိပ်တိုက်ရင်ဆိုင်နေကြတယ်။ သူတို့ဟာ ဦးနှောက်ကို ဦးစားပေးပြီး မလုပ်ဘဲ ခံစားမှုကို ဦးစားပေးပြီး လုပ်နေကြတဲ့ လူမျိုး တွေ” ဟုဆိုကာ သူက ကျွန်တော်တို့နှစ်ယောက်၏ ခေါင်းတွေကို ပုတ်ပြီး “ဒီတော့ သူတို့တတွေက ပိုက်ဆံ နည်းနည်းပဲ ရကြတယ်။ သူတို့လက်ထဲမှာ ပိုက်ဆံရှိနေ ပြီဆိုရင်လည်း ပျော်ရတာနဲ့၊ လိုချင်တပ်မက်စိတ်တွေ ဖြစ်လာတာနဲ့ လောဘတရားက သူတို့ကို ဖုံးလွှမ်းသွား ပြန်တယ်။ ဒီတော့ သူတို့က ဘာလုပ်သလဲဆိုတော့ စဉ်းစားရမယ့်အစား လောဘစိတ်ကူးချင်းကို တုံ့ပြန်ကြပြန်တယ်”

http://www.cherrythitsar.org


ဟု ဆိုပါသည်။

"ဒီတော့ သူတို့က စဉ်းစားရမယ့်နေရာမှာ စိတ်လှုပ်ရှားမှုကို အစားထိုးလိုက်ကြတာပေါ့" ဟု မိုက်ခ်က ဆိုပါသည်။

"အမှန်ပဲပေါ့ကွယ်။ သူတို့ ခံစားနေရတာတွေကို အမှန်အတိုင်း ပြောရမယ့်အစား သူတို့ရဲ့ ခံစားမှုကို ပြန်ပြီး တုံ့ပြန်နေရတာကြောင့် သူတို့မှာ စဉ်းစားဖို့အချိန်ဆိုတာ မရှိတော့ဘူး ဖြစ်သွားတယ်။ သူတို့ဟာ အကြောက်တရားကိုပဲ ခံစားနေကြရတယ်။ ဒီတော့ သူတို့ အလုပ်လုပ်ကြတယ်။ အလုပ် လုပ်လို့ရတဲ့ ငွေကြေးက သူတို့ရဲ့ အကြောက်တရားကို ပြေပျောက်နိုင်မယ်ထင်ကြပေမဲ့ တကယ်တမ်းမှာတော့ ဖြေဖျောက်လို့ မရဘူး။ ဒီတော့ သူတို့ရင်ထဲမှာ ရှိနေတဲ့ အကြောက်တရားတွေက သူတို့ကို ခြောက်လှန့်နေတာပေါ့။ ဒီတော့လည်း သူတို့ အလုပ်ကို လုပ်ကြရပြန်ရော။ ရတဲ့ငွေကြေးက သူတို့ရဲ့ အကြောက်တရားကို ပယ်ဖျက်နိုင်မယ်လို့ ထင်ကြပြန်တယ်။ တကယ်တော့လည်း မပယ်ဖျက်နိုင်ပြန်ဘူး။ ဒါကြောင့်မို့ အကြောက်တရားက သူတို့ကို အလုပ်လုပ်၊ ဝင်ငွေတွေရ၊ ငွေရရင် အကြောက်တရားတွေပြေပျောက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့် . . . စတဲ့ စက်ဝိုင်းကြီးထဲမှာ ထောင်ချောက်ချထားလိုက်တယ်။ ဒါပေမဲ့ သူတို့ နေ့စဉ်အိပ်ရာက ထတဲ့အခါတိုင်း သူတို့ရဲ့ အကြောက်တရားတွေကလည်း သူတို့နဲ့အတူ ထလိုက်လာတယ်။ လူသန်း

http://www.cherrythitsar.org



ပေါင်းများစွာဟာ အကြောက်တရားရဲ့ ခြောက်လှန့်မှု ကြောင့် ညကြီးသန်းခေါင်မှာ အိပ်ရာကနေ နိုးလာကြရ တယ်။ အိပ်မပျော်နိုင် ဖြစ်ကြရတယ်။ ခေါင်းကိုက်စေ တယ်။ စိုးရိမ်သောကတွေကို ဖြစ်ပွားစေတယ်။ ဒါကြောင့် မို့ သူတို့ဟာ အိပ်ရာကထ၊ အလုပ်ကိုသွား၊ သူတို့ရဲ့ ဝင် ငွေတွေက သူတို့ရဲ့ အကြောက်တရားတွေကို ဖြေဖျောက် နိုင်လိမ့်မယ်လို့ မျှော်လင့်နေရင်းနဲ့ပဲ သံသရာ လည်နေ ကြတယ်။ သူတို့ဘဝဟာ ငွေကြေးရဲ့ မောင်းနှင်ခြင်းကို ခံနေကြရတယ်။ အဲဒီအမှန်တရားကို သူတို့က ထုတ်ဖော် မပြောရဲကြဘူး။ ငွေကြေးကပဲ သူတို့ရဲ့ စိတ်ခံစားမှုတွေ ကို ထိန်းချုပ်နေတယ်။ သူတို့ရဲ့ ဝိညာဉ်တွေကို စေစား နေတယ်”

ချမ်းသာသော ဖေဖေသည် ငြိမ်သက်စွာထိုင် နေရင်း သူ့စကားတွေကို တစ်လုံးချင်း ပြောပြပါသည်။ မိုက်ခ်နှင့် ကျွန်တော်သည် သူပြောသမျှစကားတွေကို တစ်လုံးမကျန်နားထောင်နေမိသော်လည်း သူ့ စကားများ ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရေရေရာရာ နားလည်ခြင်း မရှိကြပါ။ လူကြီးတွေ အလုပ်ကို ဘာကြောင့် ခြေကုန် သုတ်ပြီးသွားနေရတာလဲဆိုသည့် အကြောင်း မကြာခဏ စဉ်းစားနေမိသည်ကိုပဲ ကျွန်တော်သိသည်။ သူတို့ ထိုသို့ ပြေးလွှားလုပ်ကိုင်နေကြရသည်မှာ အပျော်သဘော ကြောင့် မဖြစ်နိုင်ပေ။ သူတို့ပုံစံကို ကြည့်နေရသည်မှာ လည်း ပျော်ရွှင်နေသည့် အရိပ်အယောင်မျိုး လုံးဝ

http://www.cherrythitsar.org



မတွေ့ရပေ။ သူတို့ ခြေကုန်သုတ်ပြီး အလုပ်ကိုသွားနေရသည်မှာ အကြောင်းတစ်ခုခုတော့ ရှိနေပါလိမ့်မည်။

ကျွန်တော်တို့နှစ်ယောက် သူပြောသည့် စကားများအား လေးလေးနက်နက် စိတ်ဝင်စားနေသည်ကို နားလည်သွားသောအခါ ချမ်းသာသောဖေဖေက "ငါကတော့ မင်းတို့နှစ်ယောက် အဲဒီထောင်ချောက်ကြီးကို ရှောင်ရှားစေချင်တယ်။ ငါမင်းတို့ကို ပညာသင်ပေးချင်တာကလည်း အဲဒီအချက်ကြောင့်ပဲ။ ချမ်းသာစေချင်ရုံသက်သက်ကြောင့် မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချမ်းသာကြွယ်ဝမှုဟာ ငါ ခုနကပြောတဲ့ ပြဿနာတွေကို ဖြေရှင်းမပေးနိုင်ဘူး"

"မဖြေရှင်းပေးနိုင်ဘူး" ဟုတ်လားဟု ကျွန်တော် အံ့သြစွာဖြင့် မေးလိုက်မိပါသည်။

"ဟင့်အင်း၊ မဖြေရှင်းနိုင်ဘူး။ နောက်ထပ် စိတ်ခံစားမှုတစ်ခုဖြစ်တဲ့ လိုချင်တပ်မက်မှုအကြောင်း မင်းတို့ကို ငါဆုံးအောင် ပြောပြရဦးမယ်။ အဲဒီ လိုချင်တပ်မက်မှုကို တချို့က လောဘကြီးတယ်လို့ သတ်မှတ်ကြတယ်။ ဒါပေမဲ့ ငါပြောချင်တာက လိုချင်တပ်မက်မှု တစ်ခုတည်းပါ။ ကောင်းတာတစ်ခုခုကို လိုချင်တပ်မက်တယ်ဆိုတာက တကယ့် သဘာဝတရားပဲ။ ပိုပြီးလှပတာ၊ ပိုပြီးစိတ်လှုပ်ရှားစရာကောင်းတာတွေကို တပ်မက်တာက သဘာဝပဲလေ။ ဒါကြောင့်မို့ လူတွေဟာ သူတို့ရဲ့ လိုချင်တပ်မက်မှုတွေကို ဖြည့်ဆည်းပေးနိုင်မယ့် ငွေကြေးရဖို့အတွက်

http://www.cherrythitsar.org


အလုပ်တွေ လုပ်နေကြရတာပေါ့။ သူတို့ဟာ သူတို့ ဝယ်နိုင်မယ်လို့ထင်ထားတဲ့ ပျော်ရွှင်မှုကို စဉ်းစားနေမိတာကြောင့် ငွေကြေးကို လိုချင်တပ်မက်ကြတာပဲ။ ဒါပေမဲ့ ငွေကြေးကြောင့်ရတဲ့ ပျော်ရွှင်မှုက ရေရှည်မခံဘူး။ နောက်ထပ် ပျော်စရာတွေအတွက် နောက်ထပ်ငွေကြေးတွေ လိုအပ်နေတာပဲ။ ပိုပြီး သာသာယာယာနေချင်ရင်၊ ပိုပြီး သက်တောင့်သက်သာနေချင်ရင်၊ ပိုပြီး လုံလုံခြုံခြုံနေချင်ရင် ငွေက လိုပြီးရင်းလိုရင်း ဖြစ်နေမှာပဲ။ ဒီတော့ သူတို့ အလုပ်ကို ပိုပြီး လုပ်ကြရတာပေါ့။ ငွေကြေးက အကြောက်တရားနဲ့ လိုချင်တပ်မက်မှုကြောင့် ကြံရာမရဖြစ်နေတဲ့ သူတို့ရဲ့ ဝိညာဉ်တွေကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ်လို့ပဲ သူတို့ ထင်နေကြတယ်၊ မျှော်လင့်နေကြတယ်လေ။ ဒါပေမဲ့ ငွေကြေးက သူတို့ရဲ့ ပြဿနာတွေကို ဖြေရှင်း မပေးနိုင်ဘူး”

“ချမ်းသာတဲ့ လူတွေတောင် မဖြေရှင်းနိုင်ဘူးလား” ဟု မိုက်ခ်က မေးသည်။

“ချမ်းသာတဲ့ လူတွေလည်း ပါတာပေါ့ကွာ။ အမှန်မှာတော့ လူချမ်းသာ အများစု ချမ်းသာလာရတာဟာ လိုချင်တပ်မက်မှုကြောင့်တင် မဟုတ်ဘူး။ အကြောက်တရားလည်း ပါတယ်။ လူချမ်းသာတွေက ငွေကြေးဟာ ငွေမရှိမှာ၊ ဆင်းရဲမှာ ကြောက်တဲ့စိတ်ကို ပယ်ဖျက်ပစ်နိုင်မယ်လို့ ထင်ကြတယ်။ ဒီတော့ သူတို့ဟာ အကြောက်တရားကို ရှောင်ရှားဖို့ ငွေကို အလုံးလိုက်

http://www.cherrythitsar.org



အရင်းလိုက် ရှာဖွေကြရင်းနဲ့ သူတို့ရဲ့ ကြောက်စိတ်တွေ ဟာ ပိုပြီး ဆိုးဝါးလာကြတယ်။ သူတို့တတွေမှာ ငွေကြေး ပိုင်ဆိုင်မှုတွေ ရှိလာတော့လည်း ရှိတဲ့ငွေတွေကို လျော့ပါး သွားမှာ ကြောက်လာကြပြန်တယ်။ ငါ့မှာ သူငယ်ချင်း တစ်ယောက်ရှိတယ်။ သူက ငွေတွေ အများကြီးချမ်းသာ ပေမဲ့ အလုပ်ကို ကြိုးစားပမ်းစား လုပ်နေတုန်းပဲ။ ငါ့အသိ တွေထဲမှာလည်း  သန်းချီပြီးချမ်းသာနေတဲ့သူတွေဟာ ဆင်းရဲတဲ့အချိန်ကထက် ချမ်းသာချိန်မှာ ငွေမရှိတော့မှာ ပိုကြောက်ကြတဲ့သူတွေ အများကြီးပဲ။ သူတို့လို လူမျိုးတွေ က ငွေတစ်ပြားမှ မရှိတော့မယ့်အဖြစ်မျိုးကို ပိုပြီး ကြောက်ကြတယ်။ အဲဒီအကြောက်တရားကပဲ သူတို့ကို ပိုပြီး ချမ်းသာကြွယ်ဝလာအောင် စေခိုင်းနေတော့ သူတို့ ရဲ့ အကြောက်တရားတွေဟာ ငွေရှိလေ ပိုပြီး ဆိုးလာ လေလေ ဖြစ်လာတာပေါ့။ အမှန်မှာတော့ သူတို့ဟာ ချမ်း သာရိုးမှန်ပေမဲ့ သူတို့ရဲ့ ဝိညာဉ်မှာတော့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ အများကြီး ရှိနေတယ်။ သူတို့ရဲ့ စိတ် ထဲမှာလည်း မခံမရပ်နိုင်အောင် အော်ဟာစ်နေကြတယ်။

"သူတို့တတွေက သူတို့ပိုင်ဆိုင်တဲ့ အဖိုးတန် အိမ်ကြီးတွေကို ဆုံးရှုံးရမှာ သိပ်ကြောက်ကြတယ်။ ငွေ ကြေးက သူတို့ကို ဖြည့်စွမ်းပေးထားတဲ့ မြင့်မားတဲ့လူနေ မှုဘဝ၊ ဇိမ်ခံကားတွေကို ဆုံးရှုံးရမှာ သိပ်ကြောက်ကြ တယ်။ သူတို့ရဲ့ မိတ်ဆွေတွေက သူတို့ကို စည်းစိမ်ပြုတ် လိမ့်မယ်လို့ ပြောလာမယ့် စကားမျိုးတွေကိုတောင် သူတို့

http://www.cherrythitsar.org



ကြောက်တတ်ကြတယ်။ သူတို့ရဲ့ ပုံစံတွေက အပြင်ပန်း မှာ စည်းစိမ်ချမ်းသာတွေ ပြည့်နှက်နေပေမဲ့ သူတို့ရဲ့ စိတ် ထဲမှာတော့ စိတ်ညစ်မှုတွေ၊ စိတ်ခာတ်ကျဆင်းမှုတွေ ပြည့်နှက်နေတယ်"

"ဒီတော့ ဆင်းရဲတဲ့သူတွေက ပိုပြီး ပျော်ရတာ ပေါ့" ဟု ကျွန်တော်က မေးလိုက်သည်။

"ဟင့်အင်း၊ အဲဒီလိုလည်း မဟုတ်ပါဘူးကွာ။ ငွေကြေးကို ရှောင်ရှားခြင်းဟာ စိတ်သဘာဝအရ ငွေ ကြေးကို ဖက်တွယ်ထားခြင်းပဲကွဲ့။ 'ကျွန်တော်ကတော့ ငွေရေးကြေးရေးကို စိတ်မဝင်စားပါဘူး' လို့ ပြောတတ်ကြ တဲ့လူမျိုးတွေကို ငါ အများကြီးတွေ့ဖူးတယ်။ ဒါပေမဲ့ သူ တို့တတွေဟာ တစ်နေ့ ရှစ်နာရီလုပ်ရတဲ့ အလုပ်ကို ဆက် ပြီး လုပ်နေကြမှာပဲ။ ဒီအချက်က ငြင်းလို့မရတဲ့ အချက် ပဲ။ သူတို့သာ ငွေကြေးကို အမှန်တကယ် စိတ်မဝင်စား ဘူးဆိုရင် ဘာဖြစ်လို့ အလုပ်တွေ လုပ်နေကြမှာလဲ။ အဲ ဒီလို လူမျိုးတွေရဲ့ တွေးခေါ်မှုက ငွေကြေးကို မက်မက် မောမော လိုချင်တဲ့သူတွေထက်ပိုပြီး ဆိုးတယ်"

ကျွန်တော်သည် ချမ်းသာသောဖေဖေ ပြော သည့် စကားများကို ထိုင်ပြီး နားထောင်နေရင်း ကျွန်တော့် စိတ်သည် 'ဖေဖေက ငွေရေးကြေးရေးကို စိတ်မဝင်စား ဘူးကွ' ဟု အခါမလပ် ပြောနေတတ်သည့် ကျွန်တော့် ဖေဖေအရင်း၏ စကားများဆီသို့ ပြန်လည်ရောက်ရှိသွား သည်။ ကျွန်တော့် ဖေဖေသည် ထိုစကားမျိုးကို မကြာ

http://www.cherrythitsar.org



မကြာ ပြောနေတတ်သည်။ 'ငါ့အလုပ်ကို ချစ်လို့သာ အလုပ်ကို လုပ်နေရတာ' ဆိုသည့် သူ့ကိုယ်သူ ကာကွယ်သည့် စကားကိုလည်း မကြာမကြာ ပြောတတ်သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘာလုပ်ရမှာလဲ။ ငွေကြေးအတွက် အလုပ်မလုပ်ဘဲနဲ့ အကြောက်တရားနဲ့ လောဘတရားတွေ ပျောက်ကွယ်သွားအောင် ကျွန်တော်တို့ ဘာလုပ်ရမလဲ" ဟု ကျွန်တော် မေးလိုက်မိသည်။

"အဲဒီလိုလည်း မဟုတ်ဘူး။ ရှင်းပြနေရင် အချိန်တွေ ကုန်သွားမယ်။ ငါတို့ လူသားတွေကို စိတ်လှုပ်ရှားမှုတွေနဲ့ပဲ ဖွဲ့စည်းထားတာကွဲ့။ စိတ်လှုပ်ရှားမှုတွေကပဲ ငါတို့ကို ပကတိဖြစ်အောင် လုပ်ထားတာ။ စိတ်လှုပ်ရှားမှုဆိုတဲ့ စကားလုံးက လှုပ်ရှားနေတဲ့ စွမ်းအင်ကို ပြောတာ။ ဒီတော့ မင်းရဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး ဘယ်တော့မှ မလိမ်နဲ့။ မင်းရဲ့စိတ်နဲ့ စိတ်လှုပ်ရှားမှုတွေကို လိုက်လျောညီထွေဖြစ်အောင် ထားပါ။ မင်းတို့ကိုယ်မင်းတို့ ဘယ်တော့မှ မဆန့်ကျင်နဲ့"

"အိုး" ဟု မိုက်ခ်က ရေရွတ်လိုက်သည်။

"ငါပြောတာတွေနဲ့ ပတ်သက်ပြီး မင်းတို့ သိပ်ပြီး စိတ်ပူမနေကြနဲ့ဦး။ နောက်ပိုင်းမှ မင်းတို့ နားလည်သဘောပေါက်သွားလိမ့်မယ်။ အခုတော့ ဘေးက လေ့လာတဲ့သူတွေလို့ပဲ မင်းတို့ကိုယ်မင်းတို့ သဘောထားကြ။ မင်းတို့ရဲ့ စိတ်လှုပ်ရှားမှုတွေကို တုံ့ပြန်တဲ့သူတွေလို့ မယူဆကြနဲ့။ မင်းတို့ရဲ့ ကိုယ်ပိုင်တွေးခေါ်မှု ရအောင်ပဲ လေ့

http://www.cherrythitsar.org



လာသင်ယူကြဦး” ဟု ချမ်းသာသော ဖေဖေက ဆိုသည်။

ပြီးမှ အောက်ပါအတိုင်း ဆက်ပြောသည်။

“ငါ မင်းတို့ကို ငွေကြေးနဲ့ ပတ်သက်ပြီး ဆရာတစ်ဆူအဆင့်ရောက်အောင် ငါ သင်ကြားပေးချင်တယ်။ အဲဒီအတွက်လည်း ကြောက်စရာ မလိုဘူး။ ဒါပေမဲ့ ငါပေးမယ့် ပညာတွေကို မင်းတို့ကျောင်းမှာ သင်ရမှာ မဟုတ်ဘူး။ မင်းတို့သာ ငါ့ဆီက မသင်ဘူးဆိုရင် မင်းတို့လည်း ငွေကြေးရဲ့ ကျေးကျွန်တွေ ဖြစ်သွားကြမှာပဲ။

“မင်းတို့လည်း သိမှာပါ။ ငါတို့အားလုံးဟာ အလုပ်သမားတွေချည်းပဲ။ အလုပ်လုပ်ရတဲ့ အဆင့်အတန်းသာ အနိမ့်အမြင့်မတူကြတာ။ ငါ့အနေနဲ့ မင်းတို့ကို အဲဒီထောင်ချောက်ကို ရှောင်ရှားနိုင်မယ့် အခွင့်အလမ်းတစ်ခု ရှိနေစေချင်တယ်။ အဲဒီထောင်ချောက်က အကြောက်တရားနဲ့ လိုချင်တပ်မက်မှု နှစ်ခုကြောင့် ဖြစ်လာတဲ့ စိတ်လှုပ်ရှားမှု ထောင်ချောက်ပဲ။ မင်းတို့ဟာ အဲဒီစိတ်လှုပ်ရှားမှုနှစ်ခုကို စိတ်ကြိုက် အသုံးချရမယ်။ မင်းတို့ စိတ်မပါဘဲ အသုံးမချစေချင်ဘူး။ ဒါကိုပဲ မင်းတို့သိအောင် ငါသင်ပေးချင်တာ။ မင်းတို့ကို ငွေအပုံလိုက်ကြီးရဖို့ သက်သက်တော့ ငါ သင်မပေးချင်ဘူး။ စိတ်လည်း မဝင်စားဘူး။ ငွေတွေ အပုံလိုက်ရရုံနဲ့ လိုချင်တပ်မက်မှုနဲ့ အကြောက်တရားကို မင်းတို့ အောင်နိုင်မှာ မဟုတ်ဘူး။ မင်းတို့အနေနဲ့ အကြောက်တရားနဲ့ လိုချင်တပ်မက်မှုကို နိုင်အောင် မကိုင်တွယ်နိုင်မှတော့ ချမ်းသာရင် ချမ်းသာ

http://www.cherrythitsar.org



လိမ့်မယ်။ ဒါပေမဲ့ မင်းတို့ဟာ ငွေအများကြီးချမ်းသာတဲ့ ကျွန်အကြီးစား ဖြစ်မှာပဲ"

"ဒါဆိုရင် ကျွန်တော်တို့ အဲဒီထောင်ချောက်ကို ဘယ်လို ရှောင်ရှားလို့ ရနိုင်မလဲ" ဟု ကျွန်တော်က မေးလိုက်သည်။

"ဆင်းရဲတာ၊ ငွေရေးကြေးရေးအရ ရုန်းကန်ရတာတွေ ဖြစ်ပေါ်စေတဲ့ အဓိက အကြောင်းအရင်းကတော့ အကြောက်တရားနဲ့ ဆင်ခြင်တုံတရား ကင်းမဲ့မှုတွေ ကြောင့်ပဲကွဲ့။ စီးပွားရေး အခြေအနေကြောင့် မဟုတ်ဘူး။ နိုင်ငံရေး အခြေအနေကြောင့် မဟုတ်ဘူး။ ချမ်းသာကြွယ်ဝမှုကြောင့် မဟုတ်ဘူး။ လူတွေကို ထောင်ချောက်ထဲကနေ ရုန်းထွက်လို့မရအောင် လုပ်ထားတဲ့အရာကတော့ မိမိကိုယ်မိမိ နာကြည်းအောင်လုပ်တဲ့ အကြောက်တရားနဲ့ ဆင်ခြင်တုံတရား ကင်းမဲ့မှုတွေ ကြောင့်ပဲ။ ဒီတော့ မင်းတို့လေးတွေ ကျောင်းကိုသွား၊ ဘွဲ့လေးတွေယူ။ ပြီးရင်တော့ အဲဒီထောင်ချောက်ကို ဘယ်လို ရှောင်ရှားရမလဲဆိုတာ ငါ သင်ပေးမယ်"

ကျွန်တော့် စိတ်ထဲတွင် ပဟေဠိအပိုင်းအစများ တစ်စစီပေါ်လာပါသည်။ ကျွန်တော်၏ ပညာတတ်လွန်းသော ဖေဖေသည် ပညာအရာတွင် မြင့်မားလှသလို လုပ်ငန်းအရာတွင်လည်း ကြီးမြင့်လှပါသည်။ သို့ရာတွင် ငွေကြေးကို မည်သို့ ကိုင်တွယ်ရမည်ဆိုတာ၊ အကြောက်တရားကို မည်သို့ ဖြေရှင်းရမည်ဆိုတာ သူတို့ကျောင်း

http://www.cherrythitsar.org



တွင် မသင်ကြားခဲ့ရပေ။ ကျွန်တော့်အနေနှင့် မတူညီသော အကြောင်းတရားတွေရှိနေသည့် ဖခင်နှစ်ယောက်ထံမှ ခြားနားနေသော၊ အရေးကြီးသော သင်ခန်းစာများကို လေ့လာသင်ယူခွင့် ရရှိနိုင်မည်ဆိုတာ ကွင်းကွင်းကွက် ကွက် မြင်လာပါသည်။

"ငွေကြေးကို လိုချင်တပ်မက်တာက ကျွန်တော်တို့ရဲ့ တွေးခေါ်မှုကို ထိခိုက်စေသလားဟင်" ဟု မိုက်ခ်က မေးပါသည်။

"ငါ မင်းတို့ကို လုပ်ခငွေတွေ တိုးပေးမယ်လို့ ပြောခဲ့တုန်းက မင်းတို့ ဘယ်လိုခံစားခဲ့ရသလဲ။ မင်းတို့ရဲ့ နှလုံးခုန်သံတွေ မြန်ဆန်လာတယ်ဆိုတာ သတိထားမိရဲ့လား"

ကျွန်တော်တို့နှစ်ယောက် ခေါင်းကို ပြိုင်တူ ညိတ်လိုက်ကြပါသည်။

"မင်းတို့အနေနဲ့ စိတ်လှုပ်ရှားမှုကို ဦးစားပေးလိုက်တဲ့အခါမျိုးမှာ မင်းတို့ရဲ့ တုံ့ပြန်မှုနဲ့ တွေးခေါ်မှုတွေဟာ နှောင့်နှေးသွားတယ်။ ဒီအချက်ဟာ အလွန်အရေးကြီးတဲ့ အချက်ပဲ။ ငါတို့လူသားတွေမှာတော့ အကြောက်တရားနဲ့ လောဘတရားဆိုတာ အမြဲ ရှိနေမှာပဲ။ အခုအချိန်ကစပြီး မင်းတို့အတွက် အရေးအကြီးဆုံး အချက်က အဲဒီ စိတ်လှုပ်ရှားမှုတွေကို မင်းတို့ကောင်းကျိုးအတွက် ဆွဲယူအသုံးချပြီး စိတ်လှုပ်ရှားမှုက မင်းတို့ရဲ့ တွေးခေါ်မှုတွေကို ထိန်းချုပ်မသွားစေဖို့ပဲ။

http://www.cherrythitsar.org



"လူအများစုက လောဘတရားနဲ့ အကြောက်တရားတွေကို သူတို့အတွက် အကျိုးမရှိတဲ့ နေရာတွေမှာ သုံးစွဲနေကြတယ်။ အဲဒီလိုသာ ဖြစ်လာရင်တော့ မင်းတို့ကို မိုက်မဲခြင်းက အနိုင်ယူပြီလို့သာ မှတ်လိုက်ပေတော့။ လူအများစုက လစာရရှိရေး၊ လစာတိုးရေး၊ အလုပ်မပြုတ်ရေးတို့ကိုသာ တစိုက်မတ်မတ် ကြိုးစားနေကြတယ်။ အဲဒီ လိုကြိုးစားနေကြတာကလည်း သူတို့ရဲ့ အကြောက်တရား နဲ့ လောဘတရားက ဖိစီးတဲ့ စိတ်လှုပ်ရှားမှုတွေကြောင့် ပဲ။ အဲဒီစိတ်လှုပ်ရှားမှုတွေက သူတို့ကို ဘယ်နေရာအထိ ခေါ်ဆောင်သွားသလဲဆိုတာ အမှန်တကယ် ဆန်းစစ်မှု မရှိကြဘူး။

"အဖြစ်ကို ဥပမာပေးရရင် လှည်းတစ်စီးကို ဆွဲနေတဲ့ မြည်းတစ်ကောင်လိုပဲ။ ပိုင်ရှင်ဖြစ်သူက မြည်းရဲ့ ပါးစပ်နားကပ် ကပ်ပြီး မုန်လာဥနီလေးကိုချိတ်ပြီး မြည်းကို မောင်းနေသလိုမျိုးပေါ့ကွာ။ မြည်းပိုင်ရှင်က သူသွားမယ့်နေရာကို သိနေပေမဲ့ မြည်းကတော့ မုန်လာဥနီကို ဟပ်မိဖို့ ကြိုးစားရင်း ပိုင်ရှင်စေစားရာ သွားနေရတယ်။ နောက်တစ်နေ့ဆိုရင်လည်း ပိုင်ရှင်က နောက်ထပ် မုန်လာဥနီတစ်လုံး မြည်းပါးစပ်နားမှာ ချိတ်ပေးထားပြီး သူလိုရာခရီးကို သွားနေဦးမှာပဲ။ မြည်းကလည်း စားရနိုး၊ စားရနိုးနဲ့ မုန်လာဥနီကို ဟပ်နေဦးမှာပဲ" ဟု ချမ်းသာသောဖေဖေက ဆိုပါသည်။

"ဖေဖေဆိုလိုတာက သား ဘော့စ်ဘောလက်

http://www.cherrythitsar.org



အိတ်သစ်လေးပုံ ဆွဲနေတာတို့၊ သကြားလုံးသစ်တွေ၊ အရုပ်အသစ်တွေလိုချင်တာတို့ဟာ မြည်းရဲ့ မုန်လာဥနီ လို ဖြစ်နေတယ်လို့ ဆိုလိုချင်တာပေါ့” ဟု မိုက်ခ်က ဆို ပါသည်။

“ဟုတ်တယ်၊ မင်း အသက်ကြီးလာတာနဲ့ အမျှ မင်းရဲ့ အရုပ်တွေရဲ့ တန်ဖိုးတွေဟာလည်း ဈေးကြီးလာ တယ်။ မင်းသူငယ်ချင်းတွေ၊ မိတ်ဆွေတွေက မင်းကို အထင်ကြီးလာအောင် ကားအသစ်၊ လှေအသစ်၊ အိမ် အသစ်တွေ လိုချင်လာတယ်” ဟု သူက ခပ်ပြုံးပြုံးဖြင့် ပြောသည်။ ပြီးမှ “အကြောက်တရားက မင်းတို့ကို တံခါး အပြင်ဖက်ရောက်အောင် တွန်းပို့တယ်၊ လိုချင်တပ်မက် မှုက မင်းကို လက်ယပ်ခေါ်တယ်၊ ကျောက်ဆောင်တွေ ဆီ ဖြားယောင်းခေါ်ဆောင်တယ်။ ဒါဟာ မင်းတို့အတွက် ထောင်ချောက်ပဲ” ဟု ဆက်ပြောသည်။

“ဒါဆိုရင် အဖြေက ဘာဖြစ်မလဲဟင်” ဟု မိုက်ခ်က မေးပါသည်။

“အကြောက်တရားနဲ့ လိုချင်တပ်မက်မှုကို ပိုပြီး ပြင်းထန်လာစေတာက မောဟတရားကြောင့်ပဲ။ ဒါ ကြောင့်လည်း ငွေအရမ်းချမ်းသာတဲ့ လူချမ်းသာတွေဟာ ပိုပြီးချမ်းသာလာလေလေ၊ အကြောက်တရား ပိုပြီး များ လာလေလေ ဖြစ်နေတာပေါ့။ သူတို့အတွက် ငွေဟာ မုန် လာဥနီပဲ။ တံလျှပ်ပဲ။ တကယ်လို့သာ မြည်းက သူ့အနေ အထားကို အပြင်ပန်းကနေ မြင်နိုင်မယ်ဆိုရင်တော့ မုန်

http://www.cherrythitsar.org



လာဉနီနောက်ကို လိုက်ချင်မှ လိုက်တော့မှာပေါ့"

အချိန်အတန်ကြာ တိတ်ဆိတ်သွားပါသည်။ ချမ်းသာသော ဖေဖေက ပြုံးနေသည်။ ထိုနေ့က သူပြော သမျှအားလုံးကို ကျွန်တော် နားမလည်ခဲ့ပါ။ သို့ရာတွင် အင်မတန် ထူးချွန်သော ဆရာသမားတို့၏ စကားများ သည် နှစ်ပေါင်းများစွာ ကြာမြင့်သွားသော်လည်း မပျောက်မပျက်တည်တံ့ကျန်ရစ်သလို ချမ်းသာသော ဖေဖေ၏ စကားများကိုလည်း ယနေ့အထိတိုင် ကျွန်တော် မှတ်မိနေပါသည်။

"ဒီကနေ့မှာ ငါ့ရဲ့ အပြုအမူတွေက နည်းနည်း ရက်စက်ရင် ရက်စက်နေလိမ့်မယ်။ ဒီလို ဖြစ်နေရတာက လည်း အကြောင်းရှိလို့ပဲ။ အခု ငါပြောခဲ့တဲ့စကားတွေကို မင်းတို့ အမြဲ သတိရနေစေချင်တယ်။ မစ္စစ်မာတင်ကို လည်း မင်းတို့ အမြဲသတိရနေစေချင်တယ်။ မုန်လာဉနီ ကို ရနိုး ရနိုးနဲ့ ဟပ်နေတဲ့ မြည်းကိုလည်း မင်းတို့ အမြဲ သတိရနေကြပါ။ မင်းတို့ရဲ့ အကြောက်တရားနဲ့ လိုချင် တပ်မက်မှုတွေဟာ မင်းတို့ကို အကြီးမားဆုံး ထောင် ချောက် ကြီးထဲ ဆွဲခေါ်သွားနိုင်တယ်။ အဲဒီ စိတ်လှုပ်ရှား မှုနှစ်ခုက မင်းတို့ကို ထိန်းချုပ်နေပါလားဆိုတာ သတိမ ပြုမိရင် မင်းတို့ ထောင်ချောက်ထဲ ကျပြီသာ မှတ်ပေ တော့။

"မင်းတို့ရဲ့ ဘဝမှာ အကြောက်တရားကို ဖက် တွယ်ပြီး ကိုယ့်ရဲ့ စိတ်ကူးတွေကို အကောင်အထည်

မဖော်နိုင်ဘူးဆိုရင် မင်းတို့ရဲ့ ဘဝကြီးဟာ ဘယ်လောက်ကြမ်းတမ်းသွားမလဲ။ ငွေရဖို့အတွက် အလုပ်ကို ကြိုးကြိုးစားစား လုပ်ရတယ်။ ငွေတွေက ကိုယ်လိုချင်တဲ့ ပစ္စည်းတွေ ဝယ်နိုင်တယ်လို့စဉ်းစားမိရင်တောင်မှ ရလာတဲ့ အပျော်တွေဟာ ကြာကြာခံမှာ မဟုတ်ဘူး။ ညကြီးသန်းခေါင်ကျမှ ပေးရမယ့်အကြွေးတွေကြောင့် လန့်ပြီး နိုးလာခဲ့မယ်ဆိုရင် မင်းတို့ နေထိုင်ရမယ့် ဘဝကြီးဟာ ဘယ်လောက် အော့နှလုံးနာစရာ ကောင်းသလဲ။ ငွေကြေးနဲ့ ယှဉ်မှ စိတ်ချမ်းသာမှုရမယ့် ဘဝမျိုးဟာ တကယ်စစ်မှန်တဲ့ ဘဝ မဟုတ်ဘူး။ အလုပ်တစ်ခုခုရရင် လုံခြုံစိတ်ချရသွားမယ်လို့ ထင်နေတာဟာ အမှန်မှာတော့ ကိုယ့်ကိုယ်ကို လိမ်ညာနေတာပဲ။ ဘယ်လောက် စိတ်ပျက်စရာကောင်းလဲ။ ဖြစ်နိုင်မယ်ဆိုရင်တော့ မင်းတို့အနေနဲ့ အဲဒီထောင်ချောက်ကို လွတ်အောင် ရှောင်စေချင်တယ်။

"ငွေကြေးက လူတွေရဲ့ ဘဝကို ဘယ်လို တာသွားစေတယ်ဆိုတာ ငါ မြင်တွေ့ခဲ့ရပြီးပြီ။ အဲဒီ အဖြစ်မျိုးတွေ မင်းတို့ရဲ့ ဘဝမှာ မဖြစ်ပျက်စေနဲ့။ မင်းတို့ရဲ့ဘဝကို ငွေကြေးက ဦးဆောင်တာမျိုး မဖြစ်စေနဲ့"

"အဲဒီလို မဖြစ်အောင် ကျွန်တော်တို့ ဘယ်လို လုပ်ရမှာလဲ" ဟု မိုက်ခ်က မေးပါသည်။

"မင်းတို့ရဲ့ စိတ်လှုပ်ရှားမှုကို တွေးခေါ်မှုမှာ အသုံးချနိုင်အောင် လေ့လာသင်ယူလေ။ မင်းတို့သာ ကိုယ့်ရဲ့ စိတ်လှုပ်ရှားမှုကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်

http://www.cherrythitsar.org



တဲ့အခါ ပထမဦးဆုံး ပိုက်ဆံမရဘဲအလုပ်လုပ်နိုင်ရမယ်။ အဲဒီလို လုပ်တဲ့နေရာမှာ မျှော်လင့်ချက် ရှိနေတယ်ဆိုတာကိုလည်း ငါသိတယ်။ မင်းတို့ကို ငွေပိုပေးမယ်ဆိုပြီး သွေးဆောင်တဲ့အခါမှာလည်း မင်းတို့အနေနဲ့ ကိုယ့်ရဲ့ စိတ်လှုပ်ရှားမှုကို ကြံ့ကြံ့ခံနိုင်တဲ့အခါမှာ စိတ်လှုပ်ရှားမှုဒဏ်ကို ကြံ့ကြံ့ခံထားရမယ့်အစား တွေးခေါ်မြော်မြင်ဖို့ လိုတယ်ဆိုတာကို မင်းတို့ သင်ခန်းစာ ရလာကြတာပဲ။ အဲဒီအဆင့်က ပထမဦးဆုံးအဆင့်ပဲ"

"ဒီအချက်က ဘာကြောင့်များ ဒီလောက်အရေးကြီးနေရတာလဲ" ဟု ကျွန်တော်က မေးလိုက်သည်။

"ဒီအချက်ကို သိဖို့ကတော့ မင်းတို့အပေါ်မှာပဲမူတည်တယ်။ မင်းတို့သာ လေ့လာသင်ယူစိတ် ရှိမယ်ဆိုရင် မင်းတို့ကို လူတိုင်း သွားရမှာကြောက်ကြတဲ့ ဆူးတောထဲကို ငါ ခေါ်သွားမယ်။ မင်းတို့ ငါနဲ့အတူ လိုက်မယ်ဆိုရင် ငွေကြေးအတွက် အလုပ်လုပ်ရမယ်ဆိုတဲ့ မင်းတို့ရဲ့စိတ်ကူးတွေကို စွန့်လွှတ်ဖို့ လိုတယ်။ အဲဒီလို စိတ်မျိုးတွေထားရမယ့်အစား ငွေကြေးက မင်းတို့အတွက် အလုပ်လုပ်ပေးတယ်ဆိုတဲ့ စိတ်ထားမျိုးပဲ ထားရမယ်"

"ကျွန်တော်တို့က ဖေဖေနဲ့ လိုက်ခဲ့ရင် ဘာတွေရမှာလဲ" ဟု ကျွန်တော်က မေးလိုက်ပါသည်။

"ထောင်ချောက်က လွတ်နိုင်တဲ့ နည်းလမ်းတွေရမှာပေါ့ကွာ"

http://www.cherrythitsar.org



"ဆူးတောဆိုတာ တကယ်ရှိသလားဟင်" ဟု ကျွန်တော်က မေးလိုက်သည်။

"သိပ်ရှိတာပေါ့ကွယ်။ ဆူးတောဆိုတာ ငါတို့ရဲ့ အကြောက်တရားနဲ့ လောဘစိတ်ပဲ။ ငါတို့ရဲ့ အကြောက်တရားထဲကို တိုးဝင်ပြီး ငါတို့ရဲ့ လောဘစိတ်၊ ငါတို့ရဲ့ အားနည်းချက်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့အခါ ငါတို့ရဲ့ အားနည်းချက်တွေက ထွက်ပေါက်ရသွားတယ်။ အဲဒီ ထွက်ပေါက်ဆိုတာကလည်း ငါတို့ရဲ့ စိတ်ကို ဖြတ်သန်းပြီးမှ ရတာ။ ငါတို့ရဲ့ အတွေးတွေကို ရွေးချယ်ပြီးမှ ရတာ"

"ကျွန်တော်တို့ရဲ့ အတွေးတွေကို ရွေးချယ်တာ ဟုတ်လား" ဟု မိုက်ခ်က အသိခက်နေသည့် ပုံစံဖြင့် မေးလိုက်သည်။

"ဟုတ်တယ်လေ။ ငါတို့ရဲ့ စိတ်လှုပ်ရှားမှုကို တုံ့ပြန်မယ့်အစား ငါတို့ တွေးခေါ်တာကို ရွေးချယ်ရမယ်။ ထိုင်ရာကထ၊ အလုပ်လုပ်ပြီး ကိုယ့်ရဲ့ ပြဿနာတွေကို ဖြေရှင်းမယ့်အစား တွေးခေါ်မှုကို ရွေးချယ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြွေးဆပ်ဖို့ ငွေမရှိမှာကို ကြောက်မိတဲ့ အကြောက်တရားက မင်းတို့ကို ခြောက်လှန့်နေလို့ပဲ။ တွေးခေါ်တဲ့နေရာမှာလည်း မိမိကိုယ်မိမိ မေးခွန်းတစ်ခု ထုတ်ဖို့ လိုလိမ့်မယ်။ 'အလုပ်ကြိုးစားလုပ်ကိုင်တာဟာ ဒီပြဿနာအတွက် အကောင်းဆုံး ဖြေရှင်းချက်တစ်ခုလား' ဆိုတဲ့ မေးခွန်းမျိုး ကိုယ့်ကိုယ်ကို မေးကြည့်ရမယ်။ တွေးခေါ်မှုကို ရွေးချယ်ရမယ်ဆိုတာက ဒါ

http://www.cherrythitsar.org



ကို ပြောတာပဲ”

“ကျွန်တော်တို့ကျတော့ ဘယ်လို လုပ်ရမှာလဲ” ဟု မိုက်ခ်က မေးပါသည်။

“ဘယ်လိုလုပ်ရမယ်ဆိုတာကို ငါက သင်ပေးမှာပေါ့ကွ။ ဆင်ခြင်သုံးသပ်နိုင်အောင်လို့ ဘယ်လို ရွေးချယ်တွေးခေါ်ရမယ်ဆိုတာ ငါ မင်းတို့ကို သင်ပေးမယ်။ စိတ်လှုပ်ရှားမှုနဲ့ဆိုင်တဲ့ အတွေးအခေါ်တွေကို ကောင်းကောင်းကြီး မှတ်မိအောင်၊ အဲဒီအတွေးအခေါ်တွေနဲ့ ကင်းကင်းလွတ်လွတ် နေနိုင်အောင် ငါ သင်ပေးမယ်။ ‘လူတိုင်း အလုပ်လုပ်ဖို့လိုတယ်’၊ ‘သူဌေးတွေက လူလိမ်လူကောက်တွေ’၊ ‘ကျုပ်ကို လစာတိုးပေးသင့်တယ်။ ဒီလောက်ကြီး တွန်းထိုးနေစရာ မလိုဘူး’၊‘ကျွန်တော် ဒီအလုပ်ကို သဘောကျတာက ကျွန်တော့်အတွက် လုံခြုံလို့ပဲ’. . . စတဲ့ အတွေးတွေကနေ ‘ဒီနေရာမှာ ငါ လိုအပ်နေတာ တစ်ခုခုများ ရှိနေလားမသိဘူး’ဆိုတဲ့ အတွေးအခေါ်မျိုးတွေ တွေးတတ်သွားအောင် မင်းတို့ကို သင်ပေးမယ်။ ဒီလိုဖြစ်စဉ်မျိုးက စိတ်လှုပ်ရှားမှုနဲ့ဆိုင်တဲ့ အတွေးမျိုးကို ချိုးဖောက်ပြီး ပြတ်ပြတ်သားသား တွေးနိုင်ဖို့ အချိန်ယူရတာကွဲ့”

သူ ပြောသည့် စကားများသည် ကျွန်တော့်အတွက် အလွန်အဖိုးတန်သော သင်ခန်းစာတစ်ခု ဖြစ်နေသည်ဆိုတာကို ကျွန်တော် ဝန်ခံရပါမည်။ လူတစ်ယောက်သည် စိတ်လှုပ်ရှားမှုကြောင့် ပြောနေတာလား၊

http://www.cherrythitsar.org



ပြတ်ပြတ်သားသားတွေးပြီးမှ ပြောနေတာလားဆိုတာ သိနိုင်ခြင်းသည် ကျွန်တော့်အတွက် မဟာ သင်ခန်းစာကြီးပင် ဖြစ်ပါသည်။ ထိုသင်ခန်းစာသည် ကျွန်တော့်ဘဝအတွက် ကောင်းခြင်းများကို ဆောင်ကျဉ်းပေးသော သင်ခန်းစာတစ်ခုပင် ဖြစ်ပါသည်။

ထိုနေ့က ချမ်းသာသောဖေဖေ ဘာတွေ ပြောသွားခဲ့သည်ဆိုတာကို ကျွန်တော်နှင့်မိုက်ခ်တို့ ကောင်းကောင်း နားလည်နိုင်စွမ်း မရှိခဲ့ပါ။ သို့ရာတွင် နှစ်တွေကြာလာသည်နှင့်အမျှ ထို စကားများသည် ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်နေသည်ဆိုတာကို ကျွန်တော်တို့ ကြုံတွေ့သိရှိလာရပါသည်။

♦

http://www.cherrythitsar.org



# အခန်း (၃)
# ငွေကြေးပညာတတ်မြောက်ခြင်း
# ချမ်းသာသူက ဘာကြောင့် ပို၍ ချမ်းသာ

၁၉၉၁ခုနှစ်တွင် ကျွန်တော့်သူငယ်ချင်း မိုက်ခ်သည် သူ့ဖခင်ပိုင်သည့် လုပ်ငန်းနယ်ပယ်ကြီးကို ဦးစီးကာ သူ့ဖေဖေလက်ထက်က လုပ်ခဲ့သည်ထက်ပင် ပို၍ကောင်းအောင် လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ ကျွန်တော်တို့ နှစ်ယောက်သည် တစ်နှစ်လျှင် တစ်ကြိမ်နှစ်ကြိမ် ဂေါ့ဖ်ကွင်းတွင် ဆုံမိကြသည်။ သူတို့ ဇနီးမောင်နှံသည် ကျွန်တော်တို့ မမျှော်မှန်းနိုင်လောက်အောင်ပင် ချမ်းသာကြွယ်ဝနေပြီဖြစ်သည်။

၁၉၉၄ခုနှစ်၊ အသက် ၄၇နှစ်တွင် ကျွန်တော်ပင်စင်ယူခဲ့ပါသည်။ ထိုစဉ်က ကျွန်တော့်ဇနီးကင်မ်မှာ ၃၇နှစ် ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့ ဇနီးမောင်နှံအတွက်တော့ ကြိုမမြင်နိုင်သော ကပ်ဆိုးများ ကျရောက်

လာနေပါစေ၊ ကျွန်တော်တို့ အလုပ်လုပ်နိုင်သည်ဖြစ်စေ၊ မလုပ်နိုင်သည်ဖြစ်စေ ကျွန်တော်တို့၏ ချမ်းသာ ကြွယ်ဝမှုသည် ငွေကြေးဖောင်းပွမှု ဘောင်ကိုကျော်ပြီး တရိပ်ရိပ် တက်နေမည် ဖြစ်သည်။ ထိုအရာသည် ကျွန်တော်ဆိုလိုချင်သော လွတ်လပ်မှုပင် ဖြစ်ပါသည်။ ကျွန်တော်တို့၏ ပိုင်ဆိုင်မှု များသည် သူ့အလိုလို တိုးပွားနေလောက်အောင်ပင် ကြီးမားလှပါသည်။ ပိုင်ဆိုင်မှုများ သူ့အလိုလို တိုးပွားလာရခြင်းမှာ သစ်ပင်စိုက်ရသည်နှင့် တူပါသည်။ သစ်ပင်တစ်ပင်စိုက်ပြီး နှစ်ပေါင်းများစွာ ရေလောင်းပေးခဲ့ရသောအခါ သစ်ပင် သက်တမ်းကြာလာသောအခါ မိမိအနေနှင့် သစ်ပင်ကို ဘာမှ လုပ်ပေးစရာ မလိုတော့ပေ။ သစ်ပင်၏ အမြစ်များသည် မြေကြီးထဲတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီ ဖြစ်သည်။ ထိုအခါ သစ်ပင်သည် မိမိ၏ ပျော်ရွှင်မှုကို သူ့အလိုလို ဖြည့်ဆည်းပေးလာလေသည်။

မိုက်ခ်က သူ့ဖခင်၏ လုပ်ငန်းကြီးကို လုပ်ကိုင်ရန် ရွေးချယ်ခဲ့သည်။ ကျွန်တော်ကတော့ အလုပ်မှ အနားယူရန် ရွေးချယ်ခဲ့သည်။

ယနေ့ခေတ်တွင် နေ့ချင်းညချင်း သန်းကြွယ်သူဌေး ဖြစ်လာကြသည့် လူပေါင်းများစွာ ရှိနေသည်ကို ကျွန်တော် သိနေရသည်။ လူတွေ တစ်နေ့တခြား ပိုပြီး ချမ်းသာလာသည့်အတွက် ကျွန်တော် သာဓု ခေါ်ပါသည်။ ရေရှည်မှာတော့ မိမိဘယ်လောက်ရှာနိုင်သလဲ

http://www.cherrythitsar.org



ဆိုသည်ထက် မိမိ ဘယ်လောက် စုဆောင်းနိုင်သလဲ ဆိုသည့်အချက်က ပိုအရေးကြီးသည် ဆိုသည်ကိုတော့ ကျွန်တော် သတိပေးလိုပါသည်။

လူအများစုသည် သူတို့ ချမ်းသာအောင် လုပ်ဆောင်ရာ၌ ကွန်ကရစ် ခြောက်လက်မထုနှင့် ဧရာမ မိုးမျှော်တိုက်ကြီး ဆောက်လုပ်နေသလို ဖြစ်နေသည်။ လူငယ်များသည် ကျောင်းတွေပြီး၍ ဘွဲ့တွေသာ ရလာကြသော်လည်း ငွေကြေးပညာရပ်နှင့် ပတ်သက်ပြီး ခိုင်မာသည့် အခြေခံတွေ မရှိသလောက်ပင်။ တစ်နေ့နေ့မှာတော့ ထိုသို့သော သူများသည် ဆင်ခြေဖုံးတွင်နေထိုင်ကာ အိပ်မပျော်နိုင်ဖြစ်ပြီး အကောင်းစားစိတ်ကူးများကို စိတ်ကူးယဉ်ကြရင်း သူတို့၏ ငွေကြေးဆိုင်ရာအခက်အခဲများ၏ ထွက်ပေါက်သည် ချမ်းသာမည့်နည်းလမ်း တွေ့ရှိနိုင်ရေးသာ ဖြစ်သည်ဟု ယူဆကြပေလိမ့်မည်။

ထို့ကြောင့် သူတို့သည် မိုးထိတိုက်ကို စပြီး ဆောက်လုပ်ကြသည်။ ထိုအခါ သူတို့၏ အတက်မှာ မြန်ဆန်သည်။ သို့ရာတွင် သူတို့ တည်ဆောက်လိုက်သော မိုးထိတိုက်ကြီးသည် အချိန်တိုတိုအတွင်းမှာ မြန်မြန် ဆန်ဆန်ပြီးစီးသွားသော်လည်း ကာလတိုအတွင်းမှာ ထိုတိုက်ကြီးသည် ဆူဘာဘီယာမျှော်စင်ကြီးလို စောင်းသွားတာကို တွေ့ကြရမည် ဖြစ်သည်။ ထိုအခါ အိပ်မပျော်သောညများ စတင်လေတော့သည်။

ကျွန်တော်နှင့် မိုက်ခ်အတွက်တော့ အရွယ်

http://www.cherrythitsar.org



ရောက်လာသော ကာလများတွင် မိမိတို့၏ ရွေးချယ်မှုများ ကို ဖြစ်မြောက်အောင် လုပ်ဆောင်လာနိုင်ကြသည်။ အကြောင်းမှာ ကျွန်တော်တို့နှစ်ယောက်သည် ကလေး ဘ၀ကတည်းက ခိုင်မာသော ငွေကြေးပညာရေးကို အခြေခံ ကျေညက်အောင် သင်ယူခဲ့ကြသောကြောင့် ဖြစ်သည်။

အကြောင်းမှာ ငွေကြေးပညာရပ်နှင့် ပတ်သက်ပြီး ကျွမ်းကျင်မှု မရှိသော ကျောင်းသား အများစုသည် ကျောင်းပြီးသောအခါတွင် သူတို့၏ စီးပွားရေး လုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ကြပါသည်။ သို့ရာတွင် ရေရှည်ခရီးကို သွားသောအခါ သူတို့သည် ငွေကြေးကွန်ယက်ထဲတွင် ရုန်းကန်နေကြရသည်ဆိုတာကို သဘောပေါက်လာကြသည်။ သူတို့သည် အလုပ်ကို ရေကုန်ရေခန်း ကြိုးစားပြီး လုပ်ကိုင်ကြသော်လည်း ရှေ့သို့ ရောက်မလာကြပေ။ သူတို့ သင်ကြားခဲ့သော ပညာရေးမှ သူတို့ ရရှိလာကြသည့် သင်ခန်းစာများမှာ ငွေကြေးရှာဖွေနိုင်ဖို့ မဟုတ်ဘဲ ငွေကြေးကို ပိုင်နိုင်စွာ သုံးစွဲရေးမျှသာ ဖြစ်နေလေသည်။

မိမိရရှိလာသော ငွေကြေးကို ဘယ်လိုလုပ်ရမလဲ၊ မိမိထံမှငွေကို သူများထံပါမသွားအောင် ဘယ်လိုလုပ်ရမလဲ၊ ငွေကြေးကို အချိန်ဘယ်လောက်ကြာအောင် ထိန်းသိမ်းထားနိုင်မလဲ၊ ထိုငွေကြေးက မိမိအတွက် မည်မျှ လုပ်ပေးနိုင်သလဲ . . စသည့် အချက်များနှင့်ပတ်သက်

http://www.cherrythitsar.org



ပြီး ကျွမ်းကျင်သူကို ငွေကြေးနှင့် ပတ်သက်သည့် ပါရမီရှင်ဟု ခေါ်ဆိုရပါမည်။ လူအများစုသည် ငွေကြေး စီးဆင်းမှုကို နားမလည်သောကြောင့် သူတို့သည် ငွေကြေးအရ ဘာကြောင့် ရုန်းကန်နေကြရသလဲဆိုတာ ရေရေရာရာ ပြောမပြနိုင်ကြပေ။

လူတစ်ယောက်သည် ပညာအရည်အချင်း အလွန်ပင် မြင့်မားလျှင် မြင့်မားမည်၊ စီးပွားရေးအရလည်း အကြီးအကျယ်အောင်မြင်နေမည်။ သို့ရာတွင် ငွေကြေးပညာရပ်နှင့် ပတ်သက်လာသောအခါ တစ်လုံးတစ်ပါဒမှ မသိတာမျိုးလည်း ရှိသည်။ ထိုသူများသည် လိုအပ်သည်ထက် အလုပ်ကို ပို၍ ကြိုးစားလုပ်ကိုင်ကြရသည်။ အကြောင်းမှာ သူတို့သည် အလုပ်ကို မည်သို့ ကြိုးစားရမလဲဆိုသည့် အချက်ကိုသာ နားလည်ထားကြသောကြောင့် ဖြစ်သည်။ သို့ရာတွင် ငွေကြေးက သူတို့အတွက် အလုပ်လုပ်ပေးနိုင်သည် ဆိုသည့်အချက်ကို နားမလည်ကြပေ။

**ငွေကြေးမြောက်များစွာ ရှိနေရုံမျှနှင့် လူတစ်ယောက်၏ ငွေကြေးပြဿနာကို ဖြေရှင်း၍ မရနိုင်ပေ။ လိမ္မာပါးနပ်မှုကသာ ထိုပြဿနာများကို ဖြေရှင်းပေးနိုင်ပါသည်။ မိမိကိုယ်မိမိ တွင်းတစ်ခုထဲမှာ ရောက်နေသည်ကို တွေ့လိုက်ရပါက တူးဆွနေခြင်းကို ရပ်တန့်လိုက်ပါ။**

အလယ်လတ်တန်းစား အလွှာများသည် ငွေကြေးအရ ရုန်းကန်ရခြင်းကို အမြဲတစေ ကြုံတွေ့ကြရပါ

http://www.cherrythitsar.org



သည်။ သူတို့၏ အခြေခံဝင်ငွေသည် လစာငွေ ဖြစ်သည်။ သူတို့လစာများ တိုးလာသည်နှင့်အမျှ အခွန်ဆောင်ရသည့် ငွေကလည်း တိုးလာပါသည်။ သူတို့လစာငွေ တိုးလာသောအခါ သူတို့၏ သုံးစွဲစရိတ်သည်လည်း မြင့်တက်လာသည်။ သူတို့သည် ချမ်းသာသူများ လုပ်သလို လုပ်ရမည့်အစား သူတို့၏ အိမ်ကိုသာ သူတို့၏ ပိုင်ဆိုင်မှု စည်းစိမ်အဖြစ် ထင်မှတ်နေကြသည်။

မိမိ၏ အိမ်ကို ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် ယူဆလာကြသောအခါ လစာများများရခြင်းသည် အိမ်ကောင်းကောင်းဝယ်နိုင်သည်ဆိုသည့် အတွေးအခေါ် သဘောတရားကို သက်ရောက်နေသည်။ ထိုအခါ များများရ၍ များများ သုံးစွဲခြင်းသည် ယနေ့ခေတ်အကြွေး ဖိစီးနေသော လူ့ပတ်ဝန်းကျင်၏ အခြေခံ အုတ်မြစ်ကြီး တစ်ခုပမာ ဖြစ်နေသည်။ များများရ၍ များများ သုံးစွဲလာ ကြသောအခါ မိသားစုအများစုသည် အကြွေးပို၍ ထူလာ ကြသည်။ ငွေကြေးအရ မရေရာမှုများကို ရင်ဆိုင်လာကြ ရသည်။ သူတို့၏ ရာထူးများတိုးပြီး လစာများ ပိုရနေ သော်လည်း မထူးခြားသလို ဖြစ်နေမည့် အပြင် ဆုတ်ယုတ်သည့်ဖက်က ပို၍ များလာလေသည်။ ထိုကဲ့သို့သော အခြေအနေမျိုးများ ဖြစ်ပေါ်လာရခြင်းမှာ ငွေကြေးပညာရေး ချို့တဲ့သောကြောင့် ဖြစ်သည်။

ဆင်းရဲသည့်အလွှာများနှင့် အလယ်လတ်တန်းစားအလွှာမှ လူအများစုသည် ငွေကြေးအခြေမခိုင်သည့်

http://www.cherrythitsar.org



အတွက် စွန့်စားပြီး လုပ်ရဲသည့် သတ္တိ မရှိကြခြင်းဖြစ်သည်ဟုသာ အခြေခံအားဖြင့် အကြောင်းပြကြသည်။ ထိုအယူအဆမှာ သူတို့၏ ရှေးရိုးစွဲနေသော အယူအဆဖြစ်သည်။ သူတို့သည် မိမိတို့၏ အလုပ်မှာပဲ ဖြစ်သလိုဖက်တွယ်နေကြသည်။ ရသမျှဘဝကို လုံလုံခြုံခြုံ ရှိနေစေချင်သည်။

ထိုအချက်များအားလုံးကို စစ်တမ်းချကြည့်သောအခါ သန်းပေါင်းများစွာသော အလုပ်သမားတို့သည် မိမိတို့၏ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဟု ယူဆထားသော မိမိ၏အိမ်သည် မိမိတို့ကို အရှင်လတ်လတ်ဝါးမျိုနေသည် ဆိုတာကို ရှာဖွေတွေ့ရှိသွားကြသည်။ သူတို့၏ အိမ်သည် လစဉ်ပင်သူတို့၏ ဝင်ငွေကို လျှော့ကျအောင် လုပ်နေသည်။ တခြားပိုင်ဆိုင်မှုဖြစ်သော သူတို့စီးသော ကားသည်လည်း သူတို့ကို အရှင်လတ်လတ်ဝါးမျိုနေသည့်အထဲတွင် ပါနေသည်။ သူတို့၏ အလုပ်များ လုံခြုံမှု မရှိသောအခါမျိုးတွင် သူတို့၌ အားကိုးစရာဆိုလို့ ဘာဆိုဘာမျှ မရှိတော့ပေ။ သူတို့ ငွေကြေးအခက်အခဲနှင့် ကြုံကြိုက်နေသည့်အချိန်တွင် သူတို့၏ ရင်းနှီးမြှုပ်နှံမှုဟု ခံယူထားသောအရာများသည်လည်း သူတို့ကိုမကယ်နိုင်တော့ပေ။

သင်နှင့် သင့်ရင်သွေးငယ်များအတွက် မည်သို့သောပိုင်ဆိုင်မှုမျိုးများ ရှိသင့်ပါသနည်း။ မည်သို့သောပိုင်ဆိုင်မှုမျိုး ရရှိအောင် ကျွန်တော်က တိုက်တွန်းချင်

http://www.cherrythitsar.org


နေတာလဲ။ ကျွန်တော့် ကိုယ်ပိုင် အယူအဆအရဆိုလျှင် စစ်မှန်သော ပိုင်ဆိုင်မှုကို အမျိုးအစား ရှစ်မျိုး ခွဲခြား ထားပါသည်။ ထိုရှစ်မျိုးစလုံးသည် ကျွန်တော်တို့အတွက် လုပ်ယူရန် ခက်ခဲလှသည် မဟုတ်ပါ။ ထိုအချက်များ ကို မကြာခင် တွေ့ကြရမည် ဖြစ်ပါသည်။

ကျွန်တော်သည် ရေတပ်တွင် တာဝန်များ ထမ်းဆောင်နေသည့်တိုင် ချမ်းသာသော ဖေဖေလမ်းညွှန် ခဲ့သည့်အတိုင်း နေထိုင်ကျင့်သုံးပါသည်။ ကျွန်တော်၏ တာဝန်ကိုလည်း မပျက်ကွက်ခဲ့သလို ချမ်းသာသော ဖေဖေ၏ ငွေကြေး၊ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကိုလည်း လိုက်နာကျင့် သုံးခဲ့သည်။

ချမ်းသာသော ဖေဖေသည် ငွေကြေးပညာရေး ၏ အရေးပါပုံကို အမြဲ ဖောင်းပေးခဲ့သူဖြစ်သည်။ ကျွန် တော်သည် ငွေကြေးပညာရေး၏ အခြေခံများကို ပိုပြီး ကျေညက်လာသည်နှင့်အမျှ ငွေပိုရအောင် ရှာနိုင်လာခဲ့ သလို နောက်ဆုံးတွင် ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တည် ထောင်လာနိုင်သည်အထိ ဖြစ်လာသည်။

မိမိတို့အနေနှင့် အမှန်တကယ် စိတ်ပါဝင်စား မှုမရှိပါက ကိုယ်ပိုင် ကုမ္ပဏီတစ်ခု ထူထောင်ရန် ကျွန် တော် အားပေးမည် မဟုတ်ပါ။ ကုမ္ပဏီတစ်ခုလည်ပတ် မှုနှင့် ပတ်သက်ပြီး ကျွန်တော် သိသည်များကို သိရှိ ရုံမျှနှင့် လိုက်မလုပ်စေလိုပါ။ စိတ်ပါဝင်စားမှု ရှိမှသာ

http://www.cherrythitsar.org



လုပ်စေချင်ပါသည်။ ခြုံ၍ ပြောရမည်ဆိုလျှင် မိမိ၏ လုပ်နေမြဲအလုပ်ကို ဆက်လက် လုပ်ကိုင်နေရင်းနှင့် မကြာခင်တွင် သင်တွေ့ရှိရမည့် လျှို့ဝှက်ချက်များကို လိုက်နာကြည့်ပါ။ ထို့နောက် သင်၏ ငွေကြေးယိုစီးမှု ရပ်တန့်သွားသောအခါ သင့်အနေနှင့် ဇိမ်ခံပစ္စည်းများကို ဝယ်ယူလာနိုင်မည်ဖြစ်သည်။ အရေးတကြီး မှတ်သားထားရမည့် အချက်မှာ ချမ်းသာသောသူများသည် ဇိမ်ခံပစ္စည်းကို နောက်ဆုံးကျမှသာ ဝယ်ယူသည် ဆိုသည့် အချက်ပင်ဖြစ်လေသည်။ ချို့တဲ့သူများနှင့် လူလတ်တန်းစားများကတော့ ဇိမ်ခံပစ္စည်းကို အရင်ဆုံးဝယ်ယူတတ်ကြပါသည်။

သင့်အနေနှင့် ချမ်းသာသော ဖေဖေ၏ လျှို့ဝှက်ချက်များကို အချိန်ယူ လေ့လာပြီးသောအခါ သင့်အနေနှင့် ကြီးပွားချမ်းသာခြင်း၏ အကြီးမားဆုံးသော လျှို့ဝှက်ချက်ကြီးကို ရယူနိုင်ရန် အသင့်ဖြစ်နေပါလိမ့်မည်။ ထိုလျှို့ဝှက်ချက်သည် ချမ်းသာသူများကို ပို၍ ချမ်းသာ လာအောင် တွန်းအားပေးနိုင်ခဲ့ပါသည်။ အချိန်ယူပြီး လေ့လာမည်ဆိုပါက ကောင်းကျိုးကို ခံစားရမည်မှာ လုံးဝ သေချာပါသည်။

♦

http://www.cherrythitsar.org



# အခန်း (၄)
# ဝင်ငွေခွန်၏သမိုင်း
# အခွန်စနစ်ကို ချမ်းသာသူများက
# မည်သို့ အနိုင်ယူသနည်း

ကျွန်တော် ကျောင်းသားဘဝက ရော်ဘင်ဟုအကြောင်း ဆရာ ပြောပြခဲ့သည်များကို ပြန်လည် သတိရမိပါသည်။ ရော်ဘင်ဟုသည် ချမ်းသာသူများ၏ စည်းစိမ်ကို လုယက်ပြီး ဆင်းရဲသူများအား ဝေငှသောကြောင့် သူရဲကောင်းကြီးပမာဖြစ်လျက် ဆရာပြောပြသည့် ထိုပုံပြင်ကို ကျွန်တော်တို့ အားကျခဲ့ကြသည်။ သို့ရာတွင် ချမ်းသာသော ဖေဖေက ရော်ဘင်ဟုကို သူရဲကောင်းတစ်ယောက်ဟု မမြင်ပါ။ ရော်ဘင်ဟုကို လူလိမ်လူကောက်ဟုသာ ယူဆသည်။

အမှန်မှာတော့ ရော်ဘင်ဟုသည် ချမ်းသာသူများထံမှ လုယက်ပြီး ဆင်းရဲသူများကို ဝေငှပေးသော

http://www.cherrythitsar.org



ကြောင့် သူ၏ စိတ်ကူးမှာ ဆင်းရဲသူများနှင့် အလယ်အလတ် လူတန်းစားများအတွက် ကြီးစွာသော နာကျင်မှုဝေဒနာ ပေးလိုက်သလို ဖြစ်နေပါသည်။ ရော်ဘင်ဟု၏ စိတ်ကူးကြောင့် လူလတ်တန်းစားများမှာ အခွန်ငွေကို များစွာ ပေးနေကြရသည်။

ချမ်းသာသူများသည် အခွန် မပေးဆောင်ကြရပေ။ ဆင်းရဲသူများကို ပေးဆောင်နေရသူများမှာ အမှန်မှာတော့ လူလတ်တန်းစားများသာ ဖြစ်ပါသည်။ အထူးသဖြင့် ပညာတတ်ပြီး ဝင်ငွေကောင်းသော လူလတ်တန်းစားများ ဖြစ်သည်။

ထိုအကြောင်းကို အပြည့်အစုံ နားလည်နိုင်ရန်အတွက် ကျွန်တော်တို့အနေနှင့် အခွန်ဆောင်ရခြင်း၏ သမိုင်းကို ပြန်ပြီး ငဲ့စောင်းကြည့်ကြရပါမည်။ ကျွန်တော်၏ ဆင်းရဲသော ဖေဖေသည် ပညာရေးသမိုင်းနှင့် ပတ်သက်လာလျှင် အထူးကျွမ်းကျင်နားလည်သူဖြစ်သလို အခွန်အကောက် သမိုင်းနှင့်ပတ်သက်လာလျှင်လည်း ချမ်းသာသောဖေဖေသည် ပြိုင်စံရှားလောက်အောင် ကျွမ်းကျင်သူ ဖြစ်သည်။

အင်္ဂလန်နှင့် အမေရိကတွင် မူလအားဖြင့် အခွန်အကောက်ဆိုသည်မှာ မရှိခဲ့ဟု ချမ်းသာသောဖေဖေက ကျွန်တော်နှင့် မိုက်ခ်အား ရှင်းပြခဲ့ဖူးသည်။ စစ်စရိတ်အတွက် လိုအပ်မှသာ အခွန်ကောက်ခံခြင်းများ ရံဖန်ရံခါ ရှိခဲ့သည်ဟု ဆိုသည်။ ခိုခေတ်ထိုအခါက ရှင်

http://www.cherrythitsar.org



ဘုရင်ဖြစ်စေ၊ သမ္မတဖြစ်စေ နိုင်ငံအတွက်အသုံးလိုအပ် လာပြီဆိုလျှင် 'အခွန်'ဆိုသည့် ဝေါဟာရကို မသုံးဘဲ အလှူငွေကောက်ခံသည်ဟုသာ သုံးစွဲခဲ့ကြကြောင်းလည်း ရှင်းပြခဲ့ပါသည်။ ဗြိတိန်နိုင်ငံတွင် နပိုလီယန်ကို တိုက် ခိုက်ရန်အတွက် ၁၇၉၉မှ ၁၈၁၆ခုနှစ်အတွင်း အခွန် ကောက်ခံမှုများ ပြုလုပ်ခဲ့သည်။ အမေရိကားမှာတော့ ပြည်တွင်းစစ်အတွက် ၁၈၆၁မှ ၁၈၆၅ခုနှစ်အတွင်း အခွန် ကောက်ခံမှုများ ပြုလုပ်ခဲ့သည်။

၁၈၇၄ခုနှစ်မှာတော့ အင်္ဂလန်သည် နိုင်ငံသား များအပေါ်တွင် ပုံမှန်ဝင်ငွေခွန်များ စတင်ကောက်ခံလာ ခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှာတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ၁၆ကြိမ်မြောက် ဖြည့်စွက်ချက်အရ ပုံမှန် ဝင်ငွေခွန်ကောက်ခံမှုများကို ၁၉၁၃ခုနှစ်တွင် စတင်ခဲ့သည်။

အခွန်ကောက်ခံမှု ရက်စွဲ အတိအကျမရှိခဲ့ရ ခြင်းမှာ အစပိုင်းတွင် ချမ်းသာသူများကို အခွန်မကောက် ခံခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအချက်ကို ချမ်းသာသော ဖေဖေက ကျွန်တော်နှင့် မိုက်ခ်ကို ရေရေလည်လည် နား လည်သဘောပေါက်စေချင်ခဲ့ပါသည်။ အခွန်ကောက်ခံ ရခြင်းမှာ ချမ်းသာသူများအား နှိပ်ကွပ်ရန်ဖြစ်သည်ဟု စည်းရုံးပြောဆိုခဲ့ခြင်းကြောင့် ထိုကိစ္စသည် ဆင်းရဲသား အလွှာများနှင့် လူလတ်တန်းစားအလွှာတို့အကြားတွင် အလွန်ပင် ရေပန်းစားခဲ့ကြောင်း ချမ်းသာသည့်ဖေဖေက

http://www.cherrythitsar.org


ကျွန်တော်နှင့် မိုက်ခ်အား ရှင်းပြခဲ့သည်။ ထိုအခါ အခွန်ကောက်ခံခြင်းကို ဥပဒေတစ်ရပ်အဖြစ် အတည်ပြုရန် မဲတွေပေးခဲ့ကြသောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်းရေးဆွဲခဲ့ကြပြီး တရားဝင် ဖြစ်လာခဲ့လေသည်။

အခွန်ကောက်ခံရေးဥပဒေသည် ချမ်းသာသူများကို နှိပ်ကွပ်ရန် ရေးဆွဲခဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ် အထိနာခဲ့ကြသူများမှာ မဲပေးခဲ့ကြသည့် ဆင်းရဲသူ လူတန်းစားများနှင့် လူလတ်တန်းစားတို့ ဖြစ်ကြလေသည်။

"အစိုးရက အခွန်ငွေရဲ့အရသာ ကောင်းကောင်းကြီးသိသွားတော့ ပိုပြီး လိုချင်လာတယ်ကွ။ မင်းအဖေနဲ့ ငါနဲ့ကတော့ ကောင်းကောင်းကြီး ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်။ သူက အစိုးရ ဗျူရိုကရက်၊ ငါက အရင်းရှင်။ ငါတို့နှစ်ယောက်စလုံး ဝင်ငွေတွေတော့ ရှိနေတာပဲ။ ငါတို့အသီးသီးရဲ့ အောင်မြင်မှုကတော့ ဆန့်ကျင်ဘက်တွေချည်းပဲ။ သူသုံးစွဲဖို့ လူငှားရမ်းဖို့ ဝင်ငွေရတယ်။ သူ ပိုပြီး သုံးစွဲလေလေ၊ လူတွေ ပိုပြီး ငှားရမ်းလေလေ သူ့အဖွဲ့အစည်းကြီးဟာ ပိုပြီး ကြီးမားလာလေပဲ။ အစိုးရလုပ်ငန်းမှာက အဖွဲ့အစည်းကြီးရင် လူတွေလေး စားတာ ပိုပြီး ခံရတယ်လေ။

"တစ်ဖက်က ကြည့်မယ်ဆိုရင်တော့ ငါ့ရဲ့အဖွဲ့အစည်းမှာ ငါ လူနည်းနည်းနဲ့ ငှားရမ်းတယ်။ ဒီတော့

http://www.cherrythitsar.org



သုံးစွဲရတဲ့ငွေကလည်း နည်းတယ်။ ဒီတော့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လေးစားမှု ပိုခံရတယ်။ ဒါကြောင့်မို့လည်း မင်းအဖေကို ငါ သဘောမကျတာပေါ့ကွာ။ သူတို့အဖွဲ့အစည်းက ပိုပြီး ကြီးမားလာလေလေ၊ အဖွဲ့အစည်းလည်ပတ်ဖို့ အခွန်ငွေတွေ ပိုပြီး လိုလာလေလေ ဖြစ်နေတာပေါ့” ဟု ချမ်းသာသောဖေဖေက ကျွန်တော်တို့ကို ရှင်းပြပါသည်။

ကျွန်တော်၏ ပညာတတ်ပြီး ဆင်းရဲသောဖေဖေကတော့ သူတို့၏ အဖွဲ့အစည်းသည် လူထုကို ကူညီသင့်သည်ဟုပဲ ရိုးသားစွာ ယုံကြည်သူ ဖြစ်သည်။ ထို့ကြောင့် သူသည် ရံပုံငွေရအောင် အမြဲ ကြိုးပမ်းသည်။ သူ၏ ဘတ်ဂျက်တွင် ငွေတွေ တိုးလာမှသာ သူ့အနေနှင့် လူသစ်တွေကို ထပ်မံငှားရမ်းနိုင်မည်ဖြစ်သည်။ သူ၏ ပညာရေးဌာနနှင့် ငြိမ်းချမ်းရေးဌာနမှာပါ လူအင်အားပိုမို တောင့်တင်းလာမည်ဖြစ်သည်။ ထိုသို့ဖြစ်အောင် လုပ်ရမည်က သူ့တာဝန်ပင် ဖြစ်သည်။

ကျွန်တော့်အသက် ၁၀နှစ်ကျော်ပြီးနောက်ပိုင်းတွင် ဖေဖေ၏ ဌာနမှ ဝန်ထမ်းများသည် သူခိုးများ၊ လူပျင်းများဖြစ်သည်ဟု ချမ်းသာသောဖေဖေက မကြာခဏ ပြောသလို၊ ဆင်းရဲသော ဖေဖေကလည်း ချမ်းသာသူများသည် လူလိမ်လူကောက်များဖြစ်၍ အခွန်ငွေတွေ တိုးပြီးတောင်းသင့်ကြောင်း မကြာခဏ ပြောတာတွေကို ကျွန်တော် ကြားလာရသည်။

http://www.cherrythitsar.org



သူတို့နှစ်ယောက်စလုံး၏ အယူအဆများသည် သူ့အယူအဆနှင့်သူ မှန်ကန်နေကြပါသည်။ ကျွန်တော်သည် မြို့တွင် အချမ်းသာဆုံးသော အရင်းရှင်ကြီးတစ်ယောက်ဖြစ်သည့် ချမ်းသာသောဖေဖေထံ အလုပ်သွားလုပ်ပြီး ချမ်းသာသောသူများကို ဆန့်ကျင်သည့် ကျွန်တော့် ဖေဖေအရင်းရှိရာအိမ်သို့ ပြန်လာရသည့်အတွက် အလွန်ပင် အခက်ကြုံရပါသည်။ ကျွန်တော့်အတွက် မည်သူ့ကို ယုံကြည်ရမှန်း သိရှိရန် မလွယ်လှပါ။

သို့ရာတွင် အခွန်ငွေ ကောက်ခံမှု သမိုင်းကို ပြန်ကြည့်သောအခါ စိတ်ဝင်စားစရာကောင်းသည့် ရှုထောင့်တစ်ခု ထွက်ပေါ်လာပါသည်။ ကျွန်တော်ပြောခဲ့သလိုပင် လူအများစုသည် ရော်ဘင်ဟု၏ စီးပွားရေးသီအိုရီကို လက်ခံထားကြသောကြောင့် ချမ်းသာသူများထံမှ အခွန်ကောက်ခံမှုသာ ဖြစ်နိုင်ပါမည်။ ခက်သည်က အခွန်ကောက်သူများသည်လည်း ငွေ၏ အရသာကို ကောင်းကောင်းသိသွားကြပြီး ပို၍ လိုချင်လာကြသောကြောင့် လူလတ်တန်းစားများမှာ ထိုဒဏ်ကို ခံကြရလေသည်။

တစ်ဖက်မှ ကြည့်လျှင်လည်း ထိုဖြစ်ရပ်ကို ချမ်းသာသူများက အခွင့်အရေးတစ်ခုဟု မြင်သည်။ အခွန်နှင့် ပတ်သက်လာလျှင် သူတို့၏ လုပ်ဆောင်ပုံက တစ်မျိုးတစ်ဘာသာ ဖြစ်သည်။ အမှန်မှာတော့ ချမ်းသာသူများသည် သူတို့၏ အခွန်ကို သူများတွေထက် ပိုမိုလျော့နည်း

http://www.cherrythitsar.org



သွားစေမည့် ကြားချောင်ထွက်ပေါက်၏ လျှို့ဝှက်ချက်ကို တွေ့ရှိသွားခြင်း ဖြစ်သည်။

အခွန်ပေးရသူနှင့် အခွန်မပေးရသူတို့၏ ကြားမှ စစ်ပွဲသည် နှစ်ရာပေါင်းများစွာချီအောင် ကြာမြင့်ခဲ့ရသည်။ 'ချမ်းသာသူများထံမှ ရယူရေး' ဘက်တော်သားများက ချမ်းသာသူများကို ဆန့်ကျင်ကြသည်။ ဥပဒေတစ်ခု ရေးဆွဲမည်ပြင်တိုင်း ထိုစစ်ပွဲက ပေါ်ပေါက်လာစမြဲပင်။ ထိုစစ်ပွဲသည် ထာဝရ တည်ရှိနေဦးမှာပင် ဖြစ်သည်။

ခက်သည်က ရှုံးနိမ့်နေသူများသည် မိမိတို့ ရှုံးနိမ့်နေသည့်အဖြစ်ကို မသိရှိကြခြင်းပင်။ နေ့စဉ်အိပ်ရာမှထကာ အလုပ်သို့ ဒရောသောပါး ပြေးလွှားနေကြသူများက အခွန်ငွေကို ပေးဆောင်နေကြရသည်။ အကယ်၍သာ သူတို့သည် ချမ်းသာသူများ သုံးစွဲသည့် နည်းနာများကို သိရှိမည်ဆိုပါက သူတို့သည်လည်း ချမ်းသာသူများနည်းတူ လုပ်ဆောင်နိုင်ကြမည်ပင် ဖြစ်လေသည်။ ထိုအခါ သူတို့သည်လည်း ငွေကြေးအရ လွတ်လပ်သည့်ဘဝသို့ တက်လှမ်းလာနိုင်မည် ဖြစ်သည်။ ထိုအတွက်ကြောင့်လည်း လုံခြုံမှုပေးသော အလုပ်တစ်ခု ရရှိနိုင်ရန်အတွက် သားသမီးတွေကို ကျောင်းသို့ အတင်းလွှတ်နေသည့် မိဘများကို တွေ့သည်အခါတိုင်း ကျွန်တော် တွန့်ဆုတ်၊ တွန့်ဆုတ် ဖြစ်သွားမိသည်။ လုံခြုံစိတ်ချရသော အလုပ်အကိုင်တစ်ခုရှိပြီး ငွေကြေးနှင့်ပတ်သက်လျှင် နား

http://www.cherrythitsar.org



လည်မှုမရှိပါက ထိုသူအတွက် လွတ်မြောက်စရာလမ်း မရှိနိုင်ပေ။

ပျမ်းမျှအားဖြင့်ဆိုရလျှင် ယနေ့ခေတ်၌ အမေရိကန်နိုင်ငံသားတိုင်းသည် အခွန်ပေးဆောင်ရန်ငွေ မလုံလောက်မချင်း အစိုးရအတွက် ငါးလမှ ခြောက်လကြာ အလုပ်လုပ်ပေးရသည်။ ကျွန်တော့်အမြင်မှာတော့ ထိုမျှသောအချိန်သည် များလှပါသည်။ အလုပ်တွေပိုကြိုးစားပြီး ဝင်ငွေတွေ ပိုရရှိလေ၊ အခွန်ငွေတွေ ပိုပေးရလေလေ ဖြစ်နေသည်။ ထို့ကြောင့်လည်း 'ချမ်းသာသူများထံမှ ရယူခြင်း'ဆိုသည့် စိတ်ကူးကို ကျွန်တော် သဘောကျနေခြင်း ဖြစ်သည်။ ထိုစနစ်ကို ကျင့်သုံးလိုက်မည်ဆိုလျှင် အခွန်ကိစ္စအတွက် မဲတွေ အားပါးတရပေးခဲ့သည့် လူတန်းစားအဖို့ အပြောင်းအလဲ ဖြစ်သွားပေမည်။

လူတွေက ချမ်းသာသူများကို အပြစ်ပေးရန် ကြိုးစားသည့်အခါတိုင်း ချမ်းသာသူများက ငုံ့ခံနေလေ့မရှိပါ။ လက်တုံ့ပြန်ကြပါသည်။ သူတို့မှာ ငွေကြေးရှိသည်။ အင်အားရှိသည်။ ပြောင်းလဲပစ်လို့ရတာတွေ များစွာ ရှိသည်။ သူတို့သည် ဒီအတိုင်းထိုင်ပြီး စိတ်အားထက်သန်စွာဖြင့် အခွန်ငွေတွေ ပိုပေးနေကြမည် မဟုတ်ပါ။ သူတို့၏ အခွန်ငွေ ဝန်ထုပ်ဝန်ပိုးကို လျှော့သည်ထက်လျှော့အောင် နည်းလမ်းတွေ ရှာဖွေကြသည်။ သူတို့သည် အလွန်တော်သော ရှေ့နေများ၊ စာရင်းကိုင်များကို ငှားရမ်းကာ ဥပဒေများကို ပြောင်းလဲရန်၊ တရားဝင် ကယ်

http://www.cherrythitsar.org



ပေါက်များကို ဖန်တီးရန် နိုင်ငံရေးသမားများကို စည်းရုံးသည်။ ထိုကဲ့သို့သော အပြောင်းအလဲများကို လုပ်နိုင် သည့် အရင်းအမြစ်များလည်း သူတို့မှာ ရှိကြသည်။

အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကလည်း အခွန်စည်းကျပ်မှု လျော့ပါးစေမည့် နည်းလမ်းများကို ခွင့်ပြုထားပါသည်။ ထိုနည်းလမ်းများ ကို လူတန်းစားမရွေး အသုံးပြုနိုင်ပါသည်။ သို့ရာတွင် အခွန်နည်းစေမည့် လျှို့ဝှက်ချက်များကို သိရှိနေသည့် ချမ်းသာသူများကသာ ထိုနည်းလမ်းများကို ရှာဖွေတွေ့ရှိကြပါသည်။ အခွန်လျော့နည်းစေနိုင်သည့် တရားဝင် နည်းလမ်းများ ရှိနေပါလျက်နှင့် အသုံးမချခြင်းသည် ကြီးမားသော အခွင့်အရေးကြီးကို လက်လွှတ်ဆုံးရှုံးရခြင်း ဖြစ်သလို ပိုင်ဆိုင်မှုအတွက်လည်း နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

ဆင်းရဲသည့် အလွှာနှင့် လူလတ်တန်းစား အလွှာတို့မှာ ထိုကဲ့သို့သော အရင်းအမြစ်တွေ မရှိကြပေ။ သူတို့သည် ထွက်ပေါက်ရသည့် လမ်းကြောင်းများကို ရှာဖွေခြင်းမရှိဘဲ ပေးစရာရှိသည်များကို အဆင်ပြေသည် ဖြစ်စေ၊ မပြေသည်ဖြစ်စေ ပေးနေကြရသည်။ ယနေ့ ခေတ်လို အခါမျိုးမှာပင် အခွန်ငွေတွေ များစွာ ဆောင်နေရသည့်သူများကို မြင်တွေ့နေရ၍ ကျွန်တော် များစွာ အံ့သြမိပါသည်။ အကြောင်းမှာ ထိုသူများသည် အခွန်ငွေကောက်ခံသူများကို ထိတ်လန့်သောကြောင့် ဒီအတိုင်း

http://www.cherrythitsar.org



ပေးဆောင်နေကြခြင်းဖြစ်သည်။

ကျွန်တော်၏ ဆင်းရဲသော ဖေဖေသည်လည်း အခွန်ကိစ္စနှင့် ပတ်သက်လျှင် ခွန်းကြီးခွန်းငယ် ပြန်လည် တိုက်ခိုက်လေ့မရှိပါ။ ချမ်းသာသော ဖေဖေကလည်း စောဒက တက်လေ့မရှိပါ။ ချမ်းသာသော ဖေဖေက အခွန်နှင့်ပတ်သက်လျှင် ပညာသားပါပါ ကိုင်တွယ် ဖြေရှင်းသည်။ သို့ရာတွင် သူသည် ချမ်းသာသူများ၏ လျှို့ဝှက်ချက်ကြီးများကို မသုံးပါ။ သူ၏ လျှို့ဝှက်ချက်ကို နောက်တစ်ဆင့်တွင် တွေ့ရှိရမည် ဖြစ်သည်။

ချမ်းသာသော ဖေဖေထံမှ ကျွန်တော် ပထမဦးဆုံး ရရှိခဲ့သည့် သင်ခန်းစာကို သင်တို့ မှတ်မိပါလိမ့်မည်။ ကျွန်တော်သည် ထိုအချိန်က ၉နှစ်သားအရွယ်သာ ရှိသေး၍ သူ့ကို ထိုင်စောင့်ကာ 'ငါ့ဆီ လာပါစေ' ဟု ဆုတောင်းနေရသူ ဖြစ်သည်။ သို့ရာတွင် ချမ်းသာသော ဖေဖေက ကျွန်တော့်ကို တမင်တကာ လစ်လျူရှုခဲ့ပါသည်။ သူ့မှာ ရှိသည့် စွမ်းအားနှင့် လိုချင်တပ်မက်မှုမျိုးကို ကျွန်တော် မှတ်မိစေလို၍၊ နောင်တစ်ချိန်မှာ ကျွန်တော် ပိုင်ဆိုင်သွားစေလို၍ သူက ထိုကဲ့သို့ ပြုမူခဲ့ခြင်းဖြစ်သည်။ ကျွန်တော် သူ့ထံမှ နှစ်ပေါင်းများစွာ လေ့လာသင်ယူခဲ့ရသမျှ ကာလပတ်လုံးတွင် သူက ဗဟုသုတဆိုသည်မှာ စွမ်းအားတစ်ရပ်ဖြစ်သည်ဟု ကျွန်တော့်ကို အမြဲသတိပေးခဲ့သည်။ ငွေရလာသောအခါ စွမ်းအားတွေ ပိုတိုးပွားလာပြီး ထိုငွေ မပျောက်ပျက်ဘဲ နှစ်ဆတိုးလာစေ

http://www.cherrythitsar.org



မည့် ဗဟုသုတမျိုးလည်း လိုအပ်ပါသည်။ ထိုကဲ့သို့သော အသိပညာ ဗဟုသုတမျိုး မရှိပါက လောကကြီး၏ တွန်းတိုက်မှုကို ခံနေရမည်ဖြစ်သည်။

ပထမဦးဆုံး သင်ခန်းစာဖြစ်သည့် ငွေကြေးက ကျွန်တော့်အတွက် အလုပ်လုပ်ပေးခြင်းသည် ငွေကြေးအတွက် အလုပ်လုပ်ခြင်းနှင့် လုံးဝ ဆန့်ကျင်နေပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း စွမ်းအားကြောင့်ပင် ဖြစ်သည်။ သင်သည် ငွေကြေးအတွက် အလုပ်လုပ်လျှင် မိမိ၏ စွမ်းအားကို အလုပ်ရှင်ထံ ပေးလိုက်ရခြင်းနှင့်အတူတူပင်ဖြစ်သည်။ ငွေကြေးက သင့်အတွက် အလုပ် လုပ်ပေးပါက သင်သည် ထိုစွမ်းအားကို ဆက်လက်ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ကျွန်တော့်အသက် ၂၀ပတ်ဝန်းကျင်ခန့် ရှိနေသည့်အချိန်အထိ ချမ်းသာသော ဖေဖေ၏ အကြံက အမှန်တကယ် အလုပ်မဖြစ်သေးပေ။ ကျွန်တော် ရေတပ်မှထွက်ပြီး ဖီရော့စ်ကော်ပိုရေးရှင်းတွင် အလုပ်ဝင်လုပ်ခဲ့သည်။ ထိုအခါ ကျွန်တော် ဝင်ငွေတွေ သောက်သောက်လဲရလာသည်။ သို့ရာတွင် ကျွန်တော့် လစာငွေကို ပြန်ကြည့်လိုက်သည့်အခါတိုင်း ကျွန်တော် အလွန်စိတ်ပျက်ရသည်။ ကျွန်တော့် လစာမှာ အဖြတ်အတောက်တွေက အလွန်ပင် များပြားလှသည်။ ကျွန်တော် အလုပ်ကို ပိုပြီး ကြိုးစားလုပ်လေ ပိုပြီး အဖြတ်ခံရလေ ဖြစ်နေသည်။ ကျွန်တော် အလုပ်ခွင်တွင် အလွန်အောင်မြင်လာသော

http://www.cherrythitsar.org


အခါ ကျွန်တော့် အလုပ်ရှင်က ရာထူးတိုးဖို့ လစာတိုးဖို့ ကျွန်တော့်ကို ခေါ်ပြောသည်။ ကျွန်တော် ပျော်သွားသည်။ သို့ရာတွင် "မင်း ဘယ်သူ့အတွက် လုပ်ပေးနေတာလဲ၊ မင်း ဘယ်သူ့ကို ချမ်းသာအောင်လုပ်ပေးနေတာလဲ" ဆိုသည့်စကားကို ချမ်းသာသောဖေဖေက ကပ်ပြောနေသလိုပင် ခံစားလိုက်ရသည်။ ထို့ကြောင့် ၁၉၇၄ခုနှစ်တွင် ကျွန်တော်သည် ချမ်းသာသောဖေဖေ သင်ကြားပေးခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ခဲ့သည်။

ကျွန်တော်သည် ဝန်ထမ်းဆိုသည့် ထောင်ချောက်ကြီးထဲမှ ရုန်းထွက်ချင်သောကြောင့် အလုပ်ကို ပို၍ ကြိုးစားလုပ်ခဲ့သည်။ လျှော့၍ မလုပ်ခဲ့ပါ။ ၁၉၇၈ ခုနှစ်တွင် ကျွန်တော်သည် အရောင်းလောကတွင် နံပတ် ၁မှ ၅အတွင်း ထိပ်တန်းစာရင်း ချိတ်ခဲ့သည်။ နံပတ် ၁ ဖြစ်တာက ပိုများသည်။ ကျွန်တော်သည် ထိုပြိုင်ပွဲထဲမှ အလွန့်အလွန် ရုန်းထွက်ချင်ခဲ့သည်။

ကျွန်တော်သည် လုပ်သက် ၃နှစ် လျော့လျော့အတွင်းတွင် ဇီရော့စ်တွင် လုပ်ခဲ့ခြင်းထက် ချမ်းသာသောဖေဖေ၏ လျှို့ဝှက်ချက်များကို အသုံးချခဲ့သောကြောင့် ငွေများစွာ ရှာဖွေနိုင်ခဲ့ပါသည်။ ကျွန်တော် ရရှိခဲ့သောငွေကြေးများသည် ငွေက ကျွန်တော့်အတွက် လုပ်ပေးသော ငွေများပင် ဖြစ်သည်။ အိမ်တံခါးတွေ လိုက်ခေါက်ပြီး မိတ္တူစက်တွေ ရောင်းချ၍ ရရှိခဲ့သည့် ငွေ မဟုတ်ပေ။ ချမ်းသာသော ဖေဖေ၏ နည်းလမ်းများသည် ပို၍ အနှစ်

http://www.cherrythitsar.org


သာရ ပေါ်လွင်လာသည်ဟု ဆိုရပါမည်။

မကြာခင်မှာပင် ကျွန်တော်၏ အပြုသဘော ဆောင်သည့် ငွေကြေးအင်အားမှာ ခိုင်မာလာသော ကြောင့် ကျွန်တော့်အတွက် ပထမဦးဆုံး ပေါ်ချေးကား တစ်စင်း ဝယ်လိုက်ပါသည်။ ကျွန်တော်နှင့် လုပ်ဖော်ကိုင် ဖက်များက ကျွန်တော်၏ ကော်မရှင်ငွေများကို သုံးဖြုန်း ပစ်လိုက်ခြင်းဖြစ်သည်ဟု ထင်နေကြသည်။ အမှန်မှာ တော့ သူတို့ ထင်သလို မဟုတ်ပါ။ ချမ်းသာသောဖေဖေ ၏ လျှို့ဝှက်ချက်များကို ကျင့်သုံးနေခြင်းသာ ဖြစ်ပါ သည်။

ကျွန်တော့်ငွေကြေးက နောက်ထပ်ငွေကြေး ပမာဏတွေ တိုးပွားလာစေရန်အတွက် အလွန်ပင် အလုပ်တွေ လုပ်နေပါသည်။ ကျွန်တော့်အတွက် ဝင်လာ သော တစ်ကျပ်တစ်ပဲကအစ ကျွန်တော့် ဝန်ထမ်းတွေလို ဖြစ်နေကြသည်။ ဤသို့ဖြင့် ကျွန်တော် ပေါ်ချေးကား ဝယ်နိုင်လောက်သည်အထိ ဖြစ်လာခဲ့ရသည်။ ဇီရော့စ် အတွက်လည်း ကျွန်တော် အားကြိုးမာန်တက် လုပ်ကိုင် ပေးနေပါသည်။ ကျွန်တော့် စီမံကိန်းများ အောင်မြင်နေ သည်မှာလည်း ကျွန်တော် ဝယ်စီးလိုက်သည့် ပေါ်ချေး ကား တစ်စီးလုံး သက်သေရှိနေပါသည်။

ချမ်းသာသောဖေဖေ သင်ကြားပေးသည့် သင် ခန်းစာများကို အသုံးပြုခြင်းအားဖြင့် ငယ်ငယ်ရွယ်ရွယ် နှင့်ပင် ထောင်ချောက်မှ ရုန်းထွက်နိုင်ခဲ့ပါသည်။ ထိုသို့

http://www.cherrythitsar.org



ရုန်းထွက်နိုင်ခြင်းမှာလည်း ငွေကြေးအသိပညာနှင့် ပတ်သက်ပြီး ချမ်းသာသောဖေဖေ၏ သင်ခန်းစာများထဲမှ ကျွန်တော် ခိုင်ခိုင်မာမာ သိရှိထားခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုသင်ခန်းစာများကိုသာ မသိရှိခဲ့ပါက ငွေကြေးလွတ်မြောက်မှုသို့သွားရာလမ်းသည် အလွန်ပင် ခက်ခဲကြမ်းတမ်းခဲ့မည်မှာ သေချာပါသည်။

♦

# အခန်း (၅)
# ချမ်းသာသူက ငွေကြေးကို တီထွင်သည်

ရင်းနှီးမြှုပ်နှံမှုများသည် သွားလိုက်၊ လာလိုက်။ စျေးကွက်သည် မြုပ်လိုက် ပေါ်လိုက်။ စီးပွားရေးသည် တိုးတက်လာ လိုက် ပြိုကွဲသွားလိုက် ရှိနေပါသည်။ သင်၏ တစ်သက် တာလုံး ကမ္ဘာလောကကြီးက နေ့စဉ်နှင့်အမျှသင့်အတွက် အခွင့်အလမ်း ပေါင်းများစွာ ပေးနေသော်လည်း သင် သည် ထိုအခွင့်အလမ်းများကို မမြင်နိုင် ဖြစ်နေခဲ့ရသည်။ ကမ္ဘာကြီး ပြောင်းလဲလာလေလေ၊ နည်းပညာတွေ ပြောင်းလဲလာလေလေ၊ သင်နှင့် သင့်မိသားစုအစဉ်အဆက် ငွေကြေးလုံခြုံစိတ်ချရမှု အခွင့်အလမ်းတွေ ပိုမိုများပြားလာလေလေပင် ဖြစ်သည်။

သင် ဘာကြောင့် မိမိ၏ ငွေကြေးဆိုင်ရာ အသိဉာဏ်တွေ တိုးလာချင်ရတာလဲ။ ထိုသို့ အသိဉာဏ်တွေ

http://www.cherrythitsar.org



တိုးတက်လာချင်ခြင်းမှာ သင်သည် မိမိ၏ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးချင်သည့် သူမျိုး ဖြစ်ချင်လာသော ကြောင့်ပင် ဖြစ်လေသည်။ သင်သည် ဖြစ်သမျှကို ခံယူပြီး ပိုမိုကောင်းမွန်လာအောင် လုပ်မည် ဖြစ်သည်။ ကံကောင်းခြင်းကို ဖန်တီး၍ ရသည်ဆိုတာကို နားလည်သည့်လူ အနည်းငယ်သာ ရှိပါသည်။ ထို့အတူပင် ငွေကြေးကိုလည်း ဖန်တီး၍ ရပါသည်။ သင်သည် ပိုမို၍ ကံကောင်းချင်လာလျှင် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်နေမည့်အစား ငွေကြေးကို ဖန်တီးပါ။ ထို့နောက် သင်၏ ငွေကြေးအသိပညာ မြင့်မားတိုးတက်လာလိမ့်မည်။ ပို၍ အရေးကြီးလာလိမ့်မည်။ အကယ်၍ သင်သည် မင်္ဂလာ အချိန်အခါမျိုးကို ထိုင်စောင့်နေတတ်သော လူစားမျိုး ဆိုလျှင် ကြာမြင့်စွာ စောင့်ဆိုင်းနေရမည် ဖြစ်သည်။ ခရီး မစခင်ကတည်းက ငါးမိုင်အကွာမှ မီးစိမ်းတာစောင့်နေရ သလို ဖြစ်နေလိမ့်မည်။

ကျွန်တော်နှင့်မိုက်ခ် ငယ်စဉ်ကာလကတည်း က ငွေကြေးသည် အစစ်အမှန်မဟုတ်ဟု ချမ်းသာသော ဖေဖေက အမြဲပြောပြတတ်သည်။ ကျွန်တော်တို့နှစ် ယောက်သည် သွားတိုက်ဆေးဗူးခွန်များနှင့် ငွေရှာရန် ကြိုးစားသည့်နေ့မှာပင် ငွေကြေးဖန်တီးခြင်း၏ လျှို့ဝှက် ချက်နှင့် လွန်စွာ နီးစပ်ခဲ့ကြောင်း သူက အခါအခွင့်သင့် တိုင်း ပြောပြတတ်သည်။

"ဆင်းရဲတဲ့သူတွေနဲ့ လူလတ်တန်းစားတွေက

http://www.cherrythitsar.org



ငွေကြေးအတွက် အလုပ် လုပ်တယ်။ ချမ်းသာတဲ့ငွေက ငွေကို လုပ်တယ်။ ငွေကို အစစ်အမှန်လို့ မင်းတို့ပိုပြီး ထင်မြင်လာလေလေ၊ အဲဒီငွေအတွက် မင်းတို့ အလုပ်ကို ပိုပြီး ပင်ပင်ပန်းပန်း လုပ်ရလေပဲ။ ငွေဟာ အစစ်အမှန် မဟုတ်ဘူးဆိုတဲ့စိတ်ကူးမျိုးကို မင်းတို့ ဆုပ်ကိုင်ထားနိုင် မယ်ဆိုရင် မင်းတို့ မြန်မြန်ဆန်ဆန် ချမ်းသာလာလိမ့် မယ်" ဟု ချမ်းသာသော ဖေဖေက ဆိုပါသည်။

"ဒါဆိုရင် ပိုက်ဆံကဘာလဲ။ အစစ်မဟုတ်ဘူး ဆိုရင် ဘာလဲဟင်" ဟု ကျွန်တော်နှင့်မိုက်ခ်က မကြာ ခဏ ပြန်မေးတတ်သည်။

ထိုအခါ ချမ်းသာသောဖေဖေက "ငါတို့လက်ခံ တဲ့အပေါ်မှာပဲ မူတည်တယ်လေကွာ" ဟု ပြန်ဖြေတတ် စမြဲပင်။

ကျွန်တော်တို့မှာ အစွမ်းအထက်ဆုံးသော ပိုင် ဆိုင်မှုဆို၍ ကျွန်တော်တို့၏ စိတ်သာ ရှိလေသည်။ အကယ်၍သာ ကျွန်တော်တို့အနေနှင့် စိတ်ကို ကောင်း မွန်စွာ လေ့ကျင့်မှုများ လုပ်ပေးနိုင်လျှင် ကျွန်တော်တို့ လိုအပ်သည့် ထာဝရ ကြွယ်ဝချမ်းသာမှုများ ပြုလုပ်နိုင် မည် ဖြစ်သည်။ မပြောင်းလဲနိုင်သည့် အကြီးအကျယ် ချမ်းသာမှုများ ဖန်တီးရယူနိုင်မည် ဖြစ်သည်။ သန်းကြွယ် သူဌေးများ ဖြစ်လာနိုင်ရန်အတွက် ဘာမှ မရှိသော ဘဝ မှပင် လုပ်ဆောင်နိုင်ပါသည်။

ကြီးမားသော အခွင့်အလမ်းများကို ကျွန်တော်

http://www.cherrythitsar.org



တို့၏ မျက်စိများဖြင့် မမြင်ကြရပါ။ ကျွန်တော်တို့၏ စိတ်နှင့်သာ မြင်နိုင်ပါသည်။ လူအများစုသည် မိမိတို့၏ ရှေ့မှောက်တွင် ရောက်ရှိနေသော အခွင့်အလမ်းများကို မမြင်နိုင်ကြခြင်းမှာ ထိုအခွင့်အလမ်းများကို ငွေကြေးအရ လေ့လာသင်ယူမှုများ မရှိခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော သူများသည် ငွေကြေးကြွယ်ဝချမ်းသာမှုများကို မရနိုင်ဘဲ ဖြစ်နေကြလေသည်။

အချုပ်ဆိုရလျှင် ကျွန်တော့်ထံ၌ ချမ်းသာသော ဖေဖေနှင့် ဆင်းရဲသော ဖေဖေတို့၏ အမွေများ စုပြုံနေပါသည်။ ကျွန်တော့်ကိုယ်ကို နှစ်ကိုယ်ခွဲထားလို့ ရနိုင်သည်ဟု ဆိုခြင်းဖြစ်သည်။ တစ်ပိုင်းမှာ ငွေကြေးပိုင်ဆိုင်မှုများဖန်တီးရာတွင် အလွန်စိတ်အားထက်သန်လှသည့် အရင်းရှင်တစ်ယောက်ဖြစ်နေပြီး ကျန်တစ်ပိုင်းမှာ ရှိသူများနှင့် မရှိသူများ၏ ကြားကွက်လပ်ကို ဖြည့်ဆည်းပေးရန် တာဝန်ရှိနေသည့် ဆရာတစ်ယောက် ဖြစ်နေသည်။ ကျွန်တော်သည် ယခုစာအုပ်ကို ရေးသားပြုစုခြင်းဖြင့် ထိုကွက်လပ်ကို ဖြည့်ဆည်းနိုင်မည့် အခွင့်အလမ်းတစ်ခု ဖန်တီးနိုင်ခဲ့ပြီဟု ဆိုချင်ပါသည်။

♦ ♦ ♦

http://www.cherrythitsar.org



ဤစာအုပ်သည်
ရေးနေကျစာအုပ်များမှ လမ်းခွဲထွက်ကာ
မိတ်ဆွေအတွက် ကြီးပွားရာလမ်းကြောင်း
နည်းပုံစံအသစ်များကို
ရှာဖွေပေးထားပြီး ငွေတွေလက်ထဲတွင်
မှုးပဲမှအစ များပြားစွာ စုဆောင်းမိပြီးမှ
ချမ်းသာရမည်မျိုးမဟုတ်ပဲ
အခြားသောနည်းလမ်းများဖြင့်
ဘဝ၏နောက်ဆုံးအချိန်များအထိ
ချမ်းသာစွာနေထိုင်နိုင်သောနည်းလမ်းများကို
ဖေါ်ပြထားပါသည်။

သင်သည် ချမ်းသာသူတစ်ဦးဖြစ်လာရန်
ဝင်ငွေများလှသော အလုပ်အကိုင်မျိုးကို
ရှာဖွေလုပ်နေရန်လည်း မလိုပေ။
သင့်အတွက်အမှန်တကယ်လိုအပ်နေသည်မှာ
ငွေကြေးနှင့်ဆိုင်သောပညာရေးဖြစ်၍
ဤစာအုပ်က သင့်အား ထိုပညာရပ်ကို
ပေးစွမ်းနိုင်မည်ဖြစ်သည်။